
www.burmeseclassic.com




လုံးချင်းဝတ္ထုသစ်

# ရင်မြှုတ်နီး

မောင်နဲ့အတူတူဆိုရင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၃၉၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၅

၈၉၅.၈၃

ရှင်မြတ်နိုး
မောင်နဲ့အတူတူဆိုရင်/ရှင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၄။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) မောင်နဲ့အတူတူဆိုရင်


BURMESE CLASSIC .com

# အခန်း ( ၁ )

နှုတ်ခမ်း နီနီရဲရဲလေးကို အရောင်ခြယ်သတာ နေနီ့အကျင့်

နာမည်က နေနီနီ။

နှုတ်ခမ်းအနီရောင်လေးကို သူမ အလွန်အမင်း ကြိုက်နှစ်
…တ်သည်။

အိစက်ဝင်းအိ ဖြူနုဖတ်နေတဲ့ နီ့အလှက သဘာဝက ပေး
…ခဲ့တဲ့ ကုသိုလ်ထူးတစ်ခု ဖြစ်လေမလားဘဲ။

ဟွန်း ...

ဘဝကတော့ မလှပခဲ့။

ဆင်းရဲနုံချာတဲ့ ဘဝ။

ကျွန်မ ဘာဖြစ်လို့လှပနေရတာလဲ။

အလှအပတွေကိုရော ဘာဖြစ်လို့များ နီ ခုံမင်နှစ်သက်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။

နှီ့ဘဝက ဆိုးလွန်းသည်။

ကြည့်လေ ...

မိဘမဲ့ဘဝ။

အမေက ရောဂါဝေဒနာတွေ ခံစားနေရတော့ နှီ့အား အိမ်ဘေးမှာနေတဲ့ အဒေါ်ထံတွင် အပ်ထားခဲ့သည်။

ထိုအဒေါ်ကြီးရဲ့ စောင့်ရှောက်မှုဖြင့် နှီ့ဘဝကို ခက်ခဲပင်ပန်းစွာ ဖြတ်သန်းခဲ့ရ၏။

နှီ အရမ်းလှပဝတ်စားပြင်ဆင်ချင်ပြီး အရမ်းချမ်းသာတဲ့ သူငယ်ချင်းတွေကို အားကျနေတတ်သည်။

နှီ အားအကျဆုံးက သူငယ်ချင်း ကြေရုပ်လေးပဲ။

"ကြေရုပ်လေး ... ချမ်းသာလိုက်တာ၊ မိဘတွေကလည်း စုံစုံလင်လင် ကြေရုပ်လေးကို ချစ်လိုက်ကြတာ လိုလေသေးမရှိ ဖြည့်စွမ်းပေးနေကြတယ် ... အားကျလိုက်တာ ..."

အဒေါ်ကလည်း နှီ့ကို ချစ်ပါတယ်။

ဒါပေမဲ့ ...

အိမ်မတွေမှာ အဝတ်လိုက်လျှော်ရတဲ့အဒေါ်။

ကလေးတွေက နှီ့ကိုမွေးစားပြီးမှ ထပ်မွေးသေးတယ်။

အဒေါ့်ယောကျ်ားကလည်း ဆုံးသွားသည်။





နှီက ထိန်းရ၏။

မလွယ်တဲ့ဘဝ။

အဒေါ်ကတော့ နှီ့အပေါ် ကောင်းရှာပါတယ်။

နိုင်သလောက် ကျွေးမွေးခဲ့သည်။

"နေနှီနှီ ... ညည်းလေးကို ကျုပ်ကျွေးမွေးစောင့်ရှောက်ချင်ပေမယ့် ဘဝကိုတောင် ညည်းလေးက ဒုက္ခတွေ မျှဝေခံစားနေရရှာတယ်အေ"

ဘယ်တတ်နိုင်မလဲ။

နှီကတော့ စိတ်ညစ်ပေမယ့် လွတ်မြောက်ရာလမ်းက မရှိ။

သူမက အလှအပကြိုက်သည်။

နှုတ်ခမ်းနီနီဆို အသည်းစွဲပဲ ဘယ်လိုအကျင့်မှန်းပင်မသိ။

အဒေါ်က အကျင့်လုပ်ပေးထားတာလေ။

"နေနှီနှီက လှတယ်၊ ဖြူဖွေးအိစက်နေတာပဲ ... ညည်းအဖေက အရမ်းချောတယ်၊ သူဌေးသားပါအေ၊ ဆင်းရဲတဲ့မိန်းမကို သူလို့ ပြစ်ထားတာ ... ညည်းလေး အမေလည်း အရမ်းလှတယ်"

နှီက အလှအပကို နှစ်သက်သလို အလှပြင်ပစ္စည်းတွေကိုလည်း အလွန်အမင်း မက်မောလိုချင်တပ်မက်ခဲ့သည်။

တစ်နေ့ ...

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရော့ ... "

"ဘာလဲ"

"နှုတ်ခမ်းနီ"

"ဘာ"

နီ့မောင်လေးထူးက နှုတ်ခမ်းနီဗူးလေး တစ်ဗူးလာပေးသည်။

ကြည့်လိုက်တာနှင့် အကောင်းစားမှန်း သိသာနေ၏။

နီက ဝယ်သာမဝယ်နိုင်တာ တံဆိပ်တွေကိုတော့ သိသည်။

"ထူး"

"ဗျာ"

"ဒါ ဘယ်ကနေ ရလာတာလဲ"

"မမအတွက်လေ"

"ဟုတ်ပါပြီ ... နင် ... နင် ဒါကိုအလစ်သုတ်လာတာလား ထူး"

"အင်း"

"ဘာ"

"ထူးက အလစ်သုတ်မလာလို့ ပိုက်ဆံနဲ့ဝယ်ပေးနိုင်ပါ့မလား"





မောင်လေးက အလစ်သုတ်လာတာတဲ့။

ဘုရားရေ ...

ဘယ်လိုလုပ်ရမလဲ။

သူမ အထိတ်တလန့်နှင့် သူ့ကို ကြည့်မိသည်။

"မမကို အကောင်းစား နှုတ်ခမ်းနီဗူးလေး ပေးချင်တာနဲ့ ခွင့်အရေးရတုန်း အလစ်သုတ်လာခဲ့တာလေ"

"ထူးရယ် ... နင် ... "

နီ့ထက် အသက်ငါးနှစ်ငယ်တဲ့ မောင်လေးထူးထူး။

အဒေါ်သားအကြီးဆုံး သွေးသား မတော်စပ်ပေမယ့် နီပဲ [illegible]ကျောင်းချီ ပိုးစောင့်ရှောက်လာခဲ့ရတာပါ။

သူကိုယ်တိုင်က အမေအရင်းဟုပဲ ထင်နေသည်။

နှုတ်ခမ်းနီတောင့်လေးကို ဖွင့်ကြည့်မိတော့ အနီရောင်လေး စိုအိနေ၏။

အရမ်းလှတာပဲ ...

နီ သဘောကျမိသည်။

"ယူပါ မမရဲ့ ... ထူးတို့မှာ ဒီနည်းပဲရှိတာလေ၊ မမကိုပေးချင်[illegible]တာ ကြာပြီ၊ မနက်က စတိုးဆိုင်ဝင်ကြည့်မိတော့ လစ်တာနဲ့"

"ထူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင်"

"မမ"

"ဘာမှမဖြစ်ပါဘူး ... မမယူထားလိုက်ပါ"

"အဒေါ်သဲသိရင် ... "

အဒေါ်သဲက ဆင်းရဲပေမယ့် အကျင့်ပျက်တာတော့ မကြိုက်ပေ။

"ဆင်းရဲလို့ အကျင့်ပျက်ပြီး သေသွားပါစေ၊ ကိုယ်ကျင့်တရားပျက်ပြားတာကိုတော့ လုံးဝလက်မခံဘူးနော် ... မင်းတို့ဗျေ မဟုတ်တာ ဘာတစ်ခုမှ မလုပ်နဲ့၊ နေနီနီလည်း သတိထား ... ကိုယ့်တန်ဖိုးကို တင်ထားနော်"

"ဟုတ်ကဲ့ပါ"

သွန်သင်ဆုံးမတတ်သည်။

နီကိုယ်တိုင်လည်း မောင်လေးထူးကို အကျင့်ပျက်မှာ စိုးရိမ်နေမိ၏။

ဒါပေမဲ့ ...

သူမ နှစ်သက်လွန်းနေ၏။

ပြန်ပေးဖို့လည်း မဖြစ်နိုင်ပါဘူး။

"မမ"

"ဟင်"





"ယူထားလိုက်ပါ"

"ထူး ... "

"မမ"

"နောက်ထပ် ဒါမျိုးမလုပ်နဲ့နော် မော်လေး ... မိသွားရင်လည်း အရိုက်ခံရမယ် ... ပြီးတော့ ... ကလေးထောင်ကို ရောက်နေလိမ့်မယ်"

ထူးကတော့ ငြိမ်သက်နေသည်။

အစ်မကို လှပစေချင်တဲ့ မောင်လေးကိုတော့ အပြစ်မတင်ရက်ပေ။

"မမက ဒီနှုတ်ခမ်းနီဗူးလေးကိုတော့ နှစ်သက်ပါတယ်ကွယ်၊ မောင်လေးထူး ဒုက္ခရောက်မှာတော့ မမလုံးဝ မလိုလားဘူး"

ထူးက ရယ်ရင်း ခေါင်းလေးကို ညိတ်ပြသည်။

"ထူးနော် ... ဒေါ်လေးသိသွားရင် အားလုံးပြဿနာတွေ ဘက်မှာ ... ဒေါ်လေးသဲကိုလည်း သနားတယ်၊ ဘဝကို ရုန်းကန်နေရတာလေ"

"အင်းပါ"

"ကျေးဇူးပဲဟယ်"

"မမ အရမ်းကြိုက်တယ် မဟုတ်လားဗျာ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မောင်မှလေးထူး ပေးတဲ့ နှုတ်ခမ်းနီလေးကို ဆိုးလိုက်တော့ နီ့ရဲ့ဖြူဝင်းအိစက်နေတဲ့ မျက်နှာလေးက အရမ်းကိုလှပတောက်ပြောင်ဝင်းအိသွားသည်ဟု ထင်မိသည်။

သူမ သုံးနေကျ နှုတ်ခမ်းနီ အပေါ်စားတွေနဲ့တော့ တခြားစီပဲ။

စိတ်ကမလုံ။

နီလည်း မကောင်းတဲ့အကျင့်စရိုက်တွေကို မနှစ်သက်ပါဘူး။

သူမ အလှအပတွေပြင်ပြီး ကြွေရုပ်လေးတို့အိမ် သွားသည်။

"နီနီလာတာပဲ ... အတော်ပဲဟယ် ဒီနေ့ အုန်းနို့ခေါက်ဆွဲချက်စားတယ်"

ကြွေရုပ်လေးဘဝကတော့ ပြည့်စုံလိုက်တာ။

အခန်းထဲမှာ နေချင်စရာ။

အသုံးအဆောင်ပစ္စည်းတွေကလည်း အပြည့်ပဲ။

နီ့အဒေါ်က ကြွေရုပ်လေးတို့အိမ်မှာ အဝတ်လျှော်ရတယ်။

ကြွေရုပ်လေးအမေက ဘာမှမပြောပေမယ့် အဖေကတော့ မကြိုက်တဲ့ပုံ၊ မယုံသင်္ကာနှင့် ကြည့်တတ်သည်။

"သမီးရဲ့ အတန်းတူ ငယ်သူငယ်ချင်းလေ၊ သူ့အဒေါ်က ကျွန်တော်တို့ကို အားကိုးနေရတာလေ"

"လူတွေကို မယုံနဲ့၊ မင်းတို့ အသေအချာလိုက်ကြည့်ထား၊





သမီးကလည်းကွာ ဘယ်လိုလူမျိုးတွေကို သူငယ်ချင်းပေါင်းနေရတာလဲ ... လာရင်ကြည့်ထား"

ကြွေရုပ်လေးရဲ့အဖေနဲ့အမေတို့ ပြောတဲ့စကားတွေကို ကြားလာရတဲ့အခါက မကြိုက်။

"နီ"

"ရှင်"

"ကြွေရုပ်လေးတို့အိမ်ကို သိပ်မလာနဲ့နော်၊ မရှိခိုးနိုး ထင်လိမ့်မယ်၊ ဒေါ်သဲက မာနရှိတယ် ... အထူးသဖြင့် နေခီကို ဒ၊ထင်မသေးစေချင်ဘူး"

နီမလာလည်း ကြွေရုပ်လေးက အတင်းလာခေါ်နေတတ်သည်။

သူ့အဖေ အိမ်မှာမရှိတဲ့အခါတွေလေ။

နီကလည်း ဘာရယ်မဟုတ် ကြွေရုပ်လေး မိဘတွေဝယ်ပေးထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ထိုင်ကြည့်နေရတာ အရသာရှိသည်။

"နီ"

"ဘာလဲ"

"နင့်နှုတ်ခမ်းနီလေးက လှလိုက်တာဟယ် စိုအိနေတာပဲ၊ နင်ဝယ်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အကောင်းစားလား"

သူ့ခမျာ အညံ့စားပစ္စည်းတွေပဲ သုံးနိုင်၍ ကြွေရုပ်လေးက [illegible]သည်။

အခေါ်က တခြားအိမ်သွားပြီး အဝဝ်လျှော်တုန်း သူမက နှုတ်ခမ်းနီကြွားချင်လို့ ရောက်လာတာပါ။

"နင် အရမ်းလှတယ်နီ ... အထူးသဖြင့် နင့်နှုတ်ခမ်းလေးပဲ"

"နင်ကလဲ မြှောက်နေပြန်ပါပြီဟယ် ... ငါ့မှာ ဘာမှဝယ်ကျွေးစရာ ပိုက်ဆံမရှိဘူးနော်"

"တို့တွေ အုန်းနို့ခေါက်ဆွဲ အခန်းထဲ ယူစားကြမယ်"

"ငါ မစားချင်ဘူး"

"ဘာဖြစ်လို့လဲဟ"

"အပူစာတဲ့ဟ ... မျက်နှာပေါ်မှာ အဖုအပိတ်တွေ ပေါက်လိမ့်မယ်"

"ဟုတ်လား"

"အင်း"

"ဒါဆို ဘာစားမလဲ"

"ဟိုလေ ... နင့်မုန့်ပုံးထဲကမုန့် ... "

"ကော်ဖီနဲ့လား"





"အေး ... "

ကြွေရုပ်လေးရဲ့ မုန့်ပုံးထဲက မုန့်တွေကို နီစားချင်နေမိသည်။

နီ့အကျင့်ကိုက မကောင်းတာ။

ကြွေရုပ်လေးစားတဲ့ အကောင်းစား မုန့်တွေကို စားချင်နေ

ကြွေရုပ်လေးသုံးတဲ့ အသုံးအဆောင်တွေကို သုံးချင်သည်။

ဒါပေမဲ့ ...

ခိုးယူသွားဖို့တော့ လုံးဝစိတ်ကူးမရှိပါ။

"မတိုးရေ ... ကော်ဖီ ဖျော်ပေးပါ ... မြန်မြန်နော်"

ကြွေရုပ်လေးကတော့ နီအတွက်ဆို စေတနာအပြည့်နှင့် [illegible]ဆောင်ပေးတတ်သည်။

နီ့ကို အရမ်းလှလို့ ခင်တာတဲ့။

အသက်အရွယ်တူတွေပါ။

သူ့ငယ်တန်းထဲက အတူတူ ကျောင်းတက်လာခဲ့သူတွေ။

ကော်ဖီရောက်လာတော့ ကြွေရုပ်လေးက မုန့်ပုံးကြီးကို [illegible]ပြီး စားချင်သလောက်စားတဲ့။

"ဟဲ့ နီ ... အားမနာနဲ့ စားပါ"

"အေး ... စားမယ်နော်"

"စား"



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း မုန့်တွေကို နှိုက်စားရင်း အရသာရှိလိုက်တာ
ဟု တွေးမိနေသည်။

ကြွေရုပ်လေး ကံကောင်းတယ်။

မုန့်တွေက အမျိုးစုံပဲ။

သူမ စားပစ်လိုက်၏။

ကြွေရုပ်လေးကလည်း အတင်းကျွေးနေသည်။

"နင် မကြာ မကြာလာပါဦး ... ငါ့အဖေ ခရီးထွက်နေတယ်
ဟ"

"နို့အခေါ်က လာတာမကြိုက်ဘူး ကြွေရ ... အခုတော့
အခေါ် ဟိုဘက်ရပ်ကွက်သွားလို့ လာရတာ"

"လာပါဟာ ... နင့်ကိုခင်တယ်၊ နင့်ကို အစားအသောက်
တွေလည်း ကျွေးချင်တယ်၊ အခုလည်း အေးအေးဆေးဆေးနေပြီး
ပြန်နော်"

"ဖြစ်ပါ့မလား ... ငါလေ နင့်ကိုနှုတ်ခမ်းနီ ကြားချင်လို့
တာ"

"နင် ဘယ်ကနေ ပိုက်ဆံရလို့ ဒီလောက်အဖိုးတန်ကြီး
ဝယ်ရတာလဲနီ ..."

နီ ဘယ်လိုဖြေရမှန်းပင် မသိ။

ကြွေရုပ်လေးကလည်း တကယ် စပ်စုတယ်။





"ငါ စုထားတာလေ၊ နင်သိတဲ့အတိုင်းပဲ ငါက နှုတ်ခမ်းနီ
ကြိုက်တယ်လေ ... အခေါ်သဲပေးတဲ့ မုန့်ဖိုးတွေကို မစားဘဲ စုထား
တာပါ၊ မောင်လေးထူးကလည်း စုပေးတယ်"

"ဟုတ်လား"

နီ့ကိုတော့ ကြွေခင်ပေမယ့် ဖေဖေက မကြိုက်ပေ။

အိမ်စေမကြီးရဲ့ သမီးတဲ့။

မပေါင်းသင်းခိုင်း။

ကြွေက ဖွတ်ပေါင်းနေတာပါ။

နီ ဆင်းရဲပေမယ့် ကြွေဆီက ဘာပစ္စည်း တစ်ခုတလေမှ
ခိုးယူခြင်း မရှိခဲ့။

နီ့အခေါ်လည်း ဒီလိုပါပဲ။

တွေ့ရင်တောင် ပြန်ပေးတာပါ။

"နီ"

"ဟင်"

"ကြွေ့မွေးနေ့ ရောက်တော့မယ်၊ နီ့ကို လိုချင်တာတစ်ခုခု
ဝယ်ပေးမယ် ... မွေးနေ့လက်ဆောင်လေ ..."

"နီက ဝယ်ပေးရမှာလေ ... တကယ်ပဲ စိတ်ထဲကရှိပါတယ်၊
နီ့မှာက ပိုက်ဆံမရှိဘူး"

"နီ ဝယ်မပေးပါနဲ့၊ ကြွေပဲဝယ်ပေးမယ်၊ အမှတ်တရပေါ့"

www.burmeseclassic.com



ကြွေက အတင်းဆွဲထား၍ နီ အကြာကြီးနေရသည်။

ပြန်မယ်ပြောတာတောင် ကြွေက ဆွဲထားသေး၏။

ဒေါ်လေးသဲ ပြန်ရောက်ချိန်လည်း နီးနေပြီ။

နီလည်း ညစာထမင်းချက်ရဦးမယ် ပြောပြပြီးပြန်လာခဲ့သည်။

နီတို့အိမ်နားရောက်ခါနီးတွင် ကြွေ့အမေက သူမနောက် လိုက်လာ၏။

နီ ရပ်စောင့်နေရသည်။

"နေနီနီ"

"ရှင်"

"သမီးကြွေရုပ်လေးဆီကို ခဏခဏ မလာနဲ့နော်၊ ကြွေရဲ့ သူငယ်ချင်းဖြစ်လို့ အဆင့်အတန်းမခွဲခြားချင်ပေမယ့် ကြွေ့အဖေက မကြိုက်လို့ပါ ... တောင်းပန်ပါတယ်ကွယ်၊ နောက်မလာနဲ့တော့နော်"

"ရှင်"

"ကြွေ့ဖေဖေက မကြိုက်ဘူး၊ အန်တီလည်း အားနာနာနဲ့ ပြောရတာပါ နေနီနီ ... အန်တီ အခုလိုလာပြောတာ သမီးကြွေ မသိပါစေနဲ့"

ကြွေ့နောက်ကွယ်တွင် လာ၍ပြောသည်။





နီ ရင်ထဲမှာ စူးရှနာကျင်သွားရ၏။

အထင်သေးလွန်းတာပဲ။

နေနီနီ့ကို ဆင်းရဲလို့လား။

ဒေါ်လေးသဲပြောတာလည်း အမှန်ပဲ။

မာန ရှိသင့်သည်။

"ကျွန်မကလည်း နောက်ဘယ်တော့မှ မလာတော့ပါဘူး၊ မာနတွေ ရှိပါတယ်နော်"

နေနီနီ့ဘဝက ဘာဖြစ်လို့များ နုံချာစုတ်ပြတ်နေရတာလဲ။

ကံဆိုးလွန်းသည်။

အိမ်ရောက်တော့ အငယ်တွေက ထမင်းဆာတယ် ပြောနေကြ၍ ကြွေ့ဆီက တောင်းလာတဲ့ မုန့်တွေကို ကျစ်ကျစ်ပါအောင် ထုတ်လာတာ။

ဖြေ၍ ကျွေးတော့ အငမ်းမရ စားလိုက်ကြတာ။

နီပင် ကြည့်ပြီး မျက်ရည်ကျနေရသည်။

မမ ထမင်းအိုးတည်ဦးမယ်ဆိုပြီး ကလေးတွေအနားကနေ ထွက်လာခဲ့၏။

ထမင်းအိုးတည်ရင်း နီမျက်ရည်ကျရသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"နေနီနီ"

"ရှင် ... ဒေါ်လေးသဲ"

"ညည်းကို ကြွေရုပ်လေးတို့အိမ် မသွားပါနဲ့လို့ ပြောထ တယ် မဟုတ်လား၊ ကျုပ်စကားကို ဘာဖြစ်လို့ နားမထောင်ရ လဲ"

"ဟင် ... ဘာဖြစ်လို့လဲ ဒေါ်လေးသဲ"

ဒေါ်လေးသဲရဲ့ မျက်ဝန်းတွေက မခံချင်စိတ်တွေ မာနဒေ နှင့်ပြည့်နှက်နေသည်။

ဆင်းရဲပေမယ့် မဟုတ်မခံတတ်။

ကြွေရုပ်လေးတို့အိမ် အဝတ်သွားမလျှော်ဘူးဟုလည်း ပြေ နေ၏။

တော်တော်လေး ဒေါသဖြစ်နေသည်။





"မရှိခိုးနိုးနဲ့ သမီးသွားရင် သူတို့က စိတ်မချဘူးဖြစ်နေတယ်၊ င့်ကြည့်နေရတယ်တဲ့ ... ကြွေရုပ်လေးဆီကိုလည်း အောက် း်ကျတဲ့စိတ်ဓာတ်တွေ ကူးစက်သွားမှာ ကြောက်နေကြတယ်"

"ဘာပြောတယ် ဒေါ်လေး ... "

"အရွယ်နဲ့မမျှအောင် လှချင်တယ်တဲ့ ... နှုတ်ခမ်းနီနီရဲရဲကြီး ဆိုးထားတာ မကြိုက်ကြဘူး"

ကြီးကျယ်လိုက်ကြတာ။

နီ့ကိုလည်း နောက်မလာဖို့ပြောသည်။

ကြွေရုပ်လေး မဝတ်ချင်တဲ့ အဝတ်အစားတွေကို နီဝတ်ရ၏။ နီ အများဆုံးပဲ။

ဒေါ်လေးသဲကို ပေးလိုက်တာပါ။

ဒေါ်လေး သားသမီးတွေလည်း သူများအကျႌတွေ ဝတ်ကြရ ။

အကောင်းစားပါလျှင် အားလုံး ဝမ်းသာပျော်ရွှင်ကြရသည်။

"အလှအပကြိုက်တာ နီ့ကို ဒေါ်လေးသဲပဲ သင်ပေးတာလေ၊ နှုတ်ခမ်းလေးလှတယ်ဆိုပြီး နှုတ်ခမ်းနီဆိုးပေးတာလေ"

"ဟုတ်ပါတယ် ... နီက ချောတာပဲ၊ ဘာဖြစ်လဲ ... ဒါပေမဲ့ င် အထင်သေးကြတယ်၊ ကိုယ်က တန်ဖိုးရှိအောင်နေတတ်မှ "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးကတော့ အလုပ်လုပ်ပါ … ကြွေရုပ်လေးက သဘောကောင်းတယ်လေ"

"အင်း … ဒေါ်လေးက မာနရှိတယ် … ဒင်းတို့က ဘယ်လောက်များ ချမ်းသာနေလို့လဲ၊ ဆင်းရဲသားရပ်ကွက်ထဲမှာနေရတာပဲ"

"နီ မသွားတော့ပါဘူး … ဒေါ်လေးကတော့ လုပ်မြဲလုပ်ပါ၊ သူတို့က ငွေကြေးပေးတာလည်း ရက်ရောတယ်လေ"

"အင်း … အဲဒါကြောင့်ပေါ့အေ"

"ဒေါ်လေး"

"ဟင်"

"နီ အလုပ်တစ်ခုခုလုပ်ချင်တယ်"

"ဘာလုပ်မှာလဲအေ … ပညာပဲ ဆက်ပါဦး၊ ညည်းကိုတော့ ကျုပ်တကယ်ပဲ မပင်မပန်းနဲ့ နေထိုင်စေချင်တယ်၊ ညည်းကချော တယ်လေ၊ လင်ကောင်းသားကောင်း ရစေချင်တယ် နေနီနီရယ်၊ ငွါသားသမီးတွေထက် ချစ်တယ်အေ … "

"ဒေါ်လေးရယ်"

ဒေါ်လေးသဲကလည်း မွေးစားသမီးဆိုပေမယ့် နီ့ကိုမခိုင်းရက်၊ မစေရက်။

ပညာပဲ သင်စေသည်။





လင်ကောင်းသားကောင်း ရှာယူဖို့ အမြဲတမ်း ဆုံးမ သွန်သင်ဘတ်၏။

သူငယ်ချင်းက အပ်သွားသဖြင့် ဒေါ်လေးပိုပြီး တာဝန်ကျေကျေ စောင့်ရှောက်ပေးချင်သည်တဲ့။

"ဒေါ်လေးသဲလည်း အရမ်းပင်ပန်းနေပါပြီ၊ နီ အလုပ်လုပ်ချင်တယ် … မောင်လေး ညီမလေးတွေကိုလည်း ငွေရှာပြီး ပြုစုစောင့်ရှောက်ပေးချင်တယ်"

"နေနီနီရယ် … ညည်း ဒီလောက်သိတတ်နေရင် ဒေါ်လေးသဲ ကျေနပ်ပါပြီ၊ ကျွေးမွေးစောင့်ရှောက်ရကျိုး နပ်တယ်လေ၊ ဒေါ်လေးသဲက နေနီနီ့အနာဂတ်အတွက်ပဲ စိတ်ပူနေမိတာပါ"

"နေနီနီကတော့လေ ဘယ်တော့မှ စိတ်မလျှော့ဘူး၊ ဘဝ ချမ်းသာခြင်းတွေကို အမိအရ ဆုပ်ကိုင်ထားချင်ပါတယ်"

"စိတ်ကို ငြိမ်အောင်ထားပါ နီ … လောဘသိပ်မကြီးနဲ့၊ စ်နေ့နေ့တော့ ဖြစ်လာမှာပါ"

ဒေါ်လေးသဲက နေနီနီ့အား စိတ်ပူပင်တဲ့မျက်ဝန်းတွေနှင့် ကြည့်သည်။

"အဒေါ် အဝတ်သွားလျှော်တော့မယ် နေနီနီ … ညီမလေး ာင်လေးတွေကို မနက်စာကျွေးထား"

"ဟုတ်ကဲ့ … "



www.burmeseclassic.com

www.burmeseclassic.com



သူမ ... ကျန်ရစ်ခဲ့သည်။

ရင်ထဲမှာ ဒေါသတွေနှင့် မကျေမနပ်ဖြစ်နေရသည်။

အဖြစ်သည်းနေကြတာပဲ။

နေနီနီ လာလို့ ဘာတစ်ခုပျောက်ရှတာရှိလို့လဲ။

တော်တော်လေးကို မကျေမနပ်ဖြစ်မိ၏။

ဒီလောက်အထိတော့ အထင်သေးဖို့ မသင့်ပါဘူး။

တစ်နေ့ကျရင်တော့ ကြွေရုပ်လေးထက် သာစေရမယ်။

နေနီနီ စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

"မမ"

"ဟင် ... ထူး"

"ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ"

"ကြွေရုပ်လေးရဲ့ မိဘတွေကလေ သူတို့အိမ်ကို မမလာတာ မကြိုက်ဘူးတဲ့ထူး ... "

"ကြီးကျယ်လိုက်တာ မမကိုများ"

"တော်ပါပြီ ... နောက်မသွားတော့ဘူး"

"မသွားနဲ့ ... မမ အားမငယ်ပါနဲ့နော်၊ ထူးတစ်ယောက်လုံး ရှိပါတယ် ... အားကိုးစမ်းပါ"

"ထူးရယ် ... မင်းမဟုတ်တာတွေတော့ မလုပ်နဲ့နော်၊ မမ အတွက် ရိုးရိုးသားသားပဲ ငွေရှာပါ"





မောင်လေးကိုလည်း ဒုက္ခရောက်မှာ နီ မလိုလားပေ။

ထူးက ရုပ်ချောပြီး ဉာဏ်လည်းကောင်းတယ်။

လမ်းမှားပေါ်ရောက်သွားမှာ နီ စိုးရိမ်မိသည်။

"မမကို ချမ်းချမ်းသာသာနေရအောင် ထူး ကြိုးစားမယ်၊ ထူး အစ်မက အရမ်းချောမောလှပတာလေ ... ဘယ်တော့မှ မနိမ့်ကျ ဘူး"

ထူး ဒေါသဖြစ်မိသည်။

မမကို အထင်သေးတာ နှိမ်ချဆက်ဆံတာမျိုးတွေ ထူး မကြိုက်။

ထူးတို့မိသားစုက ဆင်းရဲတယ်။

အမေ လုပ်စာပဲ ရှိတာပါ။

ထူးတို့ကိုလည်း မေမေက မခိုင်းဘူး ပညာပဲ သင်စေသည်။

"မင်းတို့ ပညာရေးပဲ ကြိုးစားကြ၊ ဒါမှ မပင်မပန်းဘဲ အလုပ် လုပ်ရမှာ"

မမကိုတော့ ထူး အရမ်းပဲ ပြည့်ပြည့်စုံစုံ နေထိုင်စေချင် သည်။

အရမ်းလှပတဲ့ မမပါ။

"ကဲပါ ... ထမင်းစားကြမယ် ... ချစ်ချစ်တို့ သစ်သစ်တို့ လာကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

နီက ထမင်းပွဲပြင်ပြီး မောင်နှမတွေကို ခေါ်လိုက်သည်။

မောင်နှမတွေ ဝိုင်းထိုင်ကြ၏။

*ဟင်းတွေက အထူးအထွေမရှိ။*

ငပိရည်နှင့် တို့စရာ။

တစ်ခါတလေ ဒေါ်လေး အဝတ်လျှော်တဲ့အိမ်တွေက ဟင်းကျန်တွေ ပေးလိုက်မှ စားကြရသည်။

"စားကြ ... ဒေါ်လေး ပြန်လာရင် ဟင်းပါရင် ထပ်စားကြမယ်၊ ဂျီးမများကြနဲ့ ... ဒေါ်လေး ဝင်ငွေနဲ့တိုင်းတာစားရတာ မမအလုပ်လုပ်ပြီး ဝင်ငွေရမှ ဟင်းကောင်းတွေ ချက်စားကြမယ်"

"ထူးလည်း အလုပ်လုပ်မယ် ... ငွေရှာမယ်"

"တော်ပါတော့ ထူးရယ် ... မောင်လေးအသက်အရွယ်နဲ့ စာပဲ သင်စမ်းပါ"

ထူးကိုတော့ လန့်တယ်။

အစ်မအပေါ် သံယောဇဉ်ကြီးပြီး နှုတ်ခမ်းနီဗူး အလစ်သုတ်လာတာပဲကြည့်လေ။

ကြောက်ပါတယ် ကိုရွှေထူးရယ် ... ဝင်ငွေမရှာပါနဲ့။

နီက ကြည့်လိုက်တော့ ထူး ငြိမ်သက်သွားသည်။

"မောင်လေးနဲ့ညီမလေးတွေ နောင်ရေးကို မမတာဝန်ယူမယ်၊ ဘာမှမပူကြနဲ့နော်"

"ဟုတ်"

"ဟုတ်ကဲ့"

ဒီဘဝကနေ လွတ်မြောက်စေရန် နီ ဘယ်လိုလုပ်ရမလဲ။

အလုပ်ကြမ်းတွေလည်း ဒေါ်လေးက လုပ်ခိုင်းမှာမဟုတ်။

နီ့ကို ပင်ပန်းမှာ စိတ်ပူတတ်သည်။

"မောင်လေး ထူးရော၊ ညီမလေးတွေရော လိမ်မာကြပါ၊ ဒေါ်လေးကို သနားလို့ပါကွယ်"

အရင်က နီလည်း အလှအပပဲ မက်မောပြီး ပေါ့ပေါ့ပါးပါးလေး နေထိုင်ခဲ့သည်။

ဘာမှဂရုမစိုက်ခဲ့။

အခုတော့ ...

ကြွေရုပ်လေးရဲ့ မိဘတွေဆက်ဆံလိုက်ပုံကြောင့် သူမဘယ်လိုနေထိုင်လုပ်ကိုင်သင့်လည်းဆိုတာ စဉ်းစားမိလာ၏။

မခံချင်စိတ်တွေနှင့် အရမ်းပဲ စီးပွားရှာချင်သည်။

"မမ"

"ဟင်"

"သားလေ ... "

"အင်း"







www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ဘူးလား"

"ရေနွေးစဉ် စားနေကျပဲဟာ ... ဂိုးမများကြနဲ့တော့"

"မမက အကောင်းပဲ ကြိုက်တာလေ၊ ချစ်ချစ်လည်း အလုပ်သွားလုပ်တော့မလို့ ..."

"ဟင် ... ချစ်ချစ်က ဘယ်မှာအလုပ်သွားလုပ်မှာလဲ ... ညီမလေး ငယ်ပါသေးတယ်"

"တောင်ဥက္ကလာပက အိမ်တစ်အိမ်မှာပါ"

"ချစ်ချစ်ရယ် ... မလုပ်ပါနဲ့၊ ညည်းလေးက ဘယ်အရွယ်ရှိသေးလို့လဲ ... အဒေါ်က လွှတ်လား"

"မွေးစားမယ်တဲ့ ... မနှိပ်စက်ဘူး၊ ပညာလည်း သင်ပေးမယ် အမေ့ကိုလည်း လခပေးမယ်တဲ့၊ စာချုပ်စာတန်းနဲ့ပါ မမရယ်၊ စိတ်မပူပါနဲ့နော်"

"ချစ်ချစ်ရယ် ..."

မောင်နှမတွေအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်မကောင်း ဖြစ်နေကြသည်။

"အိမ်မှာလည်း ချစ်ချစ်လုပ်နေရတာပဲ မမရယ် ... ဘာထူးမှာလဲ၊ အမေ့ကို တစ်နှစ်စာတောင် ကြိုပေးမှာလေ၊ ကျောင်းလည်း တက်ရမယ်၊ အမေ့ကိုပေးထားခဲ့မယ်"

"ချစ်ချစ် ... မမရင်နာလိုက်တာ၊ အကြီးက အသုံးမကျတာ





တဲ့"

ချစ်ချစ်က ငယ်ငယ်လေးထဲက လိမ္မာသည်။

အလှအပလည်း မမက်။

မိသားစုအား ဘယ်လိုထောက်ပံ့ပေးရမလဲ စဉ်းစားနေတတ်၏။

အိမ်မှုကိစ္စတွေလည်း နိုင်နိုင်နင်းနင်း လုပ်တတ်နေသည်။ ဒေါ်လေးက နှိုက်ကို မခိုင်းပေ။

"ကိုထူး"

"ဘာလဲ"

"ဒီငွေနဲ့ အရောင်းအဝယ် လုပ်မလား"

"ဘာလုပ်ရမှာလဲ"

"ငွေက တစ်သိန်းကျော်လောက်ရမှာလေ၊ ထိုင်စားရင် ကုန်မှာပဲ"

"ချစ်ချစ်"

"ရှင် ... မမ"

"ညီမလေးကို စာချုပ်ချုပ်ထားပြီး အိမ်ရှင်က နှိပ်စက်နေလိမ့်မယ် ... စဉ်းစားပါဦးကွယ်"

"ရပါတယ် ... ချစ်ချစ် နေတတ်ထိုင်တတ်ပါတယ်၊ အရေးကြီးတာက ဒီငွေနဲ့ တိုးပွားအောင်လုပ်ဖို့ပဲ ထိုင်စားလို့တော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

မောင်နှမတွေ ဘာဆက်လုပ်ရမလဲဆိုတာ တိုင်ပင်နေကြသည်။

ချစ်ချစ်က လက်တွေ့သမားပါ။

မိသားစုကိုလည်း စောင့်ရှောက်ချင်၏။

အဒေါ်မိသားစုဝင်ဟွေက ရိုးသားကြိုးစားကြသူတွေ ဖြစ်သည်။

နိဘစ်ယောက်သာ အလုအပမက်မောပြီး ရှုံးထုတ်နေတတ်တာပါ။

ပြီးတော့ ...

ထူး ပေါက်ကရတွေ လုပ်ချင်သည်။

အစ်မ အတွက်ပဲ။

"ထူးနော် ... ငွေကို ရိုးရိုးသားသား ရှာပါ၊ မဟုတ်တာတွေ တော့ မလုပ်နဲ့"

"ဟ ... ငါက ဒုက္ခအခက်အခဲတွေနဲ့ ငွေရှာချင်ပါ့မလားဟ ဒါပေမဲ့ ... "

"ထူးနော်"

ချစ်ချစ်က စိုးရိမ်ပူပင်တဲ့ မျက်ဝန်းတွေနှင့် ကြည့်သည်။

"မမ"





"ပြောလေ ... "

"ချစ်ချစ် လုပ်အားခနဲ့ရတဲ့ ငွေကို မမလက်ထဲအပ်မယ်နော်၊ အမေလည်း အနားရစေချင်တယ်၊ သစ်သစ်လည်း ပညာဆက်သင်နိုင်အောင် လုပ်ချင်တယ်လေ"

သစ်သစ်ကတော့ လူနေချုံကြား စိတ်နေဘုံဖျား ဖြစ်နေသည်။

ဆရာဝန် ဖြစ်ချင်တာတဲ့။

နေ့ညမပြတ် စာတွေပဲ ကျက်နေတတ်၏။

ကြိုးစားသည်။

"ဒေါ်လေးသဲ ... ဘာလုပ်မလဲဆိုတာ မေးရဦးမယ်လေ၊ အကြွေးတွေ တင်နေသေးတယ်ဆိုလားပဲ ... "

"ဟုတ်တယ်နော် ... အမေက အကြွေးပဲဆပ်လိုက်မလား ပဲ၊ ဘာပဲဖြစ်ဖြစ် ချစ်ချစ်ကတော့ မိသားစုအတွက် တာဝန်ကျေပေးချင်ပါတယ်"

ချစ်ချစ်လို စိတ်ထားမျိုး နိမှာလည်း ရှိသင့်နေသည်။

အကြီးပဲ ...

အငယ်တွေလောက်ပင် မစဉ်းစားဘဲ အလုအပနှင့် ကောင်းအောင်းဝတ် ကောင်းကောင်းစားချင်နေသည်။

"ချစ်ချစ် ... နင်သိပ်ပြီး ကြီးကျယ်မနေနဲ့၊ နင့်ပိုက်ဆံက



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာလဲ၊ ငါတစ်ယောက်လုံး ရှိပါသေးတယ်ဟ”

ထူးကလဲ မိသားစုအပေါ်တော့ တာဝန်ယူချင်စိတ်ရှိ

တယ်။

နီပဲလေ ...

အသေးအမွှား အလုပ်တွေကို မလုပ်ချင်။

“ငါက ကြီးကျယ်ခမ်းနားတဲ့ အလုပ်တွေကို လုပ်မှာ

မျှော်လင့်ချက်တော့ ကြီးမားရမယ်၊ အသေးအဖွဲတွေ စိတ်မဝင်စား

ဘူး”

ထူး စိတ်ထဲမှာ ခံပြင်းဒေါသတွေ ဖြစ်သွားရသည်။

မမနီကို အထင်သေးတာမျိုး မကြိုက်။

ပြဿနာ ရှာပစ်ချင်၏။

ချစ်ချစ်က မျက်စောင်းထိုးပစ်သည်။

“ထူးနော် ... မဟုတ်မဟတ်တွေ မကြံစည်နဲ့၊ ဒုက္ခရော

လိမ့်မယ်၊ နင် ထောင်ထဲရောက်မှာ မကြောက်ဘူးလား”

ချစ်ချစ်နှင့်ထူးက အသက်ချင်း သိပ်မကွာပေ။

“တို့မောင်နှမတွေ စည်းစည်းလုံးလုံးနဲ့ ငွေရှာကြရင် အ

ပြေလာနိုင်တယ်နော် ထူး ... ”

“အင်းပါ”

ချစ်ချစ်က လူကြီးတစ်ယောက်လို ပြောနေသည်။





“ကဲ ... စားကြမယ် ... မမဗိုက်ဆာနေပြီ၊ စကားမများကြ

နဲ့တော့နော် ... ”

“ဟုတ်”

မောင်နှမတွေကတော့ နို့စကားကို အားလုံးနားထောင်

ထတ်ကြသည်။

စကားတွေပြောမနေတော့ဘဲ ငပိရည်ခွက်ကို အလုအယက်

နှိုက်၍ ထမင်းစားကြတော့၏။

နီ မျက်ရည်တောင် ကျချင်လာသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ချစ်ချစ်"

"ရှင် ... အမေ"

"သမီး လိုက်သွားချင်မှ လိုက်သွားနော်၊ အမေကတော့ အတင်းမတိုက်တွန်းဘူး ... သမီးပိုက်ဆံလည်း အမေ မစားချင်ပါဘူး"

ချစ်ချစ်ကတော့ ဆုံးဖြတ်ပြီးပါပြီ။

လိုက်သွားမယ် ... ငွေရှာမယ်။

မိသားစု စားဝတ်နေရေး အဆင်ပြေရေးအတွက် ဖန်တီးပေးရမည် ဖြစ်သည်။

"သမီး လိုက်သွားမယ် ... ပွဲစားကလည်း အမေ့အသိပဲဟာ"

"အမေ စိတ်မကောင်းဘူး၊ သားသမီးတွေကို အမေမှ ကောင်းကောင်းမွန်မွန် မကျွေးမွေးနိုင်ခဲ့တာပဲ"





"သမီးအတွက် စိတ်မကောင်း မဖြစ်ပါနဲ့ အမေရယ် ... လုပ်သင့်လို့လုပ်တာပဲ၊ ချစ်ချစ် သတ္တိ ရှိပါတယ်"

ချစ်ချစ်ကတော့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားမိ၍ ခံစားချက်မရှိ။ ပျော်ရွှင်စွာ လိုက်သွားတော့မည် ဖြစ်သည်။

"မမ"

"ဟင်"

"ချစ်ချစ် လိုက်သွားတော့မယ်၊ မပူပါနဲ့ ... ချစ်ချစ် ဘဝအတွက်ပဲလေ၊ သူတို့က ကျောင်းဆက်ထားပေးမှာပါ။ ချစ်ချစ်က နေတတ်ပါတယ်"

"ချစ်ချစ်ရယ် ... "

တကယ်ဆို နီက အကြီးဆုံးပဲ။

နီ့မှာလည်း တာဝန်ရှိတယ်ဆိုတာ အတွေးကဝင်လာ၍ ရှက်မိသည်။

အငယ်တွေက သတ္တိရှိပြီး တာဝန်ယူနိုင်ကြ၏။

စိတ်မကောင်း ဖြစ်ရသည်။

"ချစ်က ဟိုမှာ စားကောင်းသောက်ကောင်းတွေ စားရမှာပါ။ ဆုနဲ့နော် ... "

"ချစ်ချစ်"

"ဘာလဲ ကိုထူး"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို နှိပ်စက်ရင် ပြန်လာခဲ့နော် ... အစ်ကိုလည်း ကြိုးစားပြီး စီးပွားရှာမယ်"

"ထူး"

"ဟင်"

"ဒီငွေနဲ့ပဲ စီးပွားရှာနော်၊ မဟုတ်တာတွေ မလုပ်ပါနဲ့"

"နင်ကလဲဟာ"

ထူးက အမေ့ရှေ့မှာဖြစ်နေ၍ ဘာမှဆက်မပြောတော့ ပခုံးကို တွန့်ပြစ်သည်။

"မမကလည်း ဒီငွေလေးနဲ့ စီမံခန့်ခွဲပေးပါ၊ ချစ်လိုက်သွားတော့မယ်နော်"

ချစ်ချစ် လိုက်သွား၍ အားလုံးမျက်ရည်ကျကြသည်။

အဒေါ်က ပို၍ပင် ခံစားနေရ၏။

သားသမီးတွေကို ခိုင်းချင်တာမဟုတ်။

ချစ်ချစ်ကို မွေးစားမယ်ဆို၍သာ ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

"နီ"

"ရှင်"

"နီက အဒေါ်ရဲ့ သမီးကြီးပဲ ... ဘယ်လိုစီမံကြမလဲကွယ်"

"နီလည်း အသုံးမကျပါဘူး အဒေါ်ရယ် ... ဘာလုပ်ရမှန်းလည်း မသိဘူး"





ချစ်ချစ်လောက်တောင် နီ တာဝန်မကျေနိုင်။

ရှက်မိသည်။

"နီ သုံးချင်တာရှိလား သုံးနော် ... အကျႌ အဝတ်အစား အသစ်တွေ ဝတ်ချင်လား ဝတ်ပါ ... "

"ဟင့်အင်း ... "

"နီ့ကိုလည်း အဒေါ်ဘာမှဝယ်မပေးနိုင်ခဲ့ဘူး၊ သူများအကျႌတွေပဲဝတ်ရတယ်၊ အသစ်ဝယ်လေ ... "

နီက အလှအပကြိုက်ပြီး အဝတ်အစား အဝတ်တွေဝယ်ချင်မယ့် ချစ်ချစ်က အရင်းအနှီး လုပ်စေချင်တာပါ။

"မမ အဝတ်အစားတော့ဝယ်ပါ ... ညီမလေးကလည်း သဘောကျမှာပဲ"

"မမနီ မသုံးချင်ပါဘူးကွယ်၊ အရင်းအနှီး လုပ်ဖို့ပဲ စဉ်းစားကြစမ်းပါ"

"ကြွေရုပ်လေးရဲ့အမေက မမကို အထင်သေးနေတာပဲ၊ ဘယ်ဝတ်ပြစ်စမ်းပါ"

"တော်ပါပြီကွယ် ... မမ ဘယ်လိုလုပ်ပြီး သုံးရက်မှာလဲ"

ထူးကတော့ မမနေနီနီ အလှအပတွေမက်မောတာသိနေသည်။

စိတ်ကူးတွေ တစ်မျိုးဖြစ်သွားမှာ ထူး စိတ်ပူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မမ ကိုယ်ကျင့်တရား ပျက်ပြားသွားမလား။

ထူးကတော့ ငွေရှာချင်တယ်။

ယောက်ျားလေးပဲ ...

တရားတာတွေ မတရားတာတွေ မစဉ်းစားနိုင်တော့ဘူး။

"မမနဲ့ညီမလေး ဘာမှမပူပါနဲ့၊ ကျွန်တော်က ယောက်ျားလေးပဲ ငွေရှာမယ်"

"ထူး"

"ဗျာ"

"မောင်လေးက ဘာလုပ်မှာလဲဟယ်"

"တစ်ခုခုလေ ..."

"ထူးနော် ... မဟုတ်တာတွေတော့ မလုပ်ပါနဲ့"

"အင်းပါဗျ"

ထူး အပြင်ထွက်သွားသည်။

နေနီနီ စိတ်ညစ်နေမိ၏။

ကြွေရုပ်လေး မိဘတွေ အထင်သေးပြီး နှိမ်ချပြောဆိုတဲ့ စကားတွေကိုလည်း နီ ခံပြင်းနာကြည်းနေရသည်။

မောင်နှမတွေကိုလည်း တာဝန်ယူချင်တယ်။

ထူးပြောသလိုပဲ တရားတာတွေ မတရားတာတွေ မစဉ်းစားချင်တော့ ငွေရှာချင်လာသည်။





"နီ ... အဒေါ် အဝတ်သွားလျှော်တော့မယ်နော်"

"နားလိုက်ပါလား အဒေါ်ရယ် ... ငွေရှိသားပဲ"

"သားသမီး ပိုက်ဆံ မသုံးချင်ပါဘူး၊ သစ်သစ် ပညာရေးက ရှိသေးတယ် ... နီ သုံးလေ ..."

"နီလည်း မသုံးချင်ပါဘူး"

"မမနီကို မတူမတန်ဘူး ပြောထားတဲ့လူတွေကို ထူးမခံချင်ဘူး မိသားစုဝိုင်းပြီး ကြိုးစားကြမယ်လေ"

"အင်း"

အဒေါ်နှင့်မောင်လေးထူးရော ညီမလေး ချစ်ချစ်ရော အားလုံးတာဝန်ကျေကြတယ်။

သစ်သစ်က စာအရမ်းကြိုးစားတာပဲ။

"နီ သုံးချင်ရာသုံးလေ ... မသုံးချင်ရင်လည်း ထားလိုက်၊ [illegible]ရဲ့ တစ်နှစ်တာ လုပ်အားခဆိုတော့ မသုံးချင်ပါဘူး"

သမီးကြီး ဘယ်အရွယ်ရှိသေးလို့လဲ။

တစ်နှစ်စာအတွက် စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ရ[illegible] ငွေပြစ်လို့မရ။

မသုံးချင်။

အဝတ်လျှော်ဖို့ပဲ အပြင်သို့ ထွက်လာခဲ့သည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ထူးလည်း အပြင်သွားတော့မယ်"

"အင်း ..."

"သစ်သစ်လည်း ကျောင်းသွားတော့မယ်နော် မမ"

"အေး"

မောင်နှမတွေ ဖြစ်သလိုကြီးပြင်းလာခဲ့ကြရသည်။

နေနီနီ အမေ့ကို သတိရမိ၏။

ရောဂါတွေပြင်းထန်းလာတဲ့အချိန်တွင် အဒေါ်ထံတွင် အပ် ထားခဲ့သည်။

"သမီး လိမ်လိမ်မာမာနေနော်၊ မသဲစကားကို နားထောင် ပါ၊ သမီးဘဝကို သတ္တိရှိရှိ တည်ဆောက်ပါ၊ ကိုယ်ကျင့်တရားတော့ ဘယ်တော့မှ မပျက်ပြားစေနဲ့ ..."

အမေ ဆုံးတုန်းက နီက ငါးနှစ်အရွယ်။

အမေ့စကားတွေကို သိပ်ပြီး မမှတ်မိပေမယ့် အဒေါ်သဲက ပြောပြတတ်သည်။

အဒေါ်ကလည်း စောင့်ရှောက်ပေးပါတယ်။

သူမကို လှစေချင်၏။

တတ်နိုင်သလောက် သူ့သားသမီးတွေထက်ပင် နေနီနီအား ကျွေးမွေးပြုစုပေးသည်။





"ဒေါ်လေးသဲ မိသားစုကို နီ အကောင်းဆုံးဖြစ်အောင် စောင့်ရှောက်ပေးချင်ပါတယ်"

မောင်လေးထူးက နေနီ့အတွက်ဆိုရင် အန္တရာယ်ကြားထဲ ကပင် ယူဆောင်ပေးခဲ့သည်။

မမ အရမ်းလိုချင်နေတာ မဟုတ်လားတဲ့။

ထူးရယ် ...

မင်း ဘာတွေလုပ်နေလဲ။

မမစိတ်ပူတယ် ထူးကို တားဆီးချင်သည်။

"နေနီနီ ဒီကိုမလာပါနဲ့၊ သူ့အဖေက မကြိုက်ဘူး"

ကြွေရုပ်လေးအမေ ပြောတဲ့စကားတွေ နေနီနီ ပြန်၍ကြား ယောင်မိရင်း ဒေါသတွေ ဖြစ်ရသည်။

"တီ ... တီ"

"တီ"

"တီ ..."

အိမ်လေးရှေ့မှာ ကားတစ်စီး ရပ်လာပြီး ကြွေရုပ်ကလေး ဆင်းလာသည်။

အရုပ်တစ်ရုပ်ကိုလည်း ပွေ့ပိုက်လာ၏။

ကြွေရုပ်လေး အိမ်ပေါ်သို့ တက်လာသည်။

"နေနီနီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ကြွေရုပ်လေး"

"နှင့်ကို လာတွေ့တာပါ"

"လာလေ … "

"အိမ်ကလည်းဟယ် ညစ်ပတ်နေတာပဲ၊ ဘယ်မှာထိုင်ရမလဲ"

သူမ စိတ်ထဲမှာ ဒေါသတွေ ထောင်းခနဲ ထသွားသည်။

ကြွေရုပ်လေးကပါ အထင်သေးတာလား။

ဘယ်သူက လာခိုင်းလို့လဲ။

သူမ ငြိမ်သက်နေလိုက်၏။

သူမ အရေးမစိုက်သလို နေပြစ်သည်။

"ဒီအရုပ်လေ တို့အဖေ နိုင်ငံခြားကနေ ဝယ်လာတာပါ၊ တို့အဖေ ပြန်ရောက်နေပြီလေ"

ကြွေရုပ်လေး လာကြွားတာပါ။

ဒီအရွယ်ကြီးအထိ သွားလေရာ အရုပ်ကြီး ပိုက်သွားတတ်တဲ့ အကျင့်က ရှိနေသေးသည်။

နင်က အရာအားလုံး ပြည့်စုံနေခဲ့တာပါ ကြွေရုပ်လေး။

ငါ့ကို ဘာဖြစ်လို့ လာပြိုင်နေရတာလဲ။

နင် ငါ့ကို ပေါင်းနေတာလဲ နင်ကြွားလို့ရနေလို့ မဟုတ်လား။

ဘယ်အရာမှ မပိုင်ဆိုင်တဲ့ငါ။

ဆင်းရဲချို့တဲ့ပြီး အထင်သေးနှိမ်ချမှုတွေနဲ့ ဘဝကိုရင်ဆိုင်





ဖြတ်သန်းနေရတဲ့ နေနီနီပါ။

ငိုပစ်ချင်သည်။

"နေနီနီ"

"ဘာလဲ"

"အိမ်လိုက်ခဲ့လေ … နင့်ကို ပြစရာတွေအများကြီးပဲရှိတယ်"

"မလိုက်ပါဘူး"

"ဘာဖြစ်လို့လဲအေ … ငါ့အဖေ အပြင်ထွက်သွားပါတယ်၊ နင့်ကို မုန့်တွေကျွေးမယ် … ငါ့အဖေ ဝယ်လာတာတွေ အများကြီး"

"တော်ပါပြီ … "

ကြွေရုပ်လေး ကြွားနေတာတွေကိုလည်း မခံစားနိုင်တော့ အမြင်လည်း ကတ်လာသည်။

"နင်ပြန်တော့ … နင့်အမေကိုယ်တိုင်က ငါ့ကိုမလာနဲ့လို့ ပြောခဲ့တာပဲ … နင့်ကို မပေါင်းချင်တော့ဘူး"

"ငါပြောတာမှ မဟုတ်တာဘဲ၊ ငါ့အမေကို မေးကြည့်မယ်"

"မေးလေ … "

"ငါမသိဘူးလေဟာ … နင့်ကို ငါခင်တာ နင်အသိဆုံးပဲဟာ"

နင်က ကြွားဝါဖို့မဟုတ်လား။

ငါအရင်ကလို နင့်ရဲ့ပစ္စည်းတွေကို ငေးမောကြည့်ပြီး အားယား



www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘူး။

တစ်နေ့နေ့မှာ နင့်ထက်သာအောင် လုပ်ပြမယ်။

စောင့်ကြည့်နေပါ။

"ငါ့မှာလည်း မာနရှိတယ် ကြွေရုပ်လေး ... နင်နဲ့မပေါင်းရ လည်း ဘာမှမဖြစ်ဘူး၊ နင့်ကိုလည်း မပေါင်းချင်တော့ဘူးဟာ၊ နောက် ... လာပြီး မပတ်သက်နဲ့တော့"

နေနီနီ တမင်ပင် ခပ်ပြတ်ပြတ်ပြောပစ်လိုက်သည်။

ကြွေရုပ်လေးကိုလည်း မတွေ့ချင်တော့ပေ။

"နေနီနီ နင်ဘာဖြစ်ရတာလဲ၊ ကြွေက နို့အပေါ် အမြဲတမ်း ကောင်းခဲ့တယ်လေဟာ ... နင့်အတွက်ဆို ကြွေဘာမဆို လုပ်ပေး ခဲ့တာပဲ"

"ဟုတ်တယ် ... ဒီအတွက်တော့ ကျေးဇူးတင်ပါတယ်၊ နင့် အမေကိုယ်တိုင် လာပြောတာလေ၊ ငါလည်း ဘယ်တတ်နိုင်မလဲ ဟ"

ကြွေရုပ်လေးကလည်း သူမအတွက် ကြားစရာဆို၍ သူမ အဆင့်ကို ဘယ်လိုမှ မမှီနိုင်တဲ့ နေနီနီပဲရှိနေ၍ ပေါင်းသင်းနေခဲ့ သည်။

ဖေဖေက မကြိုက်။

မလာစေနဲ့ ပြတ်ပြတ်ပြောထားဟု ကြွေကိုလည်း ပြော





သွား၏။

ကြွေကသာ ငယ်သံယောဇဉ်လည်းရှိ၍ တမင် ပေါင်းနေခဲ့ သည်။

"နင်မလာလည်း ကြွေလာပါ့မယ်၊ နင့်အတွက် စားစရာမုန့် တွေလည်း ယူလာပေးမယ်"

"မလာပါနဲ့ဆိုဟာ ... ပြောနေတယ်လေဟာ၊ ငါကိုယ်တိုင် က မပေါင်းချင်တော့တာ၊ ကဲ ... သိပြီလား"

ကြွေရုပ်လေးဘဝကို နေနီနီ အားကျမနေချင်တော့ပေ။

ရင်ထဲမှာ ခံပြင်းဒေါသတွေနှင့် ဒေါသတွေ ပေါက်ကွဲချင်လာ သည်။

"သွားတော့လေ"

"သွားမှာပါဟ ... နင်ကလဲ ငါ့ကိုများ မောင်းထုတ်နေရ တယ်လို့၊ နင် ကျေးဇူးမကန်းနဲ့နော်၊ ငါ့ပစ္စည်းတွေ နင်ပဲသုံးလာခဲ့ တာလေ ... ငါ့အဝတ်တွေဆို နင့်ကိုပဲပေးခဲ့တာ၊ နင်မေ့ပစ်လိုက်ပြီ လား"

"ဘာပြောတယ်"

"နင့်ကို ငါ့အဝတ်အကျီတွေ ပေးခဲ့တယ်လေ၊ မုန့်တွေလည်း ကျွေးခဲ့တာပဲ ... နင်ကများ ငါ့ကိုမောင်းထုတ်နေရတယ်လို့"

နေနီနီ တုန့်ပြန်ပြောမနေချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ ယယ်စဉ်လေးထဲက သူများအကျတွေပဲ ဝတ်ဆင်ခဲ့ရတာပဲလေ။

ဘာများ ထူးဆန်းနေလို့လဲ။

"နှင့်အမေကိုယ်တိုင်က နင်နဲ့ငါ့ကို မပေါင်းပါနဲ့လို့လာပြောသွားတာပဲဟ ... ငါက ဘာများကြီးကျယ်နေလို့လဲ၊ နင်တို့က အထင်သေး အမြင်သေးနဲ့ ဆက်ဆံနေကြတာလေ၊ အဲဒါကြောင့် မပေါင်းတော့ဘူးလို့ ပြောတာပဲ"

နေနီနီကလည်း လေသံကို မာမာနှင့်ပြောပစ်သည်။

ကြွေရုပ်လေး ပေါင်းနေတာလည်း သူ့အသုံးအဆောင်ပစ္စည်းတွေကို ကြွားဝါဖို့ပဲဟာ။

နင်က သံယောဇဉ်ရှိလို့လား။

"ကောင်းပြီလေ ... ငါသွားတော့မယ်၊ နှင့်အဒေါ်ကိုလည်း အလုပ်ဖြုတ်တယ်၊ ငါတို့အိမ် အဝတ်လာလျှော်စရာမလိုတော့ဘူး ဒီလို ကျေးရူးကန်းတဲ့ဟာတွေကို မုန်းတယ်၊ ရွံတယ်၊ ပြန်မယ်"

ကြွေရုပ်လေးကိုတော့ သူမဆက်ပြီး ရန်စကားတွေပြောမနေတော့ဘဲ သည်းခံပစ်လိုက်သည်။

ဘာကြောင့်လဲဆိုတော့ ကြွေရုပ်လေးပစ္စည်းတွေလည်း သုံးဆောင်ခဲ့ရလို့ပါ။

နေနီနီက ကျေးဇူးတော့ မကန်းချင်ပါဘူး။





ကြွေရုပ်လေး ခြေသံပြင်းပြင်းနင်းပြီး ဆင်းသွားသည်။

"အောက်တန်းစားတွေကများ သူများအကျအစုတ်အနုတ်တွေပဲ ဝတ်နေပြီး မာနက မိုးထိနေတယ် ... "

ကြွေရုပ်လေး ပြောသွားတဲ့စကားတွေကြောင့် သူမရင်ကို နာကျင်စူးရှသွားရပေမယ့် တစ်နေ့နေ့တော့ နင့် ငါ့ခြေဖဝါးအောက် ရောက်သွားစေရမယ်ဆိုပြီး ငြိမ်ပြီး သည်းခံနေလိုက်သည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"မမ"

"ဟင်"

"ရော့ ..."

"ဘာတွေလဲ"

"အင်္ကျီ ..."

"ဘာ"

"မမအတွက်လေ အင်္ကျီ"

ထူး ကမ်းပေးတဲ့အင်္ကျီလေး အရမ်းလှနေသည်။

မောင်လေးထူးကို နီ ဆတ်ခနဲ မော့ကြည့်မိ၏။

ထူး ဘာတွေလုပ်လာလဲ။

သူမ စိတ်ပူသွားမိသည်။

"ထူး"





"ဗျာ"

"ဒါ ... ထူး ဘယ်ကနေရလာတာလဲ"

"ဘယ်ကရရပေါ့။ ထူး အလုပ်လုပ်ပြီး မမအတွက် ဝယ်လာတာပါ"

ထူး မဟုတ်တာတွေ လုပ်လာပြီဆိုတာ နီသိလိုက်သည်။

ဘယ်ကနေ ငွေရမှာလဲ။

စိတ်မသက်မသာလိုက်တာ။

နီတို့ဘဝတွေကို ခံပြင်းမုန်းတီးလာရ၏။

ဘဝတွေက ဆိုးလွန်းသည်။

"မမကြိုက်တယ် မဟုတ်လား"

"ကြိုက်တော့ ကြိုက်တာပေါ့ဟယ် ... ကြွေရုပ်လေးဝတ်တဲ့ အကောင်းစားသဲ၊ မမ အရမ်းဝတ်ချင်ခဲ့တာလေ"

"ထူး သိတယ်လေ ... ဝတ်စမ်းပါ"

"မမကြောင့် ထူးဒုက္ခရောက်မှာတော့ မလိုလားဘူး။ မမ အရမ်းစိတ်ပူတယ် မောင်လေးရယ် ... မမလေ မဝတ်ရလည်းဖြစ်ပါတယ်"

"ထူးက ယောက်ျားလေးပါ မမ ... ဘာမှပူမနေနဲ့"

"ယောက်ျားလေးမို့လေ ..."

"မပူပါနဲ့ ... ထူးက မိသားစုကို တာဝန်ယူတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်အတွက်လည်း အကျီတွေ ဝယ်ပေးသည်။

"သစ်သစ်အတွက် အကျီအသစ်တွေ ဘာတွေမလိုပါဘူး ထူး ပညာသင်ဖို့ပဲ အရေးကြီးတယ်"

သစ်သစ်က လိမ္မာသည်။

ပညာရေးကိုလည်း ရည်မှန်းချက်ကြီးကြီးနှင့် ကြိုးစားနေ၏

နေနိုးနိုးကသာ အကျီတွေကိုကြည့်ပြီး စိတ်ကမလုံတော့။

ထူး အလစ်သုတ်လာတာပဲ ဖြစ်နိုင်သည်။

"မမဝတ်ကြည့်စမ်းပါ"

ထူးက သူပေးတဲ့အကျီကို အတင်းဝတ်ခိုင်းနေသည်။

နီ ဝတ်ပြလိုက်ရ၏။

အရမ်းပဲ လှလွန်းစွာ နီနှင့်လိုက်သည်။

"မမနဲ့ အရမ်းလှတာပဲ"

"ဟုတ်တယ် ... မမအရမ်းလှတယ်၊ နောက်ဆို မမအတွက်ပဲ ဝယ်ပေးနော် ကိုထူး ... "

သစ်သစ်ကလဲ နီ့အပေါ် စေတနာရှိသည်။

နီ နှစ်သက်မြတ်နိုးပေမယ့် မဝတ်ရက်။

ထူးကို မယုံပေ။

နီ့အတွက် ထူးအပေါ် အန္တရာယ်တွေကျရောက်မှာ အကြောက်ဆုံးပင် ထူးပခုံးလေးကို ဖက်မိသည်။





"မမအတွက် တော်လောက်ပြီနော် ထူး ... မင်းတစ်ခုခုဖြစ်ရင် ဒေါ်လေးသဲ စိတ်ထိခိုက်ရလိမ့်မယ်၊ မမစကားကို နားထောင်မယ်ပါ ထူးရယ်နော် ... "

သစ်သစ်ကလည်း ကိုထူး ဘာတွေလုပ်လာတာလဲ မေးနေသည်။

"ကလေးက ဝင်စပ်စုမနေနဲ့ ကလေးလိုပဲ နေစမ်း"

သစ်သစ် ဇက်ကလေးပုဝင်သွားပြီး အခန်းလေးထဲ ဝင်သွားသည်။

"မမကလည်း သစ်သစ်ရှေ့မှာ"

"မောင်လေးထူး ... "

"ဗျာ"

"မင်းအလုပ်တွေ လုပ်နေတာ မမကို အသိပေးစမ်းပါ"

"အင်းပါ"

"ဘာပဲလုပ်လုပ် မမနဲ့တိုင်ပင်ပြီးမှ လုပ်နော်"

"အင်းပါဗျာ"

မောင်လေးကို သနားတယ်။

အရိုက်ခံရမှာလေ။

နီ အလှအပမက်မောတာ ကြေ့ရုပ်လေးတို့ မိဘတွေရဲ့အနိုင်ကျင့်ခံရတာ မကျေမနပ် ခံပြင်းဒေါသဖြစ်ရပေမယ့် မောင်လေးထူးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မကောင်းတဲ့အကျင့်တွေ မကူးစက်လိုပေ။

အဒေါ်ကလည်း အိမ်တကာ အဝတ်လိုက်လျှော်ရပြီး သ...

သမီးတွေနှင့် မလောက်ငှခဲ့။

ထူး ကျောင်းထွက်ခဲ့ရသည်။

"ငွေရှာတဲ့အလုပ်ကို မမပဲလုပ်ပါ့မယ်ထူးရယ် ... မ...

အကြီးပါ"

"မမ"

"ဟင်"

"မမကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်"

"ဘယ်သူလဲ"

"ငထောတစ်ယောက်"

"ဘာပြောတယ်"

နေနီနီ တအံ့တသြနှင့် အော်မိသည်။

ထူး ဘာတွေ ကြံစည်နေတာလဲ မသိတော့ဘူး။

မျက်နှာက စပ်ဖြဲဖြဲနှင့် သူမလည်း စိတ်ဝင်စားသွားရ...

ချမ်းသာတဲ့ သူဌေးတစ်ယောက်နဲ့တော့ လက်ထပ်...

တယ်။

ဒါမှလည်း ကြွေရုပ်လေးကို မီမှာလေ။

"ဘာမှစိတ်မပူပါနဲ့ မမရာ၊ ထူးရှိပါတယ် ... ကြွေရုပ်...





...တ် မမသာစေရမယ် စိတ်ချ ... "

"ဒီကောင်လေး ... "

ထူးကတော့ ရင်ကိုကော့ လက်မထောင်ပြီး ပြောနေသည်။

အင်းလေ ...

မောင်လေး အလစ်သုတ်နေတာနဲ့စာရင်တော့ တော်ပါ...

...းတယ်။

"သစ်သစ်ရော စာကြိုးစားစမ်းပါ၊ နင့်အတွက် ပညာသင်...

...ာ် မပူနဲ့ ... အစ်ကိုတစ်ယောက်လုံးရှိတယ်"

"ကြိုးစားမှာပါ"

"ဆရာဝန်ဖြစ်အောင်လုပ် ... ဒါမှ အမေလည်း ဝဏ်တက်...

... မျက်နှာပွင့်မယ်"

"အင်းပါ"

ချစ်ချစ်သတင်းလည်း ဘာမှမကြားရပေ။

နီလည်း ကိုယ့်အခန်းကျဉ်းလေးထဲ ပြန်ဝင်လာခဲ့သည်။

ရင်ထဲမှာ မွန်းကြပ်နေ၏။

ထူး ယူလာပေးတဲ့ နှုတ်ခမ်းနီဗူးနှင့် အကျီလေးတွေ အသုံး...

...င်ပစ္စည်းလေးတွေက မှန်တင်ခုံ အစုတ်လေးပေါ်မှာ စုပြုံ...

...းသည်။

"မောင်လေးထူး အလစ်သုတ်လာတာတွေပဲ၊ မမစိတ်ပူ...



www.burmeseclassic.com

www.burmeseclassic.com



တယ် ... မင်းဘာတွေလုပ်နေလဲဟင် ထူး"

ဒေါ်လေးကတော့ ချစ်ချစ်ပိုက်ဆံတွေနှင့် ဝယ်သည်ဟု ထင်၍ ဘာမှမေးလည်းမမေး၊ ပြောလည်း မပြော။

နီ ရှက်မှာလည်း စိုးရိမ်နေ၏။

မိသားစုဝင်တွေအားလုံး တာဝန်ကျေပြွန်လိုက်တာ။

နီ ဘာလုပ်ပေးရမလဲ။

"နေနီနီ ... သမီးသူငယ်ချင်းဖြစ်နေလို့ အားနာပေမယ့် ကြွေရုပ်လေးအဖေက မကြိုက်ဘူး ... နောက် မလာနဲ့နော်"

အထင်သေးစကားတွေ နှိမ်ချဆက်ဆံမှုတွေ မယုံသင်္ကာ အကြည့်တွေ နေနီနီ ဘယ်တော့မှမေ့ပျောက်ပြစ်လို့ မရနိုင်တော့ အရိပ်မည်းတွေ။

ကြွေရုပ်လေးမိဘတွေရဲ့ အထင်သေးတဲ့မျက်ဝန်းတွေ မှန်ကြီးကိုပင် ရိုက်ခွဲပြစ်ချင်သည်။

"ငါ ချမ်းသာရမယ် ... အဆင့်မြင့်မြင့်နေနိုင်ရမယ်၊ ကြွေရုပ်လေးထက်တော့ လုံးဝသာစေရမယ်"

စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

ချစ်ချစ် ပေးခဲ့တဲ့ ငွေနှင့် အရောင်းအဝယ် လုပ်ရင် ကောင်းမလားဘဲ။

ချစ်ချစ်ကလည်း လုပ်စေချင်၏။





သူမဘဝကို စတေးပြစ်လိုက်တာပါ။

နောက်နေ့တွင် အဒေါ်နှင့်ထူးကို တိုင်ပင်ကြည့်သည်။

"ဒေါ်လေးသဲရော ထူးရော နီတို့ ဒီလိုထိုင်နေလို့ မဖြစ်တော့ဘူးထင်တယ် ... ဟိုလေ ဈေးရောင်းကြမလားဟင်"

"မမက ဘာရောင်းမှာလဲ"

"တစ်ခုခုပေါ့"

"ဒေါ်လေးကတော့ နီ့ကို ပညာရေးပဲ ကြိုးစားစေချင်တယ်"

"ပညာသင်တာလဲ သင်တာပေါ့ ဒေါ်လေးရာ၊ နီဈေးရောင်းချင်တယ်၊ ချစ်ချစ်ပင်ပန်းရကျိုးနပ်အောင်လေ"

"မဖြစ်ပါဘူး၊ မမကို လမ်းဘေးဈေးသည် အဖြစ်မခံနိုင်ဘူး၊ ထူးက သူဌေးတစ်ယောက်နဲ့ လက်ထပ်စေချင်တာ"

"ဒေါ်လေးကတော့ ကိုယ့်ဘဝလေးကိုပဲ ကျေနပ်ရောင့်ရဲချင်တယ်ကွယ် ... ကိုယ်ကျင့်တရား ပျက်ပြားတာမျိုးတွေတော့ မြင်တော့မခံချင်ဘူး ... ထူးရော မင်းအလုပ်ကို ကောင်းကောင်းလုပ်နော်၊ အမေကတော့ အဝတ်တွေကို အိမ်တကာလိုက်လျှော်နေရတာ၊ သူများပစ္စည်း အပ်တိုတစ်ချောင်းတောင် မယူရဘူး၊ သူများ အထင်သေးသွားရင် စီးပွားအရှာရခက်လိမ့်မယ်"

ထူးကတော့ ငြိမ်သက်နေသည်။

နေနီနီလည်း ဒေါ်လေးလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးကို တားဆီးမရ။

ဒေါ်လေးကို အသိပေးလိုက်ရင် ကောင်းမလားဘဲ။

"ထူး"

"ဗျာ အမေ ..."

"မင်းဘယ်မှာလုပ်နေလဲ"

"သူဌေးတစ်ယောက်ဆီမှာပါ"

"အမေလိုက်ကြည့်မယ်၊ နီလည်း စုံစမ်းထား၊ အခုတော့ ဒေါ်လေး မအားသေးပါဘူး"

ထူးကလဲ အမေလိုက်ကြည့်မှာကြောက်သည်။

ထူးအလုပ်တွေက ရိုးသားမှုမှမရှိတာ။

သူလည်း မလုပ်ချင်ပါဘူး။

ဒါပေမဲ့လည်း မိသားစုကို တာဝန်ကျေချင်တဲ့ဆန္ဒတွေပဲ ပြွမ်းထန်နေခဲ့၏။

မမကိုလည်း လှပနေစေချင်တယ်။

အမေ့ကိုလည်း အဝတ်တွေ မလျှော်စေချင်ဘူး။

အသက်ကြီးပြီ ...

သစ်သစ်လည်း ဆရာဝန်ဖြစ်အောင် ထူးဘယ်လိုလုပ်ပြီး ရိုးရိုးသားသား ငွေရှာနိုင်မလဲ။

အမေ့ကိုတော့ အင်းပါဟုပဲ ပြောလိုက်သည်။





"မမ"

"ဟင်"

"အမေတော့သွားပြီ၊ ထူးတို့လည်း အပြင်ထွက်မယ်"

"ဘယ်လိုလဲ"

"မမကို ကျွန်တော့်သူဌေးနဲ့ မိတ်ဆက်ပေးမလို့လေ"

"ဘာပြောတယ်"

"သူက ထူးကိုလာမိတ်ဆက်တာပါ၊ ချမ်းသာတယ်၊ တိုက်နဲ့ ...နဲ့ ..."

"ဟင် ... လူကောင်းလားဟဲ့"

"မသိဘူး"

"မောင်လေး ဒုက္ခရောက်မှာကိုတော့ မမ လုံးဝမလိုလားဘူး ...ထဲ ဒေါ်လေးသဲ ပြောသွားတာ ကြားလား ..."

"တားလိုက်ပါ ... ထူး ဘယ်တော့မှ ဒုက္ခမရောက်ပါဘူး။ ...စုကို ရှာဖွေကျွေးနေတာလေ"

ထူးက သွက်လက်သည်။

လူချောလူခန့်လေးပဲ။

မိသားစုအပေါ်တော့ သံယောဇဉ်ကြီးရှာသည်။

"မမကတော့ လမ်းဘေးမှာပဲဖြစ်ဖြစ် ဈေးရောင်းချင်တယ် ...တဖြည်းဖြည်း စုဆောင်းသွားမယ် ... ဘယ်လိုလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေပါနဲ့၊ လမ်းဘေးမှာ ဝိန်ချောက်ပြီး ရုပ်ပျက်သွားလိမ့်မယ်၊ ချစ်ချစ်ပေးတဲ့ပိုက်ဆံနဲ့ ဘာလုပ်မှာလဲ၊ ထူးပြောမယ် မမကို လူတွေက အထင်သေးနေတယ်လေ ... "

မောင်လေးပြောတာလည်း ဟုတ်သည်။

အရင်းအနှီးက ဘာမှမရှိ။

လမ်းဘေးမှာ ဈေးရောင်းရင်လည်း ပို၍ပင် အထင်အမြင်အသေးခံဦးမည်။

သူတို့အကြည့်တွေကို နီ သိသည်။

"မမ ဘာမှစဉ်းစားမနေပါနဲ့တော့ဗျာ၊ အခြေအနေကို မီးစင်ကြည့်ကရမှာပဲလေ ... "

ချစ်ချစ်လည်း အိမ်ဖော်မလေး ဖြစ်သွားပြီ။

မောင်လေး ထူးရော ဘာတွေလုပ်နေတာလဲ။

အဒေါ်က ကိုယ်ကျင့်တရားပျက်ပြားတာကို မကြိုက်ပေ။

"မမအတွက် သူဌေးကိုပဲ ရှာယူပစ်လိုက်၊ အရမ်းလှတဲ့ မမကို ဘယ်သူက မကြိုက်ဘဲနေမှာလဲဗျာ"

မောင်လေးထူး ငယ်ငယ်လေးထဲက ကိုယ်ကျင့်တရားကောင်းပြီး ရိုးသားခဲ့သည်။

အခု ...

နေနီနီ့ကြောင့်လား။





"မမ တင့်တင့်တယ်တယ်ဖြစ်ဖို့ လိုတယ်၊ ထူးတို့မိသားစု ဘာပဲဖြစ်ဖြစ်ဗျာ ... "

"ထူးရယ် ... "

ထူး၏လက်လေးကို တင်းကျပ်စွာဖြင့် ဆုပ်ကိုင်ထားမိသည်။

မမ ဝမ်းနည်းလိုက်တာ အဒေါ်မိသားစုဝင်တွေအားလုံး နေနီနီအတွက်ပဲ စဉ်းစားနေကြသည်။

"မကြာခင် တို့အစ်မ သူဌေးကတော်ဖြစ်ရတော့မှာပါ"

ထူးကို ကူညီထောက်ပံ့ပေးမယ်လို့ ပြောနေတဲ့ သူဌေးက လူပျိုတဲ့။

ရုပ်ရည်ကလည်း မဆိုးပါဘူး။

မမကိုတော့ ချမ်းသာစေချင်တာ။

သူတို့မိသားစုရဲ့ စေတနာပါ။

အမေကလည်း မမမှ မမ။

"ဈေးရောင်းဖို့တွေ ဘာတွေ စဉ်းစားမနေနဲ့နော်၊ မလုပ်ရပါဘူးဗျာ"

"ပြန်ကြမယ် ထူး ... "

"အင်း"

"သစ်သစ်အတွက် အချဉ်ထုပ်လေး ဘာလေးဝယ်သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

မောင်နှမနှစ်ယောက် အိမ်ပြန်လာကြတော့ လမ်းမှာ ကြွေရုပ်လေးတို့ မိသားစုနှင့်တွေ့သည်။

"နေနီနီ လိုက်ခဲ့မလား။ ငါတို့မိသားစု စားသောက်ဆိုင်ကို သွားမလို့လေ"

ကြွေရုပ်လေးက ခေါ်ပေမယ့် နေနီနီ လှည့်၍ပင် မကြည့်တော့။

နင့်ကို ငါဘယ်တော့မှ မပေါင်းဘူး။

နင့်မိဘတွေရဲ့ အထင်သေး နှိမ်ချတဲ့စကားတွေကိုလည်း ငါဘယ်တော့မှ မကြားစေရဘူး။

ကြွေရုပ်လေးရယ် ...

နင်တို့တွေ မော်ကြွားထော်လွှားထားကြဦးပေါ့ဟယ်။

"မမတွေ့လား ... ကြွားသွားတာ၊ တစ်နေ့နေ့ ထူးတို့မိသားစုလည်း သူတို့လိုဖြစ်စေရမယ်"

မမကို စိတ်သောကရောက်သွားတဲ့လူတွေကို ထူး နည်းနည်းလေးမှ မကျေနပ်မိ။

ဒေါသတွေ ထွက်ရသည်။

"မမကို သူဌေးနဲ့ပေးစားပြမယ်၊ ထူး ရှာနေတယ် သိလား"

"နင့်သူဌေးက လူကောင်းလား လူဆိုးလားထူးရယ်၊ တော်





ကြာ ... မမပိုပြီး ဒုက္ခရောက်နေပါဦးမယ်"

"အဲဒါတော့ မသိဘူးလေ ... ထူးတောင် သိကျွမ်းတာ မကြာသေးဘူး"

ထူးကို ကူညီမယ်ဆိုတာက ဘာတွေလဲ။

ထူးကိုယ်တိုင်တောင် မသိသေးပေ။

မမအတွက် မျှော်ထားရတာ။

ထူးကတော့ မိသားစုအဆင်ပြေဖို့ ဘယ်အလုပ်မဆို လုပ်မှာပဲ။

မမနီ သူငယ်ချင်းကြွေရုပ်လေးကိုပဲ အပိုင်ချိုင်ပစ်ရမလား။ မမကို ဒီလောက်ကြွားဝါ အနိုင်ယူချင်ကြတဲ့ဟာတွေ။ မမနီရော ထူးရော အတွေးတွေက တူညီနေကြလိမ့်မည်ဖြစ်သည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ပတ်ဝန်းကျင်က ပြောနေပြီ နေနီနီ ... နင်ဝတ်စားပြင်ဆင်တာတွေက လွန်နေပြီတဲ့၊ နင် မဟုတ်တာတွေ လုပ်နေတာလား"

"ဘာပြောတယ်"

"နင် ဘာတွေလုပ်နေလဲ၊ နင့်ကို သံယောဇဉ်ရှိလို့ ပြောတာနော် နေနီနီ ... "

ကြွေရုပ်လေးရဲ့မျက်နှာကို စူးစိုက်စွာကြည့်မိနေသည်။

ငါ့ကို နှိမ်တာလား။

ဘာပတ်ဝန်းကျင်က ပြောတာလဲ။

နင့်မိဘတွေက ပြောကြတာမဟုတ်လား။

ငါ ဘာများ ဝတ်စားပြင်ဆင်နေလို့လဲ။

ဒီလောက်လေးတောင် နင်တို့က အတင်းပြောချင်နေတာလား ကြွေရုပ်လေး။





သူမ နှုတ်ခမ်းလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

"နေနီနီ"

"ဘာလဲ ... "

"နင် ပိုက်ဆံလိုလို့လား"

"မလိုပါဘူး"

"ငါက စေတနာနဲ့ ပေးတာပါ၊ ဘာပဲဖြစ်ဖြစ် နင်နဲ့က ငယ်သူငယ်ချင်းတွေလေ ... "

"မလိုဘူးလို့ ပြောထားတယ်နော် ... နင်ကရော ဘာကိစ္စနဲ့ငါ့ဆီကို ခဏခဏလာနေရတာလဲ ... ကြွေရုပ်လေး ... "

"နေနီနီရာ ... နင့်ကိုငါ ဘယ်လောက်ခင်လဲ၊ တို့က ငယ်သူငယ်ချင်းတွေလေ၊ သံယောဇဉ်ရှိတာပေါ့ဟဲ့ ... "

"နင့်မိဘတွေက ငါနဲ့ပေါင်းတာမှ မကြိုက်တာဘဲ"

"ဘာပဲဖြစ်ဖြစ်ဟာ ... ငါတို့က သူငယ်ချင်းတွေပဲ၊ နင်စားဖို့မုန့်လာပို့တာပါ။ စားပါ ... ငါ့မိဘတွေက ဘာပဲပြောပြော သူငယ်ချင်းတွေလေ"

ကြွေရုပ်လေးရယ် ...

နင်လည်း အကြွားအဝါသန်တဲ့သူပါ။

ငါ့ကို နင့်ရဲ့ကြီးကျယ်ခမ်းနားမှုတွေကို ကြွားချင်လို့ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ငါ တိုးမတော့ မဟုတ်ဘူးနော်။

"နေနီနီ ... "

"နင် ပြန်တော့ ... "

"နင့်အတွက်လေ ... မုန့်ပုံးကိုတော့ လက်ခံပါဟာ၊ ဒါဌ ငါ့ စေတနာပါ၊ ငါ့အဖေ နိုင်ငံခြားက ယူလာတာလေ၊ နင့်ကိုစား စေချင်လို့ပါ"

ကြွားလိုက်သေးတယ်။

နိုင်ငံခြားက ယူလာတာတဲ့။

ကောင်းပြီလေ ...

ငါ လက်ခံလိုက်မယ်။

"နင့်အိမ်က မသိအောင်လာပေးတာ မဟုတ်လား"

"နင့်ကို စားစေချင်လို့ပါ"

"ထားခဲ့ ... ပြန်"

"နင်ကလည်းဟယ်"

"နင်ပြန် ... နောက်တော့ လာမပို့နဲ့တော့၊ ငါ ဒီလောက် အထိ မငတ်သေးပါဘူး"

"နေနီနီ"

"ဘာတုန်း ... "

"နင် ဘာတွေလုပ်နေလဲ"





"ပိုင်းလုံး ... "

"ဘာပြောတယ်"

"အဲဒါ နင်ကြားချင်တဲ့စကား မဟုတ်လား"

"ဒုက္ခပါပဲဟာ ... နင့်ကို ငါဘယ်လောက်သံယောဇဉ်ကြီး ရလဲဆိုတာ နင်သိပါတယ်"

"ဘာသံယောဇဉ်လဲ ... မိဘမသိအောင် ခိုးချောင်ခိုးဝှက် လာမပေါင်းစမ်းပါနဲ့ ... နင့်မိဘတွေ အထင်သေးတာလဲ ငါမခံနိုင် ဘူး ... နင်ပြန်ပါ"

"ငါကတော့ နင့်ကိုခေါ်နေမှာပဲ ... ငါ့အခင်မင်ဆုံး သူငယ် ချင်းလေ ... နင်မဟုတ်တာတွေ မလုပ်ဖို့တော့ ငါသတိပေးထား ချင်တယ်၊ နင့်အတွက်ပါဟာ ... "

"မသိဘူးဟာ ... ငါကတော့ နင်နဲ့မပေါင်းချင်တော့ဘူး"

"နေနီနီ"

"နင် ဆရာကြီးလာမလုပ်စမ်းပါနဲ့ ... ငါပြောထားပြီးပြီပဲ ငါ ဘာလုပ်လဲဆိုတာ"

"နင့်ရုပ်နင့်ရည်နဲ့ဟာ ... ဒီလိုမလုပ်ပါနဲ့"

"အဲဒါ ငါ့ကိစ္စပါ"

သူမ ဘာမှမလုပ်ရသေးဘဲနှင့် အတင်းပြောချင်တာက အရင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုလုပ်ပြရဦးမယ်။

ကြွေရုပ်လေး ပြန်သွားသည်။

နေနီနီ လက်သီးဆုပ်တွေကို တင်းကြပ်စွာ ဆုပ်ထားမိ၏။

အထင်သေးလိုက်ကြတာ။

နေနီနီ အဝတ်အစားအသစ်လေး နည်းနည်းဝတ်တာနဲ့ မျက်စိစပါးမွေး စူးနေကြပြီ ထင်သည်။

ကြွေရုပ်လေးကရော သူမကို ချစ်ခင်သလိုနဲ့ နှိမ်ချချင်တာ သူမ သိနေ၏။

မုန်းတယ် ...

လူ့လောကကြီး တစ်ခုလုံးကို မုန်းတီးနေမိသည်။

"နေနီနီ"

"ဟင် ... အဒေါ် ဘာဖြစ်လို့လဲ"

"နေမကောင်းဘူးကွယ်"

အဒေါ်သဲ ပြန်ရောက်လာပြီး အိပ်ရာထဲခွေသည်။

အဒေါ် နဖူးကို စမ်းသပ်ကြည့်တော့ ကိုယ်တွေက ချစ်ချစ်တောက်အောင် ပူလောင်နေ၏။

နေနီနီ စိတ်ပူသွားသည်။

"ကိုယ်တွေပူနေတယ်"

"အင်း ... ကိုယ်တွေလက်တွေ မသယ်ချင်တော့ဘူး။ အရမ်း





ဖျားနေပြီထင်တယ်"

"ဆေးခန်းသွားပြရအောင်ပါ အဒေါ် ... "

"မပြဘူး ... ပိုက်ဆံကုန်ပါတယ်အေ၊ ဆေးဝယ်သောက်လိုက်မယ်"

"ပိုက်ဆံရှိနေတာပဲ ... ထပါ၊ ချစ်ချစ်ပိုက်ဆံတွေ ရှိနေတာပဲ ... ဆေးခန်းပြပါ"

"မပြပါဘူးအေ"

"အဒေါ်"

"ဟင်"

"ထ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး။ ဆေးဝယ်ပေး ... ဆေးဆိုင်မှာပြောပြ သွားဝယ်ပေးစမ်းပါ"

"အဒေါ်ကလဲ ... "

"သွားပါ နေနီနီ ... အဒေါ်ပြောသလိုပဲ လုပ်စမ်းပါ"

အဒေါ်က သားသမီးတွေရဲ့ လုပ်စာကို မသုံးချင်ပေ။

အဒေါ်ကို သနားလာမိသည်။

ကျန်းမာရေး မကောင်းတာပင် ဆေးခန်းမပြ။

ဆေးပဲ အတင်းဝယ်ခိုင်းနေသည်။

"သစ်သစ်ရော ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသွားတယ်လေ"

"ထူးရော"

"အပြင်သွားတယ်"

"နေနီနီ"

"ရှင်"

"အဒေါ့်ကျန်းမာရေးက စိတ်ပူရတယ်၊ အခုတလော အရမ်းမောတာပဲ"

"ဒါကြောင့် ... နေနီနီက ဆေးခန်းပြစေချင်တာပါ။ ငွေကပူစရာမလိုပါဘူး၊ ထူးလည်း အလုပ်လုပ်နေပြီပဲ"

"ထူးက ဘာလုပ်တာလဲ"

"ကားပွဲစားတန်းမှာလေ"

"ဟုတ်လား ..."

"ဘာမှမပူပါနဲ့ အားလုံးလိမ္မာကြတာပဲ"

"နေနီနီ့ကိုပဲ အပ်ထားခဲ့ချင်တယ်"

"အဒေါ်"

"ပြောထားတာပါကွယ် ... အဒေါ်ကိုယ်အဒေါ် စိတ်ပူလို့ပါ၊ ကျန်းမာရေးက မကောင်းဘူးလေ"

"စိတ်ချပါ အဒေါ် ... နီ စောင့်ရှောက်ပေးမှာပါ"

"အင်းလေ ... ညည်းလေးကရော ဘာလုပ်တတ်လို့လဲ၊





ဒါပေမဲ့ ... ကြည့်ရှုပေးဖို့လောက်ပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ အဒေါ်"

နေနီနီကလည်း ဘာမှမလုပ်တတ်။

ပညာရေးလည်း ချာတူးလန်။

အဒေါ်က ဘယ်တော့မှ နေနီနီကို တာဝန်ပေးတာမရှိခဲ့။

ရောဂါအရမ်းပြင်းထန်နေလို့လားပဲ။

စိတ်ပူတယ် ...

အဒေါ်ကိုလည်း မသေစေချင်သေးပါဘူး။

သူမတို့ ကြီးပွားချမ်းသာလာတဲ့အထိ ရှိနေစေချင်သည်။

"သွား ... ဆေးသွားဝယ်စမ်းပါ၊ အဒေါ် ဘာမှမဖြစ်ပါဘူး"

နေနီနီ အပြင်ထွက်လာခဲ့သည်။

ဆေးဆိုင်မှာ ဆေးဝယ်ခဲ့၏။

နေနီနီရော ဘာလုပ်တတ်လဲ ဘာမှမလုပ်တတ်။

အလုပ်ပြင်ဖို့ကလွဲပြီး အသုံးမကျသူပါ။

အိမ်ပြန်ရောက်လာတော့ ထူးလည်း ပြန်ရောက်လာသည်။

"အမေ နေမကောင်းဘူးလား ... ဆေးခန်းပြရအောင်ပါ၊ ထူးမှာ ပိုက်ဆံတွေပါတယ်"

"မင်း ဘယ်ကနေ ပိုက်ဆံတွေရလာတာလဲ ထူး"

"ပွဲစားလုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပွဲစားလဲ … မင်းမှာ ဘာအစွမ်းအစရှိလို့လဲ"

"ထူးရဲ့သူငယ်ချင်းနဲ့လုပ်တာပါ … သူကငွေရှင်လေ၊ ထူးမှာ အစွမ်းအစရှိပါတယ် အမေ … ဘာမှမပူပါနဲ့"

"မင်း မဟုတ်တာတွေ မလုပ်နဲ့နော် … အမေသေတာတောင် လက်မခံဘူး၊ မှတ်ထား … မင်းကိုပဲ အားကိုးရမှာ၊ မင်း တစ်ခုခုဖြစ်သွားရင် မင်းမောင်နှမတွေအားလုံး ဒုက္ခရောက်မှာပဲ၊ နာမည်လည်း ပျက်လိမ့်မယ် … ဆင်းရဲနွမ်းပါးရတဲ့အထဲကွယ်"

"အမေရယ် ပူမနေပါနဲ့ … ထူးက ယောကျ်ားလေးပါ"

"နေနီနီ အဒေါ်အတွက် ဆေးဝယ်လာလား"

"ဟုတ်ကဲ့ … "

"အမေ ဆေးခန်းပြပါဆို"

"ရပါတယ် … အမေ သေလည်း အားမငယ်ကြနဲ့၊ ဘဝကို မှန်ကန်တဲ့နည်းလေးကနေ ကြိုးစားကြနော် … အမေမှာခဲ့ချင်တာ ဒါပဲ"

ဒေါ်သဲ မောလာသည်။

သားသမီးတွေကိုလည်း ဒုက္ခမပေးချင်ပေ။

သူတို့မှာဝင်ငွေမှ မရှိကြသေးတာ။

ပိုက်ဆံကုန်မယ်။

သား ထူးကို ပိုပြီး စိတ်မချတာပါ။





ဘာတွေလုပ်နေလဲ။

မိသားစုကိုတော့ စောင့်ရှောက်ချင်သည်။

လိမ္မာပါတယ်။

မိမိကြောင့်လည်း မမှန်မကန်တဲ့နည်းလမ်းတွေနှင့် ငွေမရှာလိုပေ။

"မင်းပဲ ထူး … အမေ့အတွက် ငွေကို အသဲအသန်ရှာစရာမလိုဘူးနော် … အမေက ကိုယ်ကျင့်တရားပျက်ပြားတာမျိုး မလိုဘူး"

"စိတ်ချပါ အမေ"

ထူးကတော့ ယောကျ်ားပဲ။

ရတဲ့နည်းနှင့် ငွေရှာရမည်။

မိသားစုအတွက်လေ။

သူခံမယ် … ယောကျ်ားလေးပဲ။

"မမ စားစရာတွေ ပြင်လေ … အမေ ဆေးသောက်ရမယ်၊ အမေ့ကိုလည်း ကျွေးချင်တယ်"

"အေး … "

နေနီနီကတော့ စားစရာတွေယူပြီး မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

အများကြီးပဲ …



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲကျော်တွေ၊ မောင်လေးထူး ဘယ်ကနေ ပိုက်ဆံတွေရလာခဲ့တာလဲ။

နီလည်း စိတ်ပူမိသည်။

"မမ"

"ဟင် ... "

"ထူး ဘယ်ကနေ ပိုက်ဆံတွေရလာတာလဲလို့ တွေးနေတာမဟုတ်လား"

"ဟုတ်တယ် ထူး ... မမလည်း စားချင်ပေမယ့် မျိုမကျဘူးနော်"

"စားစမ်းပါ ... ထူးက ယောကျ်ားလေ၊ လုပ်ရဲရင် ခံရဲတယ်"

"ဟဲ့ ... ထူး ... "

"လာလေ"

"အေးပါ"

နေနီနီလည်း စားစရာတွေယူပြီး အပြင်ထွက်လာခဲ့သည်။ အခေါက မစားနိုင်တော့။

စိတ်ပူရ၏။

ဆေးခန်းခေါ်လည်း မရ။

နည်းနည်းပဲကျွေးပြီး ဆေးတိုက်ထားရသည်။

"သွားကြတော့ ... အမေ ဘာမှမဖြစ်ဘူး၊ ဖျားတာပါ ... အိပ်တော့မယ်"





ထူးနှင့်နေနီနီတို့ မောင်နှမနှစ်ယောက် ခြံထဲအထိ ဆင်းလာခဲ့ကြသည်။

ခြံထဲမှာရှိတဲ့ ကွပ်ပျစ်မှာထိုင်ကြ၏။

ပြောချင်တဲ့ စကားတွေ ရှိနေသည်။

"မမ"

"ဘာလဲ"

"ဒီနေ့ ထူးလေ ပွဲစားကြီးတစ်ယောက်နဲ့ တွေ့ခဲ့တယ်"

"ကားပွဲစားလား"

"အင်း ... အဲဒီသူဌေးက ကားဝယ်ရောင်းလုပ်တာ၊ မမကိုသည်း သိနေတယ်လေ"

"ဟုတ်လား ... ဘယ်သူလဲ"

"မင်းက နေနီနီမောင်လေးလားတဲ့ ... အစ်မကြွေရုပ်လေးတို့အိမ်လာရင်းနဲ့ တွေ့ဖူးတာတဲ့"

ကြွေရုပ်လေးအိမ်ကို အရင်ကတော့ နေနီနီ မကြာခဏသွားတတ်သည်။

ဘယ်သူလဲ မသိပါဘူး။

"ထူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“မင်း ငွေနောက်ကို သိပ်မလိုက်နဲ့နော်၊ အန္တရာယ်များတယ် ငွေရှာတာလဲ ငွေရှာတာပဲ ... အရမ်းမလုပ်နဲ့လေ၊ တကယ်ဆို ငွေရှာရမှာက မမပါ”

“မမက မိန်းကလေးပဲ ... ငွေနောက်အရမ်းလိုက်တာ မကောင်းဘူး၊ မရှာပါနဲ့ ... ကျော့ကျော့မော့မော့လေးနေပါ၊ သူဌေးကို ရှာယူ၊ ထူးက ယောကျာ်းလေးလေ ... ထောင်အပြင် တန်းမရှိပါဘူး”

“ထူး ... မင်းဘယ်လိုပြောလိုက်တာလဲ၊ မကြောက်မရွံ့”

“အဟက်”

“မရယ်နဲ့”

“အဲဒီ သူဌေးက မမကိုတွေ့ချင်နေတယ်၊ ထူး မိတ်ဆက်ပေးမယ်နော်”

သူဌေးဆိုတော့လည်း နေနီနီ စိတ်ဝင်စားသွားရသည်။

ထူး ပြောသလိုပဲ လုပ်ချင်နေ၏။

ဒါပေမဲ့ အမြှောင်မယားတော့ မရဘူး။

ဒေါ်လေးသဲကလည်း လက်ခံမှာမဟုတ်။

ညီမလေးသစ်သစ် ပြန်ရောက်လာသည်။

“မမနဲ့ကိုထူးရေ ... ညီမလေး အတန်းထဲမှာ အဆင့်(၁)နော် ဒီမှာ ရီပို့ကဒ် ... ”





“ဟုတ်လား”

သစ်သစ်က အရမ်းစာကြိုးစားသည်။

ဆေးတက္ကသိုလ် တက်ချင်နေ၏။

နေနီနီ တာဝန်ယူပေးချင်တယ်။

“ငါ့ညီမကို ကောင်းကောင်းဆုချရမယ်၊ ဘာလိုချင်လည်းပြော ... အခုတော့ ခေါက်ဆွဲကြော် သွားစားလိုက်ဦး၊ ကိတ်မုန့်တွေလည်း ရှိတယ်”

“ဟုတ် ... ”

သစ်သစ်က ဝမ်းသာအားရနှင့် အိမ်လေးပေါ်ပြေးတက်သွားသည်။ ထူးနှင့်နေနီနီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

ထူးကပြောတော့ ကြွေရုပ်လေးတို့မိတ်ဆွေတဲ့။

ဘယ်သူဖြစ်နိုင်မလဲ။

ကားဝယ်ရောင်းဆိုတော့ မှတ်မိပြီ ကိုနန္ဒလားပဲ။

"ကိုနန္ဒက ကြွေရုပ်လေးနဲ့ လူကြီးတွေသဘောတူထား

လေ၊ အကဲခတ်ပေးပါဦးနော် ... "

ကြွေရုပ်လေး ကြွားတဲ့အထဲမှာ သူမနှင့် စေ့စပ်ထား

ကိုနန္ဒလည်း အပါအဝင်ဖြစ်သည်။

လူချောတစ်ယောက်ပါပဲ။

နေနီနီ အားကျရတဲ့ အချက်တွေထဲတွင် ခန့်ညားချော

တဲ့ ယောကျ်ားတစ်ယောက်နှင့် လူချင်းသဘောတူထားတယ်

ကြွေရုပ်လေး၏ ဘဝပင်။

"ချောတယ် ... ခန့်တယ် ... ချမ်းသာတယ်၊ နင်လ





တ်"

နေနီနီတောင် ထောက်ခံအကြံပေးခဲ့သေးသည်။

ကိုနန္ဒပဲ ဖြစ်နိုင်တယ်။

ကြွေရုပ်လေးက အကောင်းဆုံးတွေကိုပဲ ပိုင်ဆိုင်ထားသူ။

"မမ"

"ဟင်"

"အလှပြင်"

"ဘာလုပ်ဖို့လဲ ... "

"ကိုနန္ဒနဲ့ မိတ်ဆက်ပေးမလို့လေ"

"ဖြစ်ပါ့မလားဟယ်"

"ဖြစ်ပါတယ် ... မမနဲ့မိတ်ဆက်ပေးဖို့ ပြောနေတယ်၊ ထူးရဲ့

လေ"

အင်းလေ ...

မောင်လေးထူးနဲ့ စီးပွားရေးလုပ်တာဆိုတော့လည်း နေနီနီ

တွေ့ဖို့ စဉ်းစားထားသည်။

"အင်းလေ ... မောင်လေးအတွက် လိုက်ရမှာပဲ"

ကိုနန္ဒက ကြွေရုပ်လေးနှင့်စေ့စပ်တော့မယ့်သူဆိုတာတော့

ဖြစ်တော့။

ထူးက သူမအား သူဌေးတစ်ယောက်နှင့်နီးစပ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးထူးကိုလည်း အဆင်ပြေစေချင်နေခဲ့၏။

သူမ အလိုက်အထိုက် ဆက်ဆံဖို့ပဲ ဆုံးဖြတ်ထားသည်။

"ထူး"

"ဗျာ"

"ကိုနန္ဒက မမကိုတွေ့ဖို့ တောင်းဆိုတာလား"

"ဟုတ်ပါတယ်ဆို မမကလည်း ... သေသေချာချာကိုမှ တာ"

"ကိုနန္ဒက ကြွေရုပ်လေးနဲ့ လူကြီးချင်းစေ့စပ်ထားတဲ့ လည်းဖြစ်နိုင်တယ်လေ"

"မဖြစ်နိုင်ပါဘူး ... ထူးက မမအတွက် အသေအချာကို စမ်းထားတာနော်၊ မိန်းကလေးတွေနဲ့ လုံးဝကို ပတ်ပတ်သက်သ မရှိဘူးတဲ့"

"ဟုတ်လို့လား ... "

"ဟုတ်ပါတယ်"

လူငယ်ချင်း မသိဘဲ လူကြီးတွေက စေ့စပ်ဖို့ ပြောနေတာ ဖြစ်နိုင်သည်။

ရှင် ဘယ်လိုလူလဲ။

ထူးက စိတ်ဓာတ်ထက်သန်လွန်းနေသည်။

"မမကို သဘောကျနေတဲ့ပုံပဲ ... မမအကြောင်းတွေပဲ မေ





နေတယ်၊ ထူးကတော့ သဘောတူနေပြီ၊ ကိုယ့်မမအတွက်လေ"

"ထူး ... "

"ပြော"

"ကြွေရုပ်လေးနဲ့ ဘာမှမပတ်သက်တာ သေချာလား"

"ပတ်သက်လည်း ဘာဖြစ်လဲဗျာ ... မမကို အထင်သေးတဲ့ လူတွေပဲ၊ တရားဝင်စေ့စပ်ထားကြတာမှ မဟုတ်တာ"

ကြီးကျယ်ခမ်းနားပြီး လူတစ်ဖက်သားအပေါ် အထင်သေး မြဲချဆက်ဆံချင်တဲ့ ကြွေရုပ်လေးမိဘတွေကို မုန်းတီးမိသည်။

ကြွေရုပ်လေး နင်တော့နာပြီပဲ။

ငါ့ဘက်က ကိုယ်ကျင့်တရားတွေ ဘယ်လောက် ကောင်း အောင် ထိန်းသိမ်းနေလဲ။

နင့်မိဘတွေက အတင်းပြောနေတာပဲလေ။

နေနီနီကတော့ ကိုယ့်ဘဝအတွက်ပဲ ကိုယ်ကြည့်ရတော့ မည်။

"ခဏလေ ... မမအလုပ်ပြင်လိုက်ဦးမယ်"

"ပြင်ပါ ... အလှဆုံးနော်"

သူမ အခန်းလေးထဲ ပြန်ဝင်လာပြီး အလှပြင်သည်။

ကိုနန္ဒကိုတော့ တစ်ကြိမ်တွေ့ဖူးနေခဲ့၏။

သူမ မျက်နှာဖူးဖူးလေးပေါ်မှာ နှုတ်ခမ်းလေးက အလှဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်လေးကလည်း ချောပါတယ်။

နေနီနီကိုတော့ မမှီပေ။

စွဲမက်စရာအလှတွေကို နေနီနီက ပိုင်ဆိုင်ထားသည်။

"မမ အရမ်းလှတာပဲ၊ ကိုနန္ဒနဲ့ ဘာဖြစ်လို့ မိတ်ဆက်ပေးချင်တာလဲ သိလား ..."

"ဘာဖြစ်လို့လဲ ..."

"မမကို သူ့ရွှေနဲ့သွားစေချင်တာလေ၊ ကိုနန္ဒက လူပျိုရွှေ ကောင်းတယ်၊ အပေးအကမ်းလည်း ရက်ရောတယ်ဗျာ"

"ထူးကလည်းကွာ"

မောင်လေး ထူးရဲ့ မျှော်လင့်ချက်တွေကို မပျက်သွားစေ ချင်ပေ။

"ထူးကတော့ မမကို လူတွေအထင်သေးတဲ့ အကြည့်ရှေ အောက်ကနေ လွတ်မြောက်စေချင်တယ်ဗျာ"

"မမလည်း လွတ်မြောက်ချင်တာပေါ့၊ ဒါပေမဲ့ ... မောင်လေး ရယ် ဘဝဆိုတာ စိတ်ကူးယဉ်လို့ မရဘူး ထင်တာပဲ ..."

"သွားမယ်ဗျာ ... ကိုနန္ဒ စောင့်နေလိမ့်မယ်"

"အင်းပါ"

ကြွေရုပ်လေး ငါ့ကိုသစ္စာမဲ့တဲ့ သူငယ်ချင်းကောင်း မေ တဲ့သူအဖြစ် နင်သတ်မှတ်ချင် သတ်မှတ်လိုက်တော့။

ဗိုးလပြည့်စာပေ



နင်နဲ့လည်း တရားဝင် ဇာစေ့စပ်ထားကြသေးတာမှ မဟုတ် ဘာ။

ကိုနန္ဒမှာ ရွေးချယ်ပိုင်ခွင့်ရှိတာယ်လေ။

ဘာပဲဖြစ်ဖြစ် ကြွေရုပ်လေးကိုတော့ ကြောပြချင်သည်။

မောင်လေးထူး ခေါ်လာတာက အကောင်းဆုံး စား သောက်ဆိုင်တစ်ခု ဖြစ်၏။

သူမကတော့ စိတ်မလှုပ်ရှားမိ။

ကိုနန္ဒကိုလည်း မနှစ်သက်သလိုကြီး ဖြစ်နေသည်။

"မမ လာလေ ... ထိုင် ..."

သူမ ဝင်ထိုင်တော့ ကြွေရုပ်လေး နှစ်သက်နေတဲ့ ကိုနန္ဒဆို ဘာ မှတ်မိနေသည်။

ချောမောခန့်ညားသူပါပဲ။

"ဒါက ကိုနန္ဒလေ ... မမကို သိတယ်တဲ့၊ ဒါက ကျွန်တော့် အမနေနီနီပါ"

နန္ဒကတော့ မျက်နှာဖြူဖြူ ဝင်းဝင်းအိအိစက်စက်လေးပေါ် ဆာ နှုတ်ခမ်းနီနီလေးဆိုးပြီး လှပတဲ့ကောင်မလေးကို မေ့ပြစ်မရနိုင်။

မင်းအဆင့်က ဘာလဲ။

နန္ဒအတွက် တရားဝင်က ကြွေရုပ်လေးပဲ။

"နေနီနီက ကိုယ့်ကို မမှတ်မိဘူးထင်တယ်"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကြွေရုပ်လေးရဲ့ မိတ်ဆွေပါ"

"ရှင်က ကြွေရုပ်လေးနဲ့ ဈေးစပ်တော့မယ့်သူလား"

"မဟုတ်သေးပါဘူး ... လူကြီးတွေ ဆန္ဒပါ။ ကိုယ်တို့က တရားဝင် ဘာမှမသိသေးပါဘူး"

နေနီနီ မင်းအဆင့်က ဘာလဲဆိုတာသိပါတယ်နော်။

မင်းကတော့ စွဲမက်စရာကောင်းလွန်းတဲ့ မိန်းကလေးပါ။

အချစ်တွေကို မင်းအတွက်ဖြစ်နိုင်ပေမယ့် ကိုယ့်ရဲ့တရားဝင် ဇနီးမယားတော့ မဖြစ်နိုင်ဘူး။

"နှမောင်လေးကို စောင့်ရှောက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဆက်ပြီး စောင့်ရှောက်ပေးပါဦးနော်"

"စိတ်ချပါ ... "

ထူးက သွက်လက်ချက်ခြာ၍ နန္ဒက တပည့်အဖြစ်လက် သတ်မွေးဖို့ ဆုံးဖြတ်ထားသည်။

နေနီနီနှင့်လည်း ရင်းနှီးကျွမ်းဝင်လိုနေ၏။

အရမ်းလှတဲ့ ကောင်မလေးပဲ။

"နေနီနီ ... စားချင်တာ မှာလေ"

"ကျွန်မ ဘာမှာရမှာလဲ ... မမှာတတ်ပါဘူး၊ မှာချင်တာမှာ ပါ"





"မမ ထူးမှာပေးမယ်၊ မမစားချင်တာတွေလေ ... "

ထူးကတော့ မမအတွက် အမြဲတမ်း စဉ်းစားပေးခဲ့သည်။

မမကို ချမ်းချမ်းသာသာ နေစေချင်တာဟုတ်လား။

ဒါပေမဲ့ ...

ကိုနန္ဒက စားဖားကြီးပါ။

မမ သိပါတယ်။

သူ့မျက်ဝန်းတွေက တောက်တောက်ပပနှင့် အကြည့်တွေ က စူးစိုက်နေသည်။

"ထူး"

"ဗျာ"

"မင်းမမ ဘာတွေကြိုက်တတ်လဲ၊ အကုန်ကျွေးကွာ ... မင်းက အစ်မမှ အစ်မပဲ"

"ကျွန်တော့်အစ်မကောင်းစားဖို့ဆိုရင် ကျွန်တော် ဘာမဆို လုပ်နိုင်တယ်ဗျာ"

နေနီနီကတော့ မောင်လေးထူးအတွက်ပဲ စိတ်ပူတာပါ။

ကိုနန္ဒက လူကောင်းလား။

ကြွေရုပ်လေးမိဘတွေကတောင် လက်ခံခဲ့တာပဲ။

စားစရာတွေ ရောက်လာသည်။

"စားလေ နေနီနီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဒေါ်လေးကို သတိရမိသည်။

အကောင်းဆုံးတွေပဲ ကျွေးချင်နေ၏။

ဒေါ်လေးသဲ နေမကောင်းတော့ဘူး။

ကျန်းမာရေးအတွက် စိတ်ပူမိရသည်။

"မမစားနေနော် ... ကျွန်တော် ကားကိစ္စသွားရဦးမှာပဲ၊ ကိုနန္ဒ စိတ်ချမယ်နော် ... "

"သွားလေ ... ဟုတ်သားပဲ၊ ဒီနေ့ ကားတစ်စီး ဆိုင်ထားတယ်၊ မင်းကို သင်ပေးထားတာပဲ"

"သွားပြီ"

မောင်လေးထူးကတော့ တမင်ရှောင်ထွက်ပေးသွားမှန်း နေနီနီ သိသည်။

"နေနီနီ ... "

"ရှင်"

"မင်းကိုတွေ့တွေ့ချင်းပဲ ကိုယ်စိတ်ဝင်စားသွားရတာလေ"

"ဟုတ်လား"

ကြွေရုပ်လေးကတော့ ကံကောင်းပြန်ပြီပဲ။

ကိုနန္ဒက လူချော့တစ်ယောက်။

ဒါပေမဲ့ ...





နေနီနီကတော့ မနှစ်သက်မိ။

ကြွေရုပ်လေးကို အရွဲ့တိုက်ချင်တာရယ်၊ မောင်လေးထူးရဲ့ သူငွေးဖြစ်နေတာရယ်ကြောင့် အလိုက်အထိုက်နေဖို့တော့ စဉ်းစားထားမိသည်။

"နေနီနီ ... မင်းဘာတွေစဉ်းစားနေတာလဲ ... ကိုယ့်အကြောင်းလား"

"ကြွေရုပ်လေးအကြောင်းတွေလေ ... "

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့လက်ထပ်ခွင့်ရလို့ ကံကောင်းပြန်ပြီ"

သူ ရယ်သည်။

ရှင့်ကို ကျွန်မ ဘာဖြစ်လို့မျှား အထင်မကြီးရတာလဲ။

ကျွန်မကလည်း ကြွေရုပ်လေးဆီက ရှင့်ကိုလုယူချင်တယ်။

ကြွေရုပ်လေး အမေတွေ အဖေတွေကြောင့်လေ။

"မင်း အရမ်းလှတယ်"

"ရှင်"

"ချစ်စရာလည်း ကောင်းတယ်"

"ကျွန်မက ရှင့်ကိုကျွေးစရာ ပိုက်ဆံမရှိဘူးနော်"

"တကယ်ပြောတာပါ"

နေနီနီ့ကို သွေးတိုးစမ်းပြီး ချစ်စကားတွေ ပါးပါးလေး ပြော



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

မင်းအတွက် ငွေပဲလိုတာ မဟုတ်လား။

"မင်းလိုအပ်တာတွေကို ကိုယ်ဖြည့်စွမ်းပေးနိုင်ပါတယ် နေနီနီ ... ပြောပါ ... "

"တိုက်တစ်လုံး ကားတစ်စီးလေ ... "

"ထပ်ပြောပါဦး"

ရှင်က ဘာဖြစ်လို့ပေးနိုင်တယ်လို့ မပြောဘဲ ရယ်ကြဲကြဲလုပ်နေရတာလဲ။

နေနီနီ သိလိုက်သည်။

သူမအား အဖြေရှင်းထားဖို့ နေနီနီတို့ မိသားစုမှာ ငွေကြေးအခက်အခဲဖြစ်နေသည်။

"ကျွန်မနာမည်နဲ့ ဘဏ်စာရင်းမှာ ငွေဘယ်လောက်ထည့်ထားပေးနိုင်မလဲ"

မှတ်ထား ...

ရှင်က ကျွန်မကိုလာပြီး စမ်းသပ်နေတာပဲ။

ရှင်နဲ့ကြွေရုပ်လေး လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။

ရှင့်ကို ကျွန်မ လက်ခုပ်ထဲကရေဖြစ်အောင် လုပ်ပြစ်တော့မယ်လေ။

"ကျွန်မ လောဘကြီးတယ်"





"ဖြစ်စေရမယ်ဆိုရင်ရော"

"အဟက် ... "

"အိုကေမလား"

သူမလက်လေးကို မသိမသာ ဆုပ်ကိုင်လိုက်သဖြင့် သူမဆတ်ခနဲ ရုန်းဖယ်ပစ်မိသည်။

ရှင်က ဘာလဲ ... အချောင်ရမယ် ထင်နေလား။

"အဲဒီလိုတော့ မလုပ်ပါနဲ့ ... ကျွန်မက ရှင်ထင်ထားသလောက်တော့ အပေါစားမဆန်ဘူးနော်"

"နေနီနီရယ် ... မင်းကလဲကွာ၊ အိုင်တင်တွေ ခံမနေစမ်းပါနဲ့ ... ပွင့်ပွင့်လင်းလင်းပဲလေ ... "

"မဖြစ်နိုင်ပါဘူး၊ စားစရာတွေစားပါ ... ကျွန်မကတော့ ညီးစားရဦးမယ်လေ"

ရှင် လက်ထပ်မှာက ကြွေရုပ်လေးမဟုတ်လား။

ကျွန်မကိုတော့ အပျော်ပေါ့လေ။

ရှင့်မျက်ဝန်းတွေက တဏှာရာဂတွေ များလွန်းပြီး ရမက်ခိုးတွေ ဝေနေတယ်လေ။

နေနီနီ ဘာဆက်လုပ်သင့်လဲ။

ကြွေရုပ်လေးကို နှိပ်ကွပ်ရမှာထက် သူမ ခံရဖို့ များနေပြီ။

"ကိုယ်နဲ့ခင်မင်ပတ်သက်နေတာတွေကိုတော့ ကြွေရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



မသိစေချင်ဘူး"

"ရှင်"

"ကိုယ့်ကို လူကြီးတွေက အတင်းအကြပ် လက်ထပ်ပေးမှာ စိုးရိမ်တယ် ... ကိုယ် ငြင်းပယ်လို့ မရနိုင်ဘူးလေ"

"ကိုနန္ဒ"

"ပြောလေ ... "

"ရှင်ကရော လူကြီးတွေက အတင်းစီစဉ်ရင်ပဲ ဖြစ်ဖြစ်ပေ့"

"ကြေးရုပ်လေးက လက်ထပ်သင့်တဲ့မိန်းကလေးဆိုတာ တော့ ကိုယ့်စိတ်ထဲမှာ အသိရှိနေတယ်"

ကျွန်မကရောဟု မေးချင်ပေမယ့် ဘာမှမဆိုင်ပေ။

ရှင်ကလည်း လက်ခံချင်နေတာပဲ။

အင်းလေ ...

ကျွန်မလို မိန်းကလေးမျိုးကိုတော့ ရှင့်ရဲ့တရားဝင် ဇနီး မယား ဘယ်ဖြစ်ချင်ပါ့မလဲ။

"မင်းရဲ့နှုတ်ခမ်းနီနီလေးကိုတော့ ကိုယ်စိတ်ဝင်စားတယ်"

"ရှင်"

"မင်းသဘောပေါက်လား ... "

သူမ ရယ်ပြစ်သည်။

တကယ်တော့ နေနီနီ ငိုပစ်ချင်နေတာပါ။





ကြေးရုပ်လေးကို ပြိုင်ချင်ပေမယ့် မနိုင်နိုင်တော့ ရှုံးနေသည်။

"နေနီနီ"

"ရှင်"

"မင်း ဘာလိုအပ်လဲ ... "

"ကျွန်မဘဝက အရာအားလုံး လိုအပ်နေတာပဲလေ၊ ကျွန်မ ပြောထားပြီးပြီပဲဟာ"

"ကိုယ် ဖြည့်စွမ်းပေးပါ့မယ်"

"ကျွန်မ ပြန်တော့မယ်"

"နေပါဦးကွာ ... ကိုယ်က မင်းကိုလိုအပ်တာတွေ လိုက် ဝယ်ပေးချင်သေးတယ်လေ"

"အသေးအမွှားလေးတွေတော့ ကျွန်မ လိုချင်တဲ့ဆန္ဒမရှိဘူး နော်"

သူမ ထသည်။

ရှင်ကရော ကျွန်မကိုလာပြီး အပျော်ကြံစည်ချင်တာလား။

သူမ ဒေါသတော့ ဖြစ်ရ၏။

ကိုနန္ဒက ကားနှင့်အတင်း လိုက်ပို့ပေးသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

ကိုနန္ဒနှင့်ပတ်သက်မှုတွေက ရှင်းနေသည်။

သူကလည်း ပွင့်လင်းစွာ ပြောခဲ့တာပဲ။

ကြွေရုပ်လေးကိုတော့ လက်ထပ်မှာတဲ့။

နေနီနီကတော့ တိတ်တိတ်ပုန်း အရမ်းရယ်ရတယ်။

ကြွေရုပ်လေး မိဘတွေကို သူမ ပြုံးသနား ရှာပစ်ချင်လာသည်။

နင်လက်ထပ်မယ့် ယောက်ျားက လူရုပ်လူပွေပဲဖြစ်ရမယ်။

ငါ့အကျလေ။

ကိုနန္ဒက လက်ဆောင်ပစ္စည်းတွေ အများကြီး ဝယ်ပေးခဲ့သည်။

"နင် လက်ထပ်မယ့်ယောက်ျားဆီက ရသလောက်တော့ ယူရမှာပဲ ကြွေရုပ်လေး ... နင်ကိုယ်တိုင်က ငါ့ကိုခင်မင်သလိုနဲ့





ကြွားဝါချင်နေတာလေ"

အဒေါ်သဲကလည်း နေမကောင်းဘူး။

သူမ ဆေးကုပေးချင်သည်။

အစားကောင်း အသောက်ကောင်းတွေ ကျွေးချင်မိ၏။

ငွေရှာရမယ်။

ဘယ်ကရရလေ။

ရှင်ဘယ်လိုခြေလှမ်းတွေ လှမ်းနေလည်းဆိုတာ ကျွန်မသိတယ်။

မြွေမြွေချင်း ခြေမြင်တာမျိုးပေါ့။

"မမ"

"ဟင်"

"ဘယ်လိုလဲ"

"စားနေကျ ကြောင်ဖားကြီးပဲ"

"ဟုတ်လို့လား"

"မမမောင်လေးမှန်းသိလို့ မင်းကိုအရေးပေးနေတာလေ ... သူတကယ်လက်ထပ်ယူမှာက ကြွေရုပ်လေးပဲ"

"ဗျာ"

"မမကို အပျော်ကြံတာလေ"

"မဖြစ်နိုင်တာပဲမမရာ ... ကိုနန္ဒက မိန်းကလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ရှုပ်ရှုပ်ယှက်ယှက်မရှိတာပါ၊ အစ်မကြွေရုပ်လေးနဲ့က လူကြီးတွေ စီစဉ်တာပါ"

ထူးပင် ကိုနန္ဒကို အထင်တကြီးဖြစ်နေသည်။

နေနီနီကတော့ လူယုတ်မာကြီးဟုပင် ထင်မှတ်နေခဲ့၏။

မုန်းတယ် ...

ကြွေရုပ်လေးမိဘတွေကို မခံချင်စိတ်ရှိ၍ အပြတ်မဖြတ် လိုက်ခြင်း ဖြစ်သည်။

"ကိုနန္ဒကို အထင်မကြီးပါနဲ့ ထူးရယ် ... သတိထားစမ်းပါ မမကတော့ မောင်လေးအတွက်ပဲ စိတ်ပူတယ်"

"မမကို အပျော်ကြီးလို့တော့ မရဘူး ... ထူးနဲ့တွေ့သွားမှာ ပေါ့၊ အသက်ချင်းလဲပစ်မယ်"

"ထူး အရမ်းလောမကြီးနဲ့ ... မမကလည်း အခြေအနေအား ပတ်သက်ရဦးမယ်၊ မောင်လေးအလုပ်ကိစ္စအတွက်ရောပဲ"

ထူးလည်း မမကိုတော့ အထိမခံချင်ပေမယ့်လည်း မိသား အတွက် ငွေကြေးက လိုအပ်နေသည်။

အမေလည်း နေမကောင်းဘူး။

ဆေးဖိုးလိုတယ်။

ညီမလေးသစ်သစ် ကျောင်းစရိတ်ရောပဲ။

"နေနီနီဆိုတဲ့ မိန်းမကို လျှော့တွက်မိရင် မှားလိမ့်မယ်ထူး"





"ထူးကတော့ မမကို ယောက်ျားကောင်းကောင်းရစေချင် တယ် ... ဒါကြောင့် ... ထူးလေ ခိုးဝှက်တာတွေ သိပ်မလုပ်ချင်ဘူး မကြောင့်ပါ ... "

"ထူးရယ်"

နေနီနီ ကြေကွဲဝမ်းနည်းရလွန်းသည်။

ရင်နာလွန်းရ၏။

သူမ ဘဝကို သူမသိနေသည်။

နိမ့်ကျနေတဲ့ဘဝ။

ဘယ်လိုလူကြီးလူကောင်း အသိုင်းအဝန်း ယောက်ျားတစ် ယောက်က အတည်လက်ထပ်ယူမလဲ။

ငိုချင်သည်။

"ထူးတစ်ယောက်လုံး ရှိပါသေးတယ်မမရာ ... ဘာမှအား ငယ်စရာမလိုပါဘူး၊ ကိုနန္ဒကသာ မမကို အတည်ယူမယ်ဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်ထားနေစရာမလိုဘူးနော် ... လက်ခံ လိုက်"

ထူးရယ် ...

မမကို အတည်မယူနိုင်ပါဘူး။

ကြွေရုပ်လေးကိုပဲ လက်ထပ်မှာပါလို့ကိုနန္ဒက အတိအလင်း ပြောထားပြီးပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ထူးကိုတော့ မပြောပြတော့။

ထူးက နို့ကို ထိ၍မရ။

ပြဿနာတွေ မဖြစ်စေရန် နေနီနီ ငြိမ်သက်နေလိုက်သည်။

"အဒေါ်ကို ဆေးရုံတင်ချင်တယ် ထူး ... "

"ကောင်းတယ် မမ ... ဖျောင်းဖျပေးပါ"

ထူးလည်း ကြေကွဲနာကျင်နေရသည်။

မိသားစုအတွက် အမေဘယ်လောက်အထိ အလုပ်ကြမ်းတွေ လုပ်ခဲ့ရလဲ။

တစ်နေ့ နှစ်အိမ် သုံးအိမ်ရအောင် အဝတ်တွေလျှော်၊ သန့်ရှင်းရေးတွေလုပ်ရ နဲ့ အမေလဲပြီပေါ့။

တစ်နေ့တခြား ရောဂါက ပိုပိုဆိုးလာသည်။

"အဒေါ့်ဆီ သွားကြမယ်"

မောင်နှမတွေ အဒေါ်အခန်းထဲ ဝင်လာကြသည်။

"အဒေါ်"

"ဟင် ... နေနီနီနဲ့ထူး မင်းတို့ ပြန်လာကြပြီလား"

"ဆေးခန်းပြရအောင် ... လိုအပ်ရင် အဒေါ့်ကို ဆေးရုံတင်ရမယ်လေ"

"ပိုက်ဆံမှမရှိတာဘဲကွယ် ... နေပါစေ"

"အဒေါ်ရယ် ... ဒီအတိုင်း ဘယ်ဖြစ်မလဲ၊ မိသားစုတွေ ..."





သက်လုံး စိတ်ထိခိုက်ကြေကွဲရအောင် မလုပ်ပါနဲ့"

"ထူးအလုပ်ရှင်က အမေ့ဆေးဖိုးအတွက် ကြိုတင်ငွေထုတ်ပေးပါတယ် အမေ"

"မင်း ဘာတွေလုပ်နေတာလဲ ထူး ... အမေအတွက် မတော်မတရားတွေ ငွေမရှာနဲ့နော်၊ အမေ လုံးဝလက်မခံဘူး ... အမေ အသေခံမယ်"

"အမေရာ ... ထူး တကယ်ပဲ ပွဲစားလုပ်နေတာပါ၊ မယုံရင် ဆူးသူဌေးကို ခေါ်ပြရမလား"

"နီရော ... အဒေါ်အတွက် ငွေမရှာနဲ့ ညည်း မရှာတတ်ဘူး"

"အဒေါ်ရယ် ... အဒေါ် တစ်ခုခုဖြစ်သွားရင် နေနီတို့ မောင်နှမတွေ ဘယ်လိုဖြစ်သွားကြမလဲ၊ အားတင်းပြီး ဆေးကုပါ"

ဘဝက ဆိုးလိုက်တာဟု ဒေါ်သဲ စဉ်းစားနေမိသည်။

ကလေးတွေကိုတော့ ပြစ်ထားလို့ မဖြစ်သေးပေ။

မိမိအတွက် ငွေရှာရင်း မကောင်းမှုဒုစရိုက်တွေလည်း လုပ်ကြမှာ စိတ်ပူ၏။

အထူးသဖြင့် နေနီနီပဲ။

ရုပ်ရည်လေးကချောတော့ မဟုတ်တာတွေ ကြံစည်မှာ ကြောက်သည်။

"နေနီနီက လင်ကောင်းသားကောင်းလေးနဲ့ လက်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်တယ်တယ် နေထိုင်စေချင်တယ်”

“အဒေါ်ရယ် ... အဲဒါက နောက်ပါ၊ လောလောဆယ် အဒေါ်ကို ဆေးကုပေးချင်တယ်၊ ခေါင်းမမာပါနဲ့ ... ဆေးခန်းပြမယ်”

“နောက်နေ့မှကွယ်”

မိမိမှာတော့ မောနေသည်။

ဒါပေမဲ့ ...

သားထူးနဲ့နေနီနီကို ငွေမရှာစေချင်ပေ။

ဘယ်လိုလုပ်ရမလဲ။

သားထူးကတော့ ငွေတွေ ရရလာပုံပင်။

စိတ်တော့ပူတယ်။

“သွားကြတော့ အမေအိပ်ဦးမယ် ... စိတ်မပူကြပါနဲ့၊ အဖေ ဘာမှမဖြစ်ပါဘူးကွယ်”

အဒေါ့်ကို ပြောမရသဖြင့် ဆန်ပြုတ်တိုက်ပြီး ဆေးတိုက်သည်။

ပြီးတော့ ...

အပြင်ထွက်လာခဲ့ကြ၏။

သစ်သစ်ကလည်း မအိပ်မနေ စာတွေကျက်နေသည်။

“သစ်သစ် ... အိပ်ဦးနော် ညီမလေး၊ ဘာလိုအပ်သေး ခေါင်းဖုံးထဲမှာရော ရေနွေးရှိလား၊ ဆာရင် အိုဗာတင်းတွေ ဘာ





...သောက် ... ”

“ဟုတ်”

“အိပ်ရေးသိပ်အပျက်မခံနဲ့ စာမေးပွဲဖြေကာနီးမှ ကျန်းမာ ... ချို့တဲ့နေမယ်”

“ဟုတ်”

မောင်လေးနဲ့ညီမလေးတွေက နေနီနီ့စကားကို နားထောင် ...သည်။

လိမ္မာကြ၏။

အဒေါ်မရှိတော့လျှင် နေနီနီပဲ တာဝန်ယူရမှာပါ။

“ထူးလည်း အိပ်တော့ ... မမလည်း အိပ်တော့မယ်”

“ဟုတ်ကဲ့ မမ ... ”

သူမ အိပ်ခန်းလေးထဲဝင်လာခဲ့သည်။

အိပ်ရာပေါ် လှဲချလိုက်ပြီး မျက်ဝန်းတွေက ကြောင်နေ၏။

အိပ်မရ။

အတွေးတွေထဲသို့ ကိုနန္ဒက ဝင်လာသည်။

“ကြွေရုပ်လေးမိဘတွေက လက်ခံရင် ကိုယ်မလွှဲမသွေ ...ထပ်ရမှာပဲ ... လူကြီးတွေစကား လက်မခံရင် ကိုယ်အမွေ ...ခံရမှာလေ ... ချစ်တာနဲ့လက်ထပ်တာ မတူဘူးထင်တယ် ...နီ”



www.burmeseclassic.com

www.burmeseclassic.com



တကယ် ရယ်ရတယ်။

ကျွန်မကိုတော့ ချစ်တယ်ပေါ့လေ။

ရှင့်စိတ်ကို ကျွန်မ သိပါတယ်။

ရှင်က ဟန်ဆောင်နေတာပါ။

လူကောင်းမဟုတ်ဘူး။

လူရှုပ်လူပွေ။

"နင်တော့ ခံရပြီဖွတ်တော့ ကြွေ ... နင့်မိဘတွေက အမ်းကြီးကွင်းကျယ်တွေလေ ..."

သူမကို အထင်သေးကြတဲ့ လူတွေ။

ရှင်တို့ရဲ့သမက်လောင်းကြီးက ဘာဆိုတာ မကြာခင် သိကြတော့မယ်လေ။

"ကြွေရုပ်လေး ... နင့်ကို သတိပေးရင်လည်း ငါကမနာလိုလို့ ထင်ဦးမယ်"

ကြွေရုပ်လေးကိုတော့ နေနီနီလည်း သံယောဇဉ်ရှိသည်။

သတိပေးချင်၏။

ဒါပေမဲ့ ...

လက်ခံမှာမဟုတ်။

ကိုနန္ဒက လူကြီးလူကောင်း မိသားစု အသိုင်းအဝန်းက ယောက်ျားလေ။





အိပ်ပျော်အောင် ကြိုးစားရသည်။

ညဉ့်နက်မှ အိပ်ပျော်သွားသည်။

"မမ ... ထတော့လေ၊ နေမြင့်နေပြီ ... သစ်သစ်ကျောင်းသွားတော့မယ်"

သစ်သစ် နိုးမှ နေနီနီ နိုးသွားသည်။

"အင်း ... သွား ... သွား ... မမ နိုးပါပြီ"

"ကိုထူးလည်း သွားပြီ"

ထူးတောင် ထွက်သွားပြီပဲ။

အဒေါ့်အခန်းထဲ ဝင်ကြည့်တော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေသည်။

သူမ မျက်နှာသစ်ပြီး အလှပြင်နေစဉ် ကြွေရုပ်လေးက ကားနှင့်ရောက်လာ၏။

အတော်ပဲ နေနီနီလည်း တွေ့ချင်နေတာပါ။

သူမအလှကို အစွမ်းကုန်ပြင်၍ ထွက်ခဲ့သည်။

"နေနီနီ ... အရမ်းလှနေတာပါလား၊ အပြင်သွားမလို့လား"

"အင်း"

"ငါ့မွေးနေ့လေ ... နင့်ကို ဘောင်းဘီအရှည်တစ်ထည် လက်ဆောင်လာပေးတာပါ၊ ငါ့အဖေ နိုင်ငံခြားက ဝယ်လာတာ"

နင်ဟာလေ ကြွားစရာဆိုလို့ ငါတစ်ယောက်တဲ့ရှိတယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

အမြင်ကတ်လိုက်တာ နေနီနီကို အထုတ်လှမ်းပေးသည်။

"နှင့်အကျတော့ မဟုတ်ပါဘူးနော် ... ငါလည်း ဝယ်ဝတ်နိုင်နေပါပြီ"

"နှင်တို့မိသားစု အခုတလော ထောနေတာသိပါတယ်ဟာ၊ ဘာတွေနဲ့ ထောနေမှန်းသာ မသိတာပါ"

စကားပြောနေတာက အထေ့အငေါ့တွေနဲ့။

ကြွေရုပ်လေး ရောက်လာပြီဆိုရင် တစ်ခုခု ကြွားစရာအကြောင်းရှိမည်ဆိုတာ နေနီနီ သိပြီးသားပဲ။

"အသစ်ပါဟဲ့ ... ပြီးတော့လေ နှင့်ကိုမိတ်ဆက်ပေးစရာရှိလို့ လာခေါ်တာပါ"

"ဘယ်သူနဲ့လဲ"

"ကိုကိုနန္ဒနဲ့"

"ဘာ"

"နှင်တွေ့ဖူးတယ် မဟုတ်လား"

"အင်း"

"ကိုကိုနန္ဒကလေ ... ငါ့မွေးနေ့မှာ လိုချင်တာတွေဝယ်ပေးမယ်တဲ့၊ စားချင်တာတွေလည်း ကျွေးမယ်တဲ့ဟ"

"ငါပါတာကို သိလား"





"ဟင့်အင်း ..."

"နှင်ကလည်း ငါမလိုက်ချင်ပါဘူး ... ရှုပ်တယ်"

"လိုက်ခဲ့ပါဟာ ... ငါက နှင့်သူငယ်ချင်းလေ ..."

"ကြွားစရာဆိုလို့ ငါ့တစ်ယောက်ထဲပဲရှိတယ်လို့ ထည့်ပြောဦးလေ"

"နေနီနီရာ ... နှင်ကလဲ ဟုတ်တယ်ဟာ နှင့်ကိုကြွားမလို့ကဲ ..."

ငါသိသားပဲ။

နှင်နဲ့လက်ထပ်မယ် ကိုနန္ဒက ချောကြောင်း ထောကြောင်း နှင့်ကိုချစ်တဲ့အကြောင်းတွေ ပြမလို့မဟုတ်လား။

"လိုက်ခဲ့ပါဟာ နော် ..."

"အင်း ... လိုက်မယ်လေ"

ကိုနန္ဒဆိုတဲ့လူက ဘယ်လိုလူမျိုးလည်းဆိုတာ နှင်မသိဘူး မဟုတ်လား ကြွေရုပ်လေး။

အရမ်းအထင်ကြီးနေတယ်ပေါ့လေ။

ကောင်းတယ် ...

နေနီနီ့ကို အထင်သေးချင်တဲ့လူတွေ။

"ကြွေရုပ်လေး"

"ပြော ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ကိုနန္ဒကို အရမ်းချစ်နေပြီလားဟင်"

"ချစ်တယ် ... လူကြီးတွေ သဘောတူထားတယ်ဆိုတော့ အလွဲမသွေ လက်ထပ်ရမှာပဲ ထင်တယ်"

"နင့်ကိုရော သူကချစ်တယ်လို့ ပြောလား"

"ပြောတယ်"

"ဘာပြောတယ်"

"နင်ကလည်း အလန့်တကြားနဲ့ ဘာဖြစ်လို့ အော်ရတာလဲ"

ကိုနန္ဒ ရှင်က ဒီလိုလား။

နေနီနီ့ကိုပြောတော့ စိတ်မပါသလိုနဲ့။

လူကြီးတွေ အတင်းပေးစားလို့ပဲ လက်ထပ်ရတော့မလိုလို့

လူယုတ်မာကြီး။

လူတွေအပေါ် နည်းမျိုးစုံနဲ့ ကလိမ်ကကျစ် ကျချင်တယ်

"နင်ကလဲ ... ငါလည်း အဖြေမပေးသေးဘဲ စဉ်းစားတုန်းပါ ကိုကိုက အဖြေကို အတင်းတောင်းတယ် ... ကြွေက ချစ်တယ်ဆို ရင် လူကြီးတွေနဲ့ အမြန်ဆုံး စေ့စပ်မယ်တဲ့"

"ဟုတ်လား"

"ကြွေလေ ... မငြင်းနိုင်တော့ဘူး၊ ချစ်တယ်လို့ အဖြေပေး လိုက်ချင်တယ်"

ကိုနန္ဒက ကြွေရုပ်လေးအတွက် ဘာငြင်းစရာမှမလိုအောင်





ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေလို့လား။

ရယ်ချင်သွားသည်။

တွေ့ကြသေးတာပေါ့ ကိုနန္ဒရယ်။

ရှင်က ကျွန်မကို တန်ဖိုးမထားဘဲ အပျက်မတစ်ယောက်လို ဆက်ဆံချင်တာလား။

ကျွန်မကို လျော့တွက်ထားတာပေါ့လေ။

"နင်လည်း အကဲခတ်ပေးဦးလေ"

"အင်းပါ"

"ငါက ဒီညပဲ အဖြေပေးရမှာဟ"

"မိန်းကလေးဆိုတာ နည်းနည်းတော့ အိုင်တင်ခံရတယ်ဟ၊ ...န်လေးပြဦးလေ"

"အင်း ... ငါလည်း ရုတ်တရက်ကြီးတော့ အဖြေမပေးသေး ...ဲ့ စဉ်းစားနေပါတယ်"

"ကောင်းပါတယ် ... နင်ကတော့ ကံကောင်းမှာပါဟယ်၊ ...ကောင်းခြင်းတွေကို ပိုင်ဆိုင်ထားတဲ့ ကြွေရုပ်လေးပဲ"

နင် လင်ရတော့ ကံကောင်းမှာမဟုတ်တော့ဘူး ကြွေရုပ် ...သား။

ကိုနန္ဒက လူရှုပ်လူပွေ လူလိမ်။

စီးပွားရေးတောင် ကောင်းရောင်းကောင်းဝယ်ရှိပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး။

ကြွေရုပ်လေးကတော့ ကိုနန္ဒနှင့်တွေ့ဖို့ ရင်ခုန်လှုပ်ရှားနေ ပင်။

နေနီနီ လိုက်လာခဲ့သည်။

○

အခန်း ( ၈ )

နေနီနီက ကိုနန္ဒအား ရဲဝံ့စွာ ရင်ဆိုင်ပြစ်လိုက်သည်။

အကြည့်ချင်း ဆုံမိသွားကြ၏။

ရှင် ကြောက်နေပြီ မဟုတ်လား။

ကြွေရုပ်လေးသိသွားမှာ အတော်လေး စိုးရိမ်နေပုံပဲ။

သူမ ဒေါသ ဖြစ်ရသည်။

"ကိုကို"

"ဟင်"

"ဒါက ကြွေ့သူငယ်ချင်း နေနီနီတဲ့ ... သူက ကိုနန္ဒလေ ကြောခင် ကြွေနဲ့လူကြီးချင်း စေ့စပ်ကြတော့မှာ နီ ... "

"ဟုတ်လား ... တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မ နေနီ နီပါ"

"ကိုယ်လည်း တွေ့ရတာ ဝမ်းသာပါတယ် နေနီနီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒရဲ့ သဘောထားကို သူမ သိသွားသည်။

ဟန်ဆောင် ကောင်းတဲ့လူ။

သူမကို ဘယ်လိုထားနေတာလဲ။

အခုတော့လည်း ကြွေရုပ်လေးမှ ကြွေရုပ်လေးပဲ ကြင်နာလိုက်တာ။

တယုတယ ကျွန်မကိုလည်း ရှင်လုပ်ခဲ့တာပဲ မဟုတ်လား။

ကြွေရုပ်လေးက အစိမ်းသက်သက်။

ကိုနန္ဒအား ချစ်ခင်နှစ်သက်နေတာ သိသာသည်။

"ကြွေ ... စားချင်တာ မှာနော်၊ ကိုကို့ကို ဘာမှအားနာစရာမလိုဘူး၊ ကြွေ့အတွက် အားလုံးဖြစ်စေရမယ်"

ဟွန်း ... လူလိမ်ကြီး။

ကြွေရုပ်လေးကိုပဲ အရမ်းချစ်ပြီး သစ္စာရှိနေတဲ့ပုံ။

သူမကတော့ ဟန်မပျက် ကိုနန္ဒကရော အရှက်မရှိလိုက်တာ။

မျက်နှာပြောင်လွန်းသည်။

"ရှင်က ကြွေရုပ်လေးကိုတော့ တန်ဖိုးထားပြီး ကြင်နာနေတယ်၊ တရားဝင် လက်ထပ်ယူပေါ့လေ ... နေနီနီက ဘာလဲ"

နာကျင်သွားသည်။

ရှင် အထင်သေးတာပဲ။





အဖက်ပင် မလုပ်။

ဘယ်လောက်အထိ ခံပြင်းစရာကောင်းလဲ။

"ကြွေ ... ဘယ်သွားမလဲ၊ ဘာဝယ်ချင်သေးလဲ၊ ဒီနေ့ မွေးနေ့လက်ဆောင်အဖြစ် ကြွေ ဆန္ဒတွေအားလုံး ပြည့်စေရမယ်"

"နှစ်ယောက်ထဲတော့ မသွားချင်ပါဘူး ... ကိုကိုကလဲ အခုတောင် နေနီနီ့ကို ခေါ်လာခဲ့ရတာ"

"နေနီနီ့ကို ပြန်လွှတ်လိုက်ပါ ကြွေရယ် ... ကိုကို့ကို ဘာကြောက်စရာရှိလို့လဲ ... အားနာစရာကြီး"

ရှင်က ကျွန်မကို ပထုတ်နေတာပေါ့လေ။

ကြွေရုပ်လေးကို အပြတ်ညှုမလို့လား။

နေနီနီက တန်ဖိုးမဲ့လွန်းလို့လား။

သူမက ငွေရဖို့ပဲ စဉ်းစားနေသည်။

မစဉ်းစားလို့လဲ မရ။

မိသားစုဘဝက ကံဆိုး၏။

သူမလည်း ဆက်မနေချင်တော့။

"ဟုတ်တယ် ကြွေ ... နင်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် နေကြပါဟာ"

"မသွားပါနဲ့ နေနီနီရာ ... ငါအဖော်ခေါ်လာတာပဲ၊ နေပါ ... ဟိုလည်း စားကောင်းတာတွေ ကျွေးချင်လို့ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



ကြွေကတော့ အတင်းပေးနေသည်။

ကိုနန္ဒကတော့ သွားစေချင်ပုံပင်။

ခံပြင်းလိုက်တာ ... နေနီနီကို အပေါ်စားမိန်းကလေး

သတ်မှတ်ထားတဲ့လူ။

ရှင်သိမယ် ...

နေနီနီကို လျှော့မတွက်ထားပါနဲ့။

သူမကို လိုက်ပို့မယ်လည်း မပြော။

ဒေါသဖြစ်ဖြစ်နှင့် ထပြီး ထွက်လာခဲ့သည်။

နှုတ်ခမ်းလေးတွေက ဒေါသကြောင့် တဆတ်ဆတ်ပင်

လာရ၏။

လမ်းမပေါ် အသိကင်းမဲ့စွာဖြင့် ဒေါသတွေ ဆူဝေ

လျှောက်နေခဲ့သည်။

"ကျွိ ..."

"ဟင်"

"ဟာ"

"အား ..."

ကားတစီးနှင့် မထင်မှတ်ဘဲ ဝင်တိုးမိတော့သည်။

ကားဘရိတ် အုပ်သံက ဆူညံစွာ ထွက်ပေါ်လာပြီး

လည်း လမ်းမပေါ် ခွေခနဲ လဲကျသွားတော့၏။





ကားပေါ်မှ လူတစ်ယောက် ဆင်းလာပြီး ကြည့်သည်။

"အမိ ..."

"ရှင်"

"ဘာဖြစ်သွားသေးလဲ"

"ကျွန်မ ခြေခေါက်လဲသွားတာပါ၊ ကားနဲ့တော့ မထိမိပါဘူး၊

မှမဖြစ်ဘူးထင်တယ်"

"ကားပေါ် အမြန်တက်ရအောင် ... လူတွေဝိုင်းလာလိမ့်

ကိုယ်အားလုံး တာဝန်ယူပါတယ်"

သူမကို ဆွဲထူ၍ ကားထဲကို ဝင်စေသည်။

သူမ ခြေထောက်ကတော့ ထောက်၍ မရတော့။

ကားနှင့်တော့ မထိ။

လန့်ပြီး ခြေထောက်ခေါက်လဲကျသွားတာပါ။

ခြေကျင်းဝတ်ဆီက နာကျင်တဲ့ဝေဒနာကို ပြင်းပြစွာ ခံစား

သည်။

"မင်းကို ဆေးခန်းပြပေးမယ် ... ဘာမှစိတ်မပူနဲ့၊ ကိုယ်

နယူပါတယ်"

"ကျေးဇူးပါပဲ ... အား ..."

သူမ ကြည့်မိတော့ သူမနှင့်အသက်နည်းနည်းလေးပဲ ကြီး

င်ရသော လူချောတစ်ယောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒနှင့် တခြားစီပဲ။

ဖြူသန့်ပြီး လူကြီးလူကောင်းတစ်ယောက်ရဲ့ အသွင်အပြင် ဖြစ်နေ၏။

ဆေးခန်းရောက်ပြီး ဓါတ်မှန်ရိုက်ကြည့်တော့ အရိုးအက် သွား၍ ကျောက်ပတ်တီး စီးရသည်။

"အမိကို ဘယ်ကိုလိုက်ပို့ပေးရမလဲ၊ ကိုယ်လိုက်ပို့ပေးမယ်"

"ကျွန်မကို အငှားကားပေါ်ပဲ တင်ပေးလိုက်ပါ လိုက်ပို့ပေး စရာ မလိုပါဘူး"

"ရပါတယ် ... ကိုယ်တာဝန်ယူရမယ်လေ"

နေနီနီကတော့ သူမရဲ့ဆင်းရဲနုံချာမှုကို မသိစေချင်၍ အတင်းပင် ငြင်းပစ်နေမိသည်။

"ရှင့်ကားနဲ့ မဆိုင်ပါဘူး၊ ကျွန်မက အတွေးလွန်ပြီး ကားကို မရှောင်နိုင်တာပါ ... ဆေးကုပေးပြီးပြီပဲ၊ ကျွန်မဆက်ပြီး တာဝန်ယူ နိုင်ပါတယ်"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"နေနီနီပါ"

"ကိုယ့်နာမည်က သုတမောင်ပါ ... ခင်မင်ရင်းနှီးတဲ့လူတွေ ကတော့ မောင်လို့ပဲ ခေါ်ပါတယ်"

"မောင် ... အဲ ... "





သူမ မျက်နှာလေး ထူပူသွားရသည်။

နာမည်ကြီးက ဘာကြီးလဲ။

သူနှင့်အကြည့်ချင်း ဆုံမိသွားတော့ မျက်နှာကို ပြန်တည်ပစ် သည်။

အဒေါ်သဲက ပြောထားတယ်။

နေနီနီက တန်ဖိုးရှိအောင် နေထိုင်တတ်ရင် လင်ကောင်း သားကောင်း ရနိုင်တယ်တဲ့။

"နီ"

"ရှင်"

"နီလို့ ခေါ်လို့ရမလား"

"ရှင် ... ဩော် ရပါတယ် ... ကျွန်မကို ခင်မင်တဲ့လူတွေက လည်း နီလို့ခေါ်တာပဲ"

"မောင်ကတော့ နီ့ကို ခင်မင်ချင်တယ်၊ ဘာဖြစ်လို့လည်း မသိဘူး၊ ကိုယ်လည်း အပြစ်ရှိတယ်လေ ... မင်းကို ငေးကြည့်မိပြီး ကားပွန်းတီးဖို့ မေ့သွားတာလေ နီ ... "

သူက ရယ်သည်။

ကိုနန္ဒလို မဟုတ်။

သူ့မျက်ဝန်းတွေက ရိုးသားဖြူစင်နေသည်။

"ဘာပဲဖြစ်ဖြစ်လေ ... ကိုယ့်ကားနဲ့လဲ တိုက်မိသွားလို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူပါရစေ ... နောက်တစ်ပတ်လည်း ဆေးခန်းပြရမယ်လေ၊ ကိုယ်လာခေါ်လို့ရတာပဲ”

“ဟင့်အင်း ... မပို့ပါနဲ့၊ ကျွန်မ အငှားကားနဲ့ပဲ ပြန်မယ်၊ မလိုတော့ပါဘူး”

မောင် ...

ကျွန်မက ဆင်းရဲတယ်။

ရပ်ကွက်ထဲမှာ အဝတ်လျှော် သန့်ရှင်းရေးလိုက်လုပ်ရတဲ့ မိန်းမကြီးရဲ့ တူမပါ။

မိဘ မရှိဘူး။

တဲအိမ်လေးနဲ့နေရတာ ရှင်တွေ့ရင် အထင်သေးမည်။

သူမ အတင်းငြင်းပစ်သည်။

“နို့ကို အငှားကားပေါ်ပဲ တင်ပေးပါနော်၊ တောင်းပန်ပါတယ် ... ဒီလောက် တာဝန်ယူပေးတာပဲ ကျေးဇူးတင်ပါတယ်”

“နို့”

“ကျွန်မကို စိတ်ချပါ ... ဆေးဆက်ကုနိုင်ပါတယ်၊ ခြေထောက်လဲ ဘာမှဖြစ်တာမှ မဟုတ်တာ”

“ဒါဆိုလည်း ကိုယ်ပေးတဲ့ငွေကို လက်ခံပေးပါ”

“ဘာရှင့် ...”

သူက ငွေငါးထောင်တန်တွေ တစ်အုပ်ပေးသည်။





ငါးသိန်းပေါ့။

ဘုရားရေ ...

နေနီနီဘဝမှာ ငါးသိန်းဆိုတာ မြင်တောင်မမြင်ဘူးခဲ့။

“ယူပါ ... မင်းဆေးဆက်ကုဖို့ပါ”

“မယူပါရစေနဲ့ ... ကျွန်မအတွက် မလိုပါဘူး၊ ဆေးလည်း ဆက်ကုနိုင်ပါတယ် ... ရှင်ပြန်ပါ”

“လက်ခံပေးပါ နီရယ် ... ကိုယ့်စိတ်တွေ ကျေနပ်အောင် ပါ ကိုယ်တာဝန်ကြေချင်တာပါ ... တစ်မျိုးမထင်ပါနဲ့ နီရယ်နော်”

သူ အတင်းပေးပေမယ့် နီကတော့ လုံးဝလက်မခံနိုင်ပေ။

သူမအား ငွေမက်တဲ့ မိန်းကလေးအဖြစ် အထင်မခံနိုင်လို့ပါ။

ဘာဖြစ်လို့မှန်း မသိဘဲ သူ့အထင်သေးမှာကို နီအရမ်း ကြောက်နေသည်။

သူမကို အပေါစားမိန်းကလေးဟု ထင်မှာလည်း ကြောက်မိ သည်။

နီ ဘယ်အချိန်ကများ သူမကိုယ်သူမ မာနကြီးပြီး တန်ဖိုးရှိ တဲ့ မိန်းကလေး ဖြစ်ချင်သွားရတာလဲ။

“ကျွန်မ ပြန်တော့မယ်”

သူက အငှားကားတစ်စီးကို တားပေးပြီး ဘယ်သွားမှာလဲ ဟု သူမကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရပ်ကွက်တော့ ပြောလိုက်၏။

ကားခကို သူကပေးသည်။

"နောက်တစ်ပတ်တော့ မင်းဆေးခန်းကို ဆက်ဆက်လာ
နော် နို ..."

"ဟုတ်ကဲ့"

"ကျန်းမာရေးကို ဂရုစိုက်ပါ ... သွားတော့နော်"

"ဟုတ်ကဲ့"

"ဒီကာဒ်လေးတော့ လက်ခံပေးပါ၊ လိုအပ်ရင် အဆက်အသွယ်
လုပ်လို့ရတယ်လေ"

"ဟုတ်ကဲ့"

သူမ မာနပြလိုက်တာလည်း ကောင်းသည်ဟု ထင်သည်။

သူပေးတဲ့ကာဒ်ကို ကြည့်လိုက်တော့ ကုမ္ပဏီကြီးတစ်ခုရဲ့
အမ်ဒီပဲ။

ရှင်ဘာလဲ ...

ကျွန်မကို ဘာဖြစ်လို့များ အရေးတယူလုပ်ရတာလဲ။

ကိုနန္ဒလိုပဲလား။

အရမ်းချမ်းသာတဲ့ပုံ။

နေနီနို့ စိတ်ထဲမှာတော့ ကိုသုတမောင်က ရိုးသားသူ
အထင်တကြီး ဖြစ်နေရသည်။





"ကြွေ ... ငါက်ကောင်းလာပြီထင်တယ် ... ကိုနန္ဒထက်
သာပြီး ချမ်းသာတဲ့ယောကျ်ားတစ်ယောက်နဲ့ ခင်သည်းရပြီလေ၊
ကြွေကို အနိုင်ယူပြရမယ် သိလား"

သူမအား အထင်သေးလွန်းတဲ့ မကောင်းသတင်းတွေလည်း
ပတ်ဝန်းကျင်မှာ နှိမ်ချပြောဆိုချင်တဲ့ကြွေ့မိဘတွေကို မုန်းတီးနာ
ကြည်းမိသည်။

ကြွေ့ထက်သာချင်ခဲ့၏။

မောင့်ကို အသေအချာလေ့လာပြီး ချဉ်းကပ်နိုင်ဖို့ ကြိုးစားဖို့
ဆုံးဖြတ်ထားသည်။

သူမအိမ်ရှေ့ ရောက်လာ၍ ဟွန်းတီးလိုက်တော့ သစ်သစ်
ပြေးထွက်လာသည်။

"မမ ဘာဖြစ်တာလဲ ... ကျောက်ပတ်တီးကြီးနဲ့ပါလား"

သစ်သစ်က နှီးအားပွေ့ချရင်း စိုးရိမ်တကြီး မေးနေသည်။

အိမ်လေးပေါ် တက်လာခဲ့၏။

အဒေါ်သဲလည်း ထလာခဲ့၏။

ပိန်ချုံးကျနေတဲ့ အဒေါ်သဲ အိမ်လေး။

သူမ အားငယ်သွားရ၏။

အဒေါ်ကတော့ စိတ်ပူပြီး မေးသည်။

"နီ ဘာဖြစ်လာတာလဲ ... ကြွေရုပ်လေးနဲ့ လိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလားကွယ်"

"ဟုတ်ပါတယ် အဒေါ်သဲရယ် ... ကြွေက အတွဲနဲ့လေ၊ အဲ့ ကြောင့် နီတစ်ယောက်ထဲပြန်လာရင်း ခြေခေါက်လဲတာပါ"

"ဘာဖြစ်သွားသေးလဲ"

"လဲကျတဲ့နေရာက ဆေးခန်းရှေ့မှာမို့ ဝင်ပြခဲ့တာ၊ အဲ အက်သွားတာတဲ့၊ ဘာမှမဖြစ်ပါဘူး ... တစ်လလောက်ထော ကျောက်ပတ်တီး စီးရမလားပဲ"

"ဖြစ်မှဖြစ်ရလေကွယ် ... ကြွေရုပ်လေးက အတွဲရသွား တဲ့လား၊ သူဌေးသားပဲဖြစ်မှာပါလေ ... နီ့ကိုလည်း တင့်တင့်တ တယ် ယောကျ်ားတစ်ယောက်နဲ့ တွေ့စေချင်ပါတယ်"

ဒေါ်သဲ မျက်ရည်ကျချင်သည်။

မိမိအခြေအနေက မလွယ်တော့။

ကလေးတွေ စိတ်ပူမှာစိုး၍ မပြောတာပါ။

ဆေးဖိုးတွေလည်း အကုန်အကျ မခံနိုင်ပါဘူး။

တူမလေးနီက မိန်းမချောလေး အရမ်းကိုချောတာပါ။

မိမိလည်း မခိုင်းမစေရက်နှင့် အလှမွေးထားခဲ့သည်။

"ဒေါ်သဲ ... "

"ဟင်"

"နီ့အတွက် တွေးပြီးစိတ်ပူနေတာလား၊ မပူပါနဲ့နော် ...





ဘာမှမဖြစ်ပါဘူး"

"နေနီနီ"

"ရှင်"

"သမီးလေးက တန်ဖိုးရှိတဲ့မိန်းမချောလေးပါ၊ အရမ်းကို လှပ ချောမောတယ်၊ ဒေါ်သဲ စိတ်ပူမိတာက နီလောဘကြီးမှာရယ်၊ ငွေ မတရားနည်းတွေနဲ့ ရှာမှာရယ်ပဲလေ"

"နီ သိပါတယ် ဒေါ်လေးသဲရယ် ... မိသားစုမှာ နီက စံပြ စေရပါ့မယ်၊ နီ အလှအပတွေ မက်ပေမယ့် ကိုယ်ကျင့်တရား အကောင်းဆုံး စောင့်ထိန်းနေမှာပါ"

"အေးကွယ် ... ဝမ်းသာလိုက်တာ သမီးလေးကိုပဲ စိတ်ပူ ယ်၊ ကျန်တာက အငယ်တွေလေ"

ဒေါ်လေးသဲက သစ်သစ်ကို အစ်မလိုအပ်တာတွေ လုပ်ပေး ပြောပြီး ပြန်ဝင်သွားသည်။

"မမ"

"ဘာလဲ သစ်သစ် ... "

"ဟိုလေ မမကြွေရုပ်လေး ရည်းစားက ချောလား"

သစ်သစ်ကတော့ ကလေးပီပီ စပ်စုချင်သည်။

"အင်း ... ချောတယ်၊ ချမ်းလည်း ချမ်းသာတယ် ... ကောင်းပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“မမကိုလည်း သူ့ထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို တောင် ရစေချင်တယ် ... မမက သူ့ထက်ပိုချောတာပဲ”

“မမတို့က ဆင်းရဲတယ်လေ၊ ဘယ်တူမလဲ ... သစ်သစ်ရယ် ဒါပေမဲ့ ... အဲဒါတွေက အရေးမကြီးပါဘူးကွယ်၊ ဖြစ်လာမှာပါ ... အရေးကြီးတာက သစ်သစ် ဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့အောင်ဖို့ပဲ”

“အောင်မှာ စိတ်ချ ... သစ်သစ် ကြိုးစားနေတယ်၊ စာသွားကျက်ဦးမယ်နော် ... မမ ခိုင်းစရာရှိရင် ခေါ်လိုက် ... အားမနာနဲ့နော်”

“အင်းပါ”

သစ်သစ်လည်း လိမ္မာတာပဲ။

နေနီနီ အိပ်ရာပေါ် လှဲချပစ်လိုက်တော့ သူ့ကိုပဲ မြင်ယောင်နေသည်။

○

## ...ခန်း ( ၉ )

“မမ ဘယ်လိုဖြစ်တာလဲ ဒဏ်ရာက ...”

“ချော်လဲတာလေ”

ကြွေရုပ်လေးနှင့် ကိုနန္ဒတို့ ဖြစ်ပျက်နေပုံတွေကို ပြောပြ...ိုက်မိသည်။

“မမ အရှမ်းခံပြင်းရတယ် ... ကိုနန္ဒက လူလည်ကြီးပဲ ထူး၊ ...ကို အပျော်လေ”

“တောက် ...”

မမကို မထေမဲ့မြင်လုပ်၍ ထူး ဒေါသထွက်ရသည်။

“မမကတော့ လုံးဝအလျှော့မပေးဘူး၊ ကိုနန္ဒကို အပြတ်နိုင်...ဖြစ်ရမယ် ထူး”

“ဟုတ်တယ် ... ထူးလည်း ထောက်ခံတယ်မမ”

ကိုနန္ဒ ... ရှင် နေနီနီကို ဒီလိုမထေမဲ့မြင် လာလုပ်လို့ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလား။

သူမ နှုတ်ခမ်းသားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

ခြေထောက်က မထနိုင်။

"မမ"

"ဟင်"

"ဟိုလူကရော ..."

"မမကတော့ အမှတ်ပြည့်ပေးထားတယ် ထူး"

"ဟုတ်လား ..."

"ရိုးသားတယ်၊ ကိုနန္ဒနဲ့ဘာမှမဆိုင်ဘူး၊ ရုပ်လည်းချောတယ် ကုမ္ပဏီပိုင်ရှင်လေ ..."

"မမကတော့ အရမ်းကို အမွန်းတင်နေတာပါလား"

"မမကို အထင်သေးမှာကြောက်ပြီး အိမ်ကိုမခေါ်တာလေ"

"ထူး သိပါတယ်"

"မမကို ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးအဖြစ် အထင်သေး မခံနိုင်ဘူး ... ကြောက်နေတယ်"

"မပူပါနဲ့ ထူးရှိပါတယ် ... အိမ်အကြီးကြီးတစ်လုံး အမြန် ဆောက်စေချင်တယ်"

"ရပါတယ် ... အလုပ်လုပ်တာ လောဘမကြီးနဲ့နော် ထူး





သတိထား ..."

"စိတ်ချပါ"

မောင်လေးထူး ထွက်သွားတော့ သစ်သစ်ဝင်လာသည်။

"မမ"

"ဟင်"

"သစ် မေးစရာရှိလို့"

"မေးလေ ..."

"ကိုထူး ဘာတွေလုပ်နေလဲဟင်၊ ပိုက်ဆံတွေ အများကြီးပဲ၊ ပိုက်ဆံကို မတရားနည်းနဲ့ရှာနေတာဆိုရင် သစ် မသုံးချင်ဘူး၊ ကိုထူး အတွက် စိတ်ပူတာပါ"

သစ်သစ်က အသိဉာဏ်ရှိတဲ့ မိန်းကလေးပါ။

နီကသာ ထူး ဘယ်ကနေ ရလာတဲ့ပစ္စည်းတွေဆိုတာ သိသိ ကြီးနဲ့ သုံးစွဲနေသေးသည်။

မတတ်နိုင်တော့ဘူး။

ဘဝကို ဖြေရှင်းနေရတာပဲလေ။

"သစ် ဆရာဝန်မဖြစ်ချင်တော့ပါဘူး၊ ဆယ်တန်းဖြေပြီးတာ နဲ့ အလုပ်ထွက်လုပ်မယ်"

"သစ် ... ဘာတွေစိတ်ပူနေတာလဲ၊ မောင်လေးက ကြေ ငြာလေးချစ်သူနဲ့ ကားပွဲစားလုပ်နေတာပါ၊ သူကပွဲဖြစ်ရင်ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထူး မဟုတ်တာလုပ်နေရင် မမက ဒီအတိုင်းကြည့်နေပါ့မလား သစ်ရယ် ... ကောင်းတဲ့ ရည်မှန်းချက်ကို မပျက်စီးစေနဲ့"

"မမရှိတာပဲ ... သစ်လောကြီးသွားတယ်၊ ဒါပဲနော် ... ခိုင်းစရာရှိသေးလားဟင်"

"မရှိပါဘူး စာပဲကျက် ... "

သစ်သစ်ပြန်ထွက်သွားသည်။

သစ်သစ်ပြောတာလဲ မှန်တယ်။

ထူးအတွက် အန္တရာယ်ရှိနေ၏။

တားဆီးရမယ်။

သူမ စိတ်ကူးက မောင့်ဆီရောက်သွားသည်။

ဖူးစာဖက်ဆိုတာလည်း နိမ့်တွေး နေမိ၏။

နေနီနီက သူ့ကိုမျှော်မှန်းနေမိသည်။

"ကျွန်မရဲ့ မျှော်လင့်ချက်တွေက အရမ်းကြီးကျယ်ခမ်းနားနေပြီလား"

ရယ်ချင်လာသည်။

သူနဲ့နို့ဘဝက မိုးနဲ့မြေကြီးလို ကွာခြားလွန်းနေ၏။

မဖြစ်နိုင်တာဘဲ။

အပျော်ဆိုတာကြီးကို မောင်နှင့်တော့ လက်မခံနိုင်ပါဘူး။

မောင့်ကိုလည်း ကိုယ်ကျင့်တရား မကောင်းတဲ့ လူတစ်





ယောက်ဘဝ မရောက်စေချင်မိ။

မမျှော်လင့်တာပဲ ကောင်းပါတယ်။

ထပ်ပြီး မဆက်သွယ်ဖို့လည်း နေနီနီ ဆုံးဖြတ်ထားမိသည်။

"မမ"

"ဟင်"

"ဘာဖြစ်လို့ တစ်ယောက်ထဲ ခေါင်းတွေခါရမ်းနေရတာလဲ"

"ဟင် ... ထူး ... "

"ကျွန်တော် အပြင်သွားတော့မယ် ... မမ ဘာလိုအပ်သေးလဲလို့"

"မလိုပါဘူး ထူးရယ် ... အကောင်းဆုံးက ရှိတာလေးနဲ့ပဲ နေ့ထိုင်စားသောက်သွားကြရအောင်"

"ထူး မဟုတ်တာတွေလုပ်မှာကြောက်လို့ မဟုတ်လား။ ဘာမှမဖြစ်ပါဘူးနော် ... "

ထူး ပြန်ထွက်သွားသည်။

လောကကြီးထဲမှာ နေနီနီတို့ မိသားစုက ကံအဆိုးဆုံးတွေ ဖြစ်နေသည်။

အားလုံးက တက်တက်ကြွကြွနှင့် စိတ်ကောင်းရှိနေခဲ့ကြ၏။

ဘဝအခြေအနေအရထင်တယ် နေနီနီကြောင့်လည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်အရှိဆုံးက နေနီနီ။

ငယ်ငယ်လေးထဲက အလုအယက်မောပြီး ငွေတွေကို သုံးခဲ့လိုနေခဲ့၏။

ထူး ကိုယ်ကျင့်တရား ပျက်ပြားရင်လည်း နေနီနီ့ကြောင့်ပဲဖြစ်သည်။

"မမရေ ... အပြင်မှာ ကိုနန္ဒဆိုတဲ့လူရောက်နေတယ်၊ မမကို မေးနေတယ် အပြင်ထွက်မလား ... "

"အင်း ... "

သစ်သစ်ကဝင်လာပြီး ပြောရင်း တွဲထူခေါ်လာပေးသည်။

ကိုနန္ဒက ဝင်တွဲပေး၏။

သစ်သစ်ကတော့ မအူမလယ်နှင့်ကြည့်ပြီး အမေအိပ်နေတယ်။

သစ်သစ်ကျူရှင်သွားတော့မယ်ဆိုပြီး ထွက်သွားသည်။

"နီ ဘာဖြစ်တာလဲ ... ထူးဆီကကြားတော့ ကိုယ်အရမ်းစိတ်ပူသွားလို့ လာခဲ့တာ"

"ကျွန်မ ချော်လဲတာပါ"

မောင်နဲ့ပတ်သက်တဲ့ အကြောင်းတွေက ရှင်နဲ့မတန်တော့ပါဘူး။

မောင်က သိပ်ပြီးရိုးသားဖြူစင်တယ်။





"နီ"

"ပြောပါ"

"ပိုက်ဆံလိုလား"

ရှင်က ငွေပဲလား။

နေနီနီ့ကို ငွေနဲ့ဖြားယောင်းမြူဆွယ်ရင် အားလုံးရနိုင်တယ်လို့ ထင်နေတာပဲ။

အထင်သေးလိုက်တာ။

"ငွေလိုရင် ကိုယ်ပေးမယ်၊ မပူနဲ့ ... မင်းလိုအပ်သလောက်ပြော"

"ကျွန်မ လိုအပ်တာတွေကို ရှင်ဖြည့်စွမ်းပေးမယ်ဆိုပြီး ဘယ်မှာလဲ ... "

"ပေးမှာပေါ့ နီရယ် ... ကိုယ်တို့ အပေးအယူတော့ရှိရမယ်လေ"

"ဟွန်း ... "

"နီ့ကို အရမ်းစိတ်ပူနေမိတာလေ၊ ကိုယ်ပြန်လွှတ်ရပေမယ့် စိတ်မချဘူး ... ကြွေရုပ်လေးရှေ့မှာ ဟန်ဆောင်နေရတယ်၊ နားသည်ပေးပါကွာနော် ... "

နီ့လက်ကို ဆုပ်ကိုင်သည်။

နီ ရှုန်းဖယ်ပစ်ချင်ပေမယ့် ကိုနန္ဒအား ထောင်ချောက်ဆာစ်ခု

www.burmeseclassic.com



ထဲ ဆွဲသွင်းပစ်လို၍ မရနိုင်ဖယ်ခဲ့။

နေနီနီ ဖြူစင်သန့်ရှင်းစွာ နေထိုင်လိုခဲ့ပါတယ်။

မောင့်အတွက်လေ။

ဒါပေမဲ့ မောင်နဲ့ကျွန်မလည်း မတန်လို့ မောင်နဲ့မပတ်သက် လိုတော့ပါဘူးနော်။

"နီ ဘာလိုလဲ ... ကိုယ်ဘာလုပ်ပေးရမလဲ၊ ရော့လေ ပိုက်ဆံ ယူထားလိုက် ... "

အခန်းထဲမှာ အဒေါ်ကရှိနေသည်။

ကိုနန္ဒပေးတဲ့ ငွေကို လက်ခံထားလိုက်၏။

ရှင့်ကို ကျုံးသွင်းတာပဲ။

ကြွေရုပ်လေးမိဘတွေက ရှင့်ကို ရွှေသမက် ငွေသမက် ထင်မှတ်နေတာ မဟုတ်လား။

"ခြေထောက်က ဘာပြောလဲနီ ... "

"ကောင်းသွားမှာပါ၊ တစ်လလောက်တော့ ကျောက်ပတ် တီးစီးထားရမယ်ထင်တယ်"

"ဟာကွာ ... တစ်လတောင်လား"

ရှင် တကယ်ရယ်ရတဲ့လူပဲ။

ကျွန်မခန္ဓာကိုယ် အသွေးအသားတွေကို ဝါးမျိုဖျက်စီးပစ်ချင် နေတာလားဟင်။





ရမက်ရူးကြီး။

"နီတို့ မိသားစုအတွက်လည်း ကိုယ်စားစရာတွေ ဝယ်လာ တယ်၊ တခြား ဘာလိုသေးလဲ ... ပြောလေ ... "

"ရပါပြီ"

ကြွေရုပ်လေးရှေ့မှာတော့ သူမကို အရေးမစိုက်သလို မောင်းပင်ထုတ်ခဲ့သေးသည်။

အခုကျတော့လည်း ပြာယာလာခတ် ပြနေတာပါလား။

မုန်းတယ် ...

"ကိုနန္ဒ"

"ပြော"

"ကြွေရုပ်လေးကို ချစ်တယ် မဟုတ်လားဟင်"

"ကိုယ်ချစ်တာက နေနီနီပါ"

"ကြွေရုပ်လေးကိုတော့ တရားဝင်လက်ထပ်မှာပေါ့လေ"

"ကိုယ့်မိဘတွေကြောင့်ပါ နေနီနီ ... ကိုယ့်လုပ်ငန်းတွေ သုံး ကိုယ့်မိဘတွေ ပိုင်ဆိုင်တယ်၊ မိဘတွေဆန္ဒပါ ... "

အပိုတွေ။

လူလိမ်ပဲ ...

ရှင် ကြွေရုပ်လေးကို ဘယ်လောက် အလေးအနက်ထားလဲ မသိဘူးများထင်နေလား။



www.burmeseclassic.com

www.burmeseclassic.com



ကြေးရုပ်လေးကိုတော့ ရှင့်ရဲ့ဂုဏ်သရေရှိ ဇနီးပွဲတက် မယား

အဖြစ် ရွေးချယ်ခဲ့တာ မဟုတ်လား။

"နီ"

"ရှင်"

"ကိုယ်ကတော့ နီနဲ့ပဲ ချစ်သူတွေအဖြစ် နေချင်တယ်

သိပါတယ်"

"ကျွန်မ စဉ်းစားဦးမယ်"

ကျွန်မ ဈေးတင်ထားရမယ်။

ရှင့်လိုပဲ ...

အကျိုးအမြတ် တွက်ချက်ရမယ်လေ။

ကိုနန္ဒ ...

ရှင်တော့ နာပြီပဲ။

နေနီနီကို ရှင် လုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေလား

ကိုနန္ဒလိုလူမျိုးနှင့် စကားအရှည်ကြီး မပြောလို၍ ပြ

လိုက်သည်။

"ပြန်ပါတော့ ... ကျွန်မအဒေါ် နိုးလာရင် ပြဿနာ

လိမ့်မယ်၊ အဒေါ်က မကြိုက်ဘူး"

"ကိုယ်ပြန်ပါ့မယ် ... ထူးကိုလည်း ကိုယ်စောင့်ရှောက်





နီ မပူနဲ့နော် ..."

နေနီနီ ...

မင်းက ပဲပေးနေတာမဟုတ်လား။

မင်းက ငွေနဲ့ပဲတန်တယ်။

နန္ဒရဲ့ တရားဝင်ဇနီးမယား ဖြစ်နိုင်လို့လား။

နေနီနီက စွဲမက်စရာတော့ ကောင်းသည်။

နန္ဒ ကြိုက်နေမိ၏။

ကြေးရုပ်လေးနဲ့တော့ မလဲပါဘူး။

တရားဝင် ဇနီးမယားဖြစ်နိုင်မလား။

မင်းအတွက် ငွေပဲရမယ် နေနီနီ။

"မင်းကို အခန်းထဲ ကိုယ်တွဲပြီး ပို့ပေးရမလား နီ"

"မလိုပါဘူး ကိုနန္ဒ ... ကျွန်မဝင်လို့ရပါတယ်"

ကိုနန္ဒက သူမကို ထိကပါး ရိကပါး လုပ်ချင်နေသည်။

ကျွန်မက ရှင်ထင်ထားသလောက် အပေါစား မဟုတ်ပါဘူး

"ကိုယ်သွားမယ်နော် အချစ်"

သူမ ပါးကို တို့တော့မလို့။

သူမ အထိတ်တလန့်နှင့် ဖယ်ရှားပစ်မိသည်။

အဒေါ်ချောင်းသံကြားရ၍ ကိုနန္ဒ မျက်နှာ မသာမယာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"နီ ... အဟွတ် ... ဟွတ် ..."

"ဒေါ်လေး ..."

"အပြင်မှာ ဘယ်သူလဲ"

"အသိပါ ... ကြွေရုပ်လေးရဲ့အသိ၊ သတင်းလာမေးတာ"

"အင်း"

"အဒေါ် နေကောင်းရဲ့လား၊ နီ့ဆီ ထမလာဘဲနဲ့ အိပ်နေ"

"အဒေါ် လန့်နိုးလာတာပါ၊ တူမလေးတစ်ယောက်ထဲလာ"

"ရပါတယ် ... နီလည်း အပြင်မှာထိုင်နေချင်တယ်"

"အေး ... အေး ..."

နေနီနီကတော့ ပိုက်ဆံတွေကို ကပျာကယာ ဖွက်လို့

သည်။

အဒေါ်တွေ့သွားရင် သေပြီပဲ။

ကိုနန္ဒနှင့် ပတ်သက်ချင်တဲ့ ဆန္ဒမရှိပေမယ့် သူမ လက်

ပြန်ချင်တဲ့စိတ်တွေက ပြင်းပြလွန်းနေသည်။

"မောင် ... လောကကြီးထဲမှာ နေနီနီ ကံအဆိုးဆုံးမိန်း

လေးတစ်ယောက် ဖြစ်နေပြီထင်တယ် ... မောင့်ကို သတိရ

ကျွန်မ အရူးထနေတာ ထင်တယ်"

မောင်ကရော နေနီနီ့ကို ဘယ်လိုပုံစံမျိုးနှင့် ပတ်သက်





ကိုနန္ဒလိုပဲ ထင်တယ်။

နေနီနီ မျက်ရည်တွေ ကျချင်လာသည်။

"နီ့ကိုယ်နီ အတတ်နိုင်ဆုံး ထိန်းသိမ်းမှာပါမောင် ... ကျွန်မ

နဲ့ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ချင်တယ်"

ရင်ထဲမှာ နာကျင်ရသည်။

မောင့်ကို နေနီနီ အမြဲတမ်း သတိရ တမ်းတနေရသည်။

ကျွန်မကို ဒီလောက်အထိ တရင်းတနှီး ဆက်ဆံနေတာ

ကြောင့်လဲဟင်။

နေနီနီဘဝကို မောင်မသိသေးလို့ပါ။

သူမ အခန်းထဲ တရွေ့ရွေ့ ဝင်လာခဲ့သည်။

"ပိုက်ဆံတွေ ကိုနန္ဒငွေတွေ နင်ဘာဖြစ်လို့များ လက်ခံ

ရတာလဲ နေနီနီရယ် ... အောက်တန်းကျလိုက်တာဟယ်"

နေနီနီ ဆင်းရဲနွမ်းပါးတယ်ဆိုရင်တောင် ယောကျ်ားတစ်

ဆီက ငွေကို လက်မခံသင့်ဘူး။

မောင့်အတွက်လေ ...

ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက်အဖြစ် ရပ်

သင့်လား။

"ကိုနန္ဒ ... ကျွန်မခန္ဓာကိုယ်ကို ရှင့်ရင်ခွင်ထဲ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အရောက်မခံဘူး ... နေနီနီက အဲဒီလောက် အညာမလွယ်ဘူးနော်"

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာ
သည်။

ရင်တွေ ကွဲထွက်တော့မယ်။

မောင်နဲ့အတွေ့ နောက်ကျနေ၏။

နေနီနီ ဘာဖြစ်လို့များ ဒီလောက်အထိ နိမ့်ကျတဲ့ဘဝ
ပိုင်ဆိုင်နေရတာလဲဟင်။

"မိသားစုကိုပဲ ကြည့်ရမယ်၊ ငွေကတော့ ရှာရမှာပဲ ... ကြေ
ရုပ်လေးမိဘတွေကိုတော့ တစ်နည်းနည်းနဲ့ စိတ်အနှောက်အယှက်
ဖြစ်အောင်လုပ်မယ် ... ကြွေရုပ်လေး လက်ထပ်မယ့်ယောက်ျား
ဘာလဲဆိုတာ သိရအောင်လေ ..."

နင့်ကိုတော့ အားနာမိပါတယ် ကြွေရုပ်လေးရယ်။

နင်က ကြွားဝါချင်ပေမယ့် ငါ့အတွက်တော့ ပေးဆ
ထောက်ပံ့ ကျွေးမွေးပါသေးတယ်။

ငါ့ရင်ထဲမှာ အရှမ်းကို နာကြည်းခံပြင်းနေရတယ်။

နင့်မိဘတွေရဲ့ ကဲ့ရဲ့ရှုံ့ချစကားတွေကို ငါဘယ်လိုမှ မေ့
မရအောင် ခံစားနေရတယ်။

နင့်ကိုလည်း ငါအမှန်အတိုင်းပြောရရင် ကိုနန္ဒလို ယော





ဘစ်ယောက်နဲ့တော့ လက်မထပ်စေချင်ပါဘူး။

နင် ဒုက္ခရောက်လိမ့်မယ်။

ကိုနန္ဒက လူယုတ်မာပဲ။

သူလုပ်နေတဲ့စီးပွားရေးတွေကလည်း မရိုးသားနိုင်ပါဘူး။

သူမ နှလုံးသားတွေ အေးခဲနာကျင်နေသည်။

○

၁၃ မ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"ကိုသုတမောင်က မဆိုးဘူးနော် မမ"

"မမနဲ့ မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"မမဘဝနဲ့က တခြားစီပဲလေ ... မမကို အထင်သေးသွားမှာစိုးရိမ်တယ် ... အစောကြီးထဲက မပတ်သက်ကြတာက အကောင်းဆုံးပဲ ထူး ..."

"မမကို ဘယ်သူမှ အထင်မသေးစေရပါဘူး ... ထူး ကြိုးစားမယ်"

"ထူး ... မလိုပါဘူး၊ မမအနေနဲ့ အဲဒီလောက်အထိလည်း မမှန်းချင်ပါဘူး"

"မမကို တင့်တင့်တယ်တယ် ယောကျ်ားတစ်ယောက်နဲ့ ရစေချင်ပါတယ်၊ ဟိုလေ မမ ... ကျွန်တော်တို့ မိသားစုကို ငဲ့ကွက်





နေပါနဲ့၊ မမဘဝအတွက်ပဲ ကြည့်ပါ ... ထူးတော့လေ အိမ်ကောင်းကောင်းကြီးတစ်လုံးတောင် အမြန်ဆုံး ဆောက်ချင်လာပြီ"

"သိပ်တော့ စိတ်ကူးမယဉ်စမ်းပါနဲ့ ထူးရယ် ... လက်တွေ့က ခက်ခဲတယ်"

"ထူးတို့ မိသားစုက မမရဲ့တက်လမ်းမှာ ဆူးညှောင့်ခလုတ်ဖြစ်နေရင် ဖြစ်နေမှာပါ၊ မမဘဝ ကောင်းစားရင် ထူးတို့မောင်နှမတွေအားလုံး ပျော်တာပဲ ... ထားခဲ့ပါ ... "

"တော်စမ်း ထူး ... ဘာတွေပြောနေတာလဲ၊ ဘယ်တော့မှ ဖြစ်မထားဘူး၊ မမမိသားစုပဲ နားလည်လား"

ထူးမျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်လာသည်။

နေနီနီ ကောင်းစားရေးအတွက် မိသားစုပြစ်ထားခဲ့ရမလား။

မမ အဲဒီလောက်အထိ မရက်စက်နိုင်ပါဘူး။

မမ စောင့်ရှောက်ပေးမှာပါ။

"မမကို ချမ်းသာစေချင်တယ်၊ သူဌေးကတော် ဖြစ်စေချင်တယ်၊ ကိုသုတမောင်က ကိုနန္ဒနဲ့ တခြားစီပဲ"

ထူး ပေါင်းကြည့်မှ ကိုနန္ဒရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကျင့်စရိုက်တွေကို သိလာရသည်။

ထူးကို အခွင့်အရေးတွေပေးပြီး ပေါင်းနေတာလဲ မမကို ပိုင်စိုးချင်လို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြေတော်တင်ပြစ်မှာ။

ကိုနန္ဒ လက်ထပ်မှာက ကြွေရုပ်လေးပဲ။

ချမ်းသာပြီး ဂုဏ်ခြံရှိတဲ့ မိန်းမကို ခင်ဗျားကြီး အတင်း လက်ထပ်မှာ။

ထူး ဒေါသဖြစ်ရသည်။

"အားမငယ်ပါနဲ့ ထူး ကြိုးစားမယ် ... ကိုမောင်က မ လုံးဝ အထင်မသေးစေရပါဘူး"

ကျွန်မဘဝက အညတြပါ။

ဆင်းရဲနွံ့ချာလွန်းပါတယ်။

ရှင့်မိဘတွေက ဘယ်လိုမှသဘောတူနိုင်စရာအကြောင်း ပါဘူး။

စိတ်ကူးယဉ်ဖို့တောင် မတန်တဲ့ ကျွန်မဘဝပါ မောင်ရဲ

"မမ"

"ဟင်"

"ထူးတို့ အိမ်ငှားနေကြမလား"

"ဖြစ်ပါ့မလား ထူးရယ် ..."

"ဖြစ်ပါတယ် ... ထူးကြိုးစည်မယ်၊ မမရော ... သစ်သစ် ရော လုံးဝမြင့်နေစေရမယ်"

ထူးက လိမ္မာတဲ့ ကောင်လေးပါ။





မိသားစုအပေါ်လည်း တာဝန်ကျေချင်သည်။

နီ စိတ်ထိခိုက်ကြေကွဲနေရ၏။

တိုက်ခန်းလေး တစ်ခန်း ငှားနေနိုင်ရင်ကောင်းမှာပဲဟု နီ တွေးမိနေခဲ့သည်။

"ထူး အပြင်သွားမယ်မမ ... ဘာမှပူမနေပါနဲ့၊ ထူးကို အား ကိုးစမ်းပါ ... ဖြစ်စေရမယ်"

"ဟဲ့ ... ထူး ..."

ထူး ပြေးထွက်သွား၍ နီဘာမှ ဆုံးမပြောဆို တားဆီးချိန် မရတော့။

မမ စိတ်ပူလိုက်တာ ထူးရယ်။

မင်း မဟုတ်တာတွေလုပ်ရင်လည်း မမအတွက်ပါပဲ။

သစ်သစ် စာကျက်သံလေးက အင်အားတွေ ဖြစ်စေသည်။

ချစ်ချစ်ကရော အိမ်ဖော်အလုပ်မှာ ပျော်ရဲ့လား။

လိမ္မာတဲ့ ညီမလေး။

မိသားစုအတွက် ဘဝကို စတေးခဲ့သည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်အထိ လုပချင်နေတာ တစ် နေ့ကျရင် ဘဝပျက်လိမ့်မယ်နော် ..."

ဆုံးမသလိုနှင့် ကြွေရုပ်လေးမိဘတွေက နှိမ်ချဆက်ဆံခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခံပြင်းနေဆဲပင်။

သူမတို့ မိသားစုအရင်ကလောက်တော့ ငပိရည်နှင့် မစားရတော့။

ကြွေရုပ်လေးဆီမှာ ကပ်စားရတဲ့ ဘဝမှာ အဒေါ်ရော နေနီနီရော အထင်သေးမှုတွေ ပြုံ့ဆူစောင်း မြောင်းပြောဆိုခံရမှုတွေ ရှိလာခဲ့သည်။

နီ မျက်ရည်ကျခဲ့ရ၏။

ဘဝကိုတော့ မြင့်မြင့်နေချင်နေခဲ့၏။

ကြွေရုပ်လေးထက်သာအောင် ကြိုးစားပြမယ်။

ငွေ ...

ငွေ ...

ငွေ ... ဘယ်ကရမလဲ။

ငွေရှိမှ ဘဝကိုမြင့်တင်နိုင်မှာ မဟုတ်လား။

ဘယ်မှာလဲ ဒီအိမ်လေးကို အနိုင်နိုင် ငှားနေရတာလေ။

"မမ"

"ဟင် ..."

"အမေလေ ... အမေ ... အရမ်းမောနေတယ်"

"ဟုတ်လား"

"မမမှ မထနိုင်တာပဲ"





"မမကို တွဲစမ်း သစ်သစ် ..."

"ဟုတ် ..."

ခြေထောက်ကတော့ အတော်လေးသက်သာနေပါပြီ။

သစ်သစ်ကိုတွဲ၍ အဒေါ့်အခန်းလေးထဲ ရောက်လာသည်။

"အဒေါ်"

အဒေါ် စကားပင် မပြန်နိုင်တော့။

မျက်လုံးတွေကို မှိတ်ထားပြီး လည်ချောင်းဝမှာပဲ အသက်ရှိတော့သည်။

"အဒေါ် ... ကလေးတွေကို နီ စောင့်ရှောက်မှာပါ၊ နီ ဝန်ယူပါတယ် ... ဘယ်တော့မှ ပြစ်မထားပါဘူး၊ နီ့ကို ယုံပေး ... ကတိပေးပါတယ်"

အဒေါ် အသက်ငင်နေပြီပဲ။

မိသားစုကို စိတ်မချနိုင်၍ နီ့ကို စောင့်နေတာ ဖြစ်နိုင်၍ နီ တိပေးလိုက်မှ အဒေါ် ငြိမ်သက်သွားတော့သည်။

"အဒေါ် ဆုံးသွားပြီသစ်သစ် ... ဘာမှအားမငယ်နဲ့ မမ တစ်က်လုံး ရှိပါတယ်ကွယ်"

သစ်သစ်က အဒေါ့်ကို ပွေ့ဖက်ပြီး ငိုသည်။

"အီး ... အီး ..."

"အမေရေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အီး ... အီး ... "

"သစ်သစ်တို့ကို ပစ်သွားပြီလား အမေပဲ စိတ်မချဘူးဆို"

"အခေါ်ရယ် ... ဖြစ်မှဖြစ်ရလေ၊ နီတို့ ချမ်းသာတဲ့အထိ ရှိ စေချင်တာပါ"

ထူးဆီ ဖုန်းဆက်သည်။

မဖိတ်ခေါ်ဘဲ ရောက်လာသူက ကိုနန္ဒပင်။

"ကိုယ် ဘာကူညီရမလဲ၊ နီတို့စိတ်မပူနဲ့ ... ကိုယ်အားလုံး စီစဉ်ပေးမယ်နော်"

ရှင့်ဆီက ဘာအကူအညီမှ မလိုချင်ပါဘူး။

ကျွန်မဆီကနေ တစ်စုံတစ်ခု ရယူဖို့ လိုက်လျှောပေးနေတာ ပဲ။

မုန်းတယ် ... သူမ သတိရမိသွားတာက မောင်ပါ။

"ကျွန်မကို ကူညီဖို့တောင်းရမလား၊ မဖြစ်သေးပါဘူး ... နီတို့ဘဝက နုံချာလွန်းပါတယ်"

အတွေးကို ချက်ချင်း ပယ်ဖျက်ပစ်လိုက်သည်။

"ကိုယ် ထူးကိုသွားရှာမယ် ... လိုအပ်တဲ့ ငွေကြေးနီယူ လိုက်ပါ၊ ရုပ်ကွက်နဲ့ စီစဉ်ပါ ... "

နေနီနီလည်း ဘာမှမတတ်နိုင်တော့။

ငွေက လက်ထဲမှာမရှိ။





အခေါ် အသုဘမှာ ကောင်းကောင်းမွန်မွန် လှလှပပဖြစ်စေ ချင်နေသည်။

ကိုနန္ဒ ထွက်သွားပြီး မကြာခင် ထူးနှင့်ပြန်ရောက်လာ၏။

အမေကို ချစ်တဲ့သားဖြစ်၍ ကြေကွဲနာကျင်နေရှာသည်။

"အမေ ... ဘယ်လိုဖြစ်ရတာလဲဗျာ၊ သားတို့ကို ပြစ်ထားခဲ့ ပြီလား"

"ထူးရယ် ... ဖြေပါ၊ ညီမလေးတွေ ရှိသေးတယ်လေ၊ မင်း အချမ်းကြေကွဲ မပြပါနဲ့နော်"

"အမေ ... အမေရယ် ... အမေ ထူးကြိုးစားနေတာတွေ အလကားဖြစ်ရတော့မယ်"

"ထူးရယ် ... "

ထူးကို အတော်လေး ဖျောင်းဖျနှစ်သိမ့်အားပေးနေရသည်။

အသုဘကိစ္စမှာ ကူညီသူက ကိုနန္ဒ။

ကြွေရုပ်လေးတို့ မိသားစုက လုံးဝမလာကြ။

အဖက်မတန်ဘူးဟုပဲ ထင်နေတာလား။

ရက်စက်လိုက်ကြတာ။

အခေါ်က ကြွေရုပ်လေးတို့ မိသားစုအလုပ်တွေကို မငြိုမငြင် ချုပ်ပေးခဲ့သူပါ။

ကူငွေပင် မပေးကြ။



www.burmeseclassic.com

www.burmeseclassic.com



နေနီနီ ရင်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

"ကြွေရုပ်လေးကို နေနီနီနဲ့ မပတ်သက်ဖို့ လုံးဝတားဆီးနေတယ်"

ရပ်ကွက်ထဲမှ သတင်းတွေ အများကြီးပဲ နေနီနီ ကြားနေရသည်။

"နေနီနီက ပျက်စီးနေတာပဲ၊ ၁၀တ်နိုင်စားနိုင် နေနိုင်ဖြစ်လာတာ မရှိးသားဘူး ... သူ့မောင်က သူခိုးလေး ..."

ကြားရတဲ့ သတင်းစကားကြောင့် နေနီနီ ဒေါသတွေပေါက်ကွဲပြစ်ချင်ပေမယ့် ထိန်းထားလိုက်သည်။

တစ်နေ့ တွေ့မယ်။

ရှင်တို့ မိသားစုကို စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်မယ်။

စောင့်ကြည့်နေ ... အသုဘလည်း ရှိနေလို့ မောင်လေးထူးက ယောက်ျားလေး မဟုတ်လား။

ပြဿနာ မတက်စေချင်၍ ဒေါသကို မျိုသိပ်ထားရသည်။

လူတစ်ဖက်သားကို အထင်သေးနေကြတဲ့ မိသားစု။

ကိုနန္ဒအား လူရိုးလူကောင်း ဂုဏ်သရေရှိလူကြီးမင်းဟု ထင်မှတ်ထားကြ၏။

လူရုပ်လူပွေ။

အံ့ဒေါ်အသုဘ ပြီးသွား၍ တစ်လပြည့် ဆွမ်းကျွေးပြီးတော့





အိမ်ပြောင်းဖို့ ပြောသည်။

"နီတို့အတွက် တိုက်ခန်းလေးတစ်ခန်း ငှားပေးမယ် ... ပြောင်းနေကြပါ"

ကိုနန္ဒက စီစဉ်လာသည်။

သူရှုပ်ချင်တိုင်း ရှုပ်လို့ရစေရန် နီ့ကို အဝေးသို့ ပြောင်းရွှေ့ပစ်ဖို့ ကြံစည်ခြင်းဖြစ်သည်။

"နေနီနီ"

"ရှင်"

"ဒီအိမ်လေးကနေ ပြောင်းပါ ... တိုက်ခန်းကို ကိုယ်တာဝန်ယူပြီး ငှားပေးပါ့မယ် ... ကျွေးရူးတင်စရာ မလိုပါဘူးနီ"

"နီ စဉ်းစားပါဦးမယ်"

"ဘာများ စဉ်းစားစရာရှိလဲ နီရယ် ... ဒီအိမ်လေးကလည်း ငှားထားတာပဲဟာ၊ နီတို့ မောင်နှမတွေ အဆင့်မြင့်စေချင်တာပါ"

နီ နေချင်ပါတယ်။

မောင် အထင်မသေးစေဖို့ပါ။

ဒါပေမဲ့ အကူအညီပေးမယ့်သူက ကိုနန္ဒဖြစ်နေသည်။

သူ့အကူအညီ လက်ခံပြီးလျှင် နီပေးဆပ်ရမှာက နီ့ခန္ဓာကိုယ်ပဲ။

"နီ စဉ်းစားမနေပါနဲ့တော့၊ ကိုယ့်စေတနာကို လက်ခံပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ကြွေရုပ်လေးကို မိဘတွေဆန္ဒကြောင့်ပဲ လက်ထပ်မှာပါ။ ကိုယ်ချစ်တာက နီ ...”

“ဘာရှင့် ...”

“ကိုယ့်ရင်ထဲက စကားလေ”

ရှင်ကတော့ ပေါ်တင်ပဲ စိန်ခေါ်နေပြီဖြစ်သည်။

မောင်လေးနှင့် တိုင်ပင်ဦးမည်ဟု ပြောတော့ သူက ထူးက သူပြီးရင်ပြီးပါတယ်တဲ့။

မောင်လေးထူး ဘယ်လောက်များ ကိုနန္ဒရဲ့ ထောင်ချောက်ထဲ တိုးဝင်နေမိပြီလဲ။

နေနီနီ စိတ်ပူရပြီး ကိုနန္ဒကိုလည်း အရမ်းကြီး မဆန့်ကျင်ရဲသေးပေ။

“ကိုယ်တိုက်ခန်းတစ်ခန်း ရှာတော့မယ်နော် နီ ... ဘယ်လိုလဲ ... နီကိုယ်တိုင် လိုက်ရှာမလား”

“မလိုက်ပါဘူး ... ကျွန်မ ဖုန်းဆက်ပါ့မယ်၊ မောင်နှမတွေ တိုင်ပင်ပါရစေ”

နေနီနီ မင်းက ကိုယ့်အစီအစဉ်တွေကို ငြင်းဆန်ရဲလို့လား။

မင်းမောင်ထူးက ကိုယ့်လက်ခုပ်ထဲကရေဖြစ်နေပြီ။

နန္ဒကတော့ နေနီနီ့ကို သိမ်းပိုက်ထားချင်တဲ့ဆန္ဒတွေ ပြင်းပြနေသည်။





ကြွေရုပ်လေးနဲ့ လက်မထပ်ခင်အထိလေ။

“ရုပ်ကွက်ထဲမှာက မင်းတို့သတင်းတွေပွနေပြီ၊ မင်းတို့ ဆက်မနေသင့်တာတော့ အမှန်ပဲ ... ပြောင်းသင့်ပါပြီကွာ”

ပြောင်းသင့်တာတော့ အမှန်ပဲဖြစ်သည်။

မောင့်ကို ပယ်ထုတ်ပစ်ရမယ်။

နေနီနီနဲ့ မတန်ပါဘူးလေ။

မောင်ကရော နေနီနီ့ကို ချစ်မှာတဲ့လား။

မောင်နှင့်ထပ်ပြီး မပတ်သက်ဖို့ဘဲ နီဆုံးဖြတ်ထားသည်။

ထူးနှင့်တိုင်ပင်ရ၏။

ထူးက လက်ခံလိုက်တဲ့။

မိသားစုဘဝ အတွက်ရွေးချယ်စရာ မရှိတာတဲ့။

ထူးက လက်ခံသည်။

“မမ”

“ဟင်”

“ထူးတို့မောင်နှမတွေ ဒီမှာဆက်နေလို့မှ မထူးတော့တာပဲ ဆဲ ... ပြောင်းကြမယ် ...”

သစ်သစ် ဘဝရှေ့ရေးလည်း ရှိနေ၍ ပြောင်းဖို့ပဲ လက်ခံပြီးလိုက်ရသည်။

“မမ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုမောင့်ကို ချစ်လား"

"ဘာတွေလာမေးနေတာလဲ"

"ထူးမေးတာကို ဖြေစမ်းပါဗျာ ... "

"ချစ်တော့ချစ်တယ် ထူး ... ဒါပေမဲ့ ... တန်ရာတန်ရာပဲ မှန်းရမယ်လေ၊ မမမေ့ပစ်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်တယ်"

"ဘာဖြစ်ဖြစ်လေ ... ကိုနန္ဒကို ခဏာတော့ အသုံးချရမှာပဲ မမတော့ လုံးဝဘာဝအပျက်ခံလို့ မဖြစ်ဘူးနော် ... မသိချင်ယောင် ဆောင်နေပါ၊ ထူးနဲ့ရှင်းမယ် ... "

"မင်း ဘာတွေလုပ်နေလဲ ထူး၊ မမစိတ်ပူတယ်၊ တို့မောင်နှမ တွေ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြရအောင်ပါ"

"စိတ်ချ ... ထူး ငွေစုနေတယ်၊ သစ်သစ်နဲ့ချစ်ချစ်အတွက် လည်း ရှိသေးတယ်"

ချစ်ချစ်ကိုလည်း နှစ်ပြည့်ရင်ပြန်ခေါ်ရမယ်။

အခေါ် အသုဘ ပြန်လာပြီး မောင်နှမတွေဘာဝကို ထူ ထောင်ကြမယ်။

ငွေရှာကြမယ်။

ရိုးရိုးသားသား ရှာကြမယ်နော်တဲ့။

နေနီနီက အကြီးဆုံးပဲ အစွမ်းအစ မရှိတဲ့အစ်မ ဖြစ်နေသည်





"ကိုနန္ဒအစီအစဉ်ကိုသာ လက်ခံလိုက်ပါ ... "

"ဒီလူက မလွယ်ဘူးနော် ထူး ... "

"ထူး ကြည့်လုပ်ပါ့မယ်၊ မမနဲ့မဆိုင်သလိုပဲ နေ ... မမ သက်ထပ်ရမှာက ကိုမောင်ပဲနော် ... "

"ထူးရယ် ... "

နေနီနီလည်း မောင့်ကိုပဲ ချစ်မိနေသည်။ မောင် အထင် သေးစေရန် နေနီနီ ဗိုင်းကောင်းကျောက်ဖိနေပြချင်ခဲ့တာပါ။ ကိုနန္ဒရဲ့ ကွန်ပိုက်ထဲကနေ ဘယ်လိုရုန်းထွက်ရမလဲဆိုတာပဲ စဉ်း စားနေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ကိုနန္ဒ ငှားပေးသည့် တိုက်ခန်းတွင် နေနီနီတို့ မိသားစု ပြောင်းနေကြသည်။

နေနီနီ မနှစ်သက်ပေမယ့် နေစရာမှမရှိတာ။

ရပ်ကွက်လည်း မွဲရှုံ့နေကြသည်။

နေနီနီ စိတ်မလုံ။

မောင့်ကို သတိရမိနေ၏။

ကိုသုတမောင် ...

ကျွန်မ ဘယ်လိုမှမေ့ပြစ်လို့မရဘူး။

တွေ့ချင်တယ် ...

ကျွန်မဘဝက လုံးဝမလှပလို့ပါ။

သူမ ခြေထောက်ကို ပတ်တီးသွားဖြေရဦးမည်။

မောင် ရောက်လာမလား။





"မောင် ... နေနီနီ အမှားတစ်ခုကို လွန်ကျူးလိုက်မိပြီထင်ပါတယ်"

ကိုနန္ဒလို စားဖားကြီးတစ်ကောင်ရဲ့ ခံတွင်းဝမှာ ကျွန်မ သက်ဆင်းမိနေသည်။

ထူးကတော့ မမနဲ့ဘာမှမဆိုင်ဘူး အသာနေတဲ့။

မောင်လေးထူးအပေါ်လည်း ပုံကျမထားရက်။

ကလေးတွေကို စောင့်ရှောက်ဖို့ ရပ်ကွက်ထဲမှ ဒေါ်နုက လိုက်နေပေးသည်။

"နေနီနီ ဘာမှအားမငယ်နဲ့နော် ... မသဲသားသမီးတွေဖြစ်သို့ ဒေါ်နု စောင့်ရှောက်ပေးပါ့မယ်"

သစ်သစ်အတွက် လိုအပ်သည်။

နေနီနီလည်း ခြေထောက် မကောင်းသေးပါဘူး။

ကိုနန္ဒက အသုံးအဆောင်ပစ္စည်းတွေကို လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးထား၏။

ရပ်ကွက်ထဲကလူတွေ အားလုံး ကိုနန္ဒကို မသိကြ။

ကြွေရုပ်လေးမိဘတွေက ပွဲမထုတ်သေး၍ ဖြစ်သည်။

"နေနီနီ ... "

"ရှင်"

"ကိုယ့်အကူအညီတွေအတွက် ကျေနပ်ရဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"နီ"

"ရှင်"

"ကြွေရုပ်လေးကြောင့် ကိုယ့်ကိုအထင်မလွဲပါနဲ့၊ ကိုယ်ချစ်တာက နီပဲ"

နီ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

ရှင် ဘာဖြစ်လို့ သဘောကောင်းနေရလဲဆိုတာ ကျွန်မ သိတယ်။

နီ ကြောက်လာသည်။

"ကိုယ်ကတော့ နေနီနီ မပူမပင်နေထိုင်နိုင်အောင် အားလုံးဖြည့်စွမ်းပေးမှာပါ"

သူမ လက်လေးကို ဆုပ်ကိုင်လိုက်သဖြင့် သူမ ဆတ်ခနဲ ရုန်းပစ်မိသည်။

လူယုတ်မာကြီး ...

ကြွေရုပ်လေးနှင့်နီ သူငယ်ချင်းတွေမှန်း သိသိကြီးနှင့် ရှုပ်ခဲ့သည်။

"ကိုနန္ဒ ... ကျွန်မတို့က ခင်မင်မှုလောက်ပဲ ကောင်းပါတယ် မောင်လေးထူးက သူနဲ့ပဲပတ်သက်တယ်တဲ့ ... "

"နီ့ကိုချစ်တယ်"





"ကြွေရုပ်လေးမျက်နှာကို ထောက်ထားပါဦး"

နီ အပြတ်သားဆုံးပြောပြစ်မိသည်။

မဖြစ်တော့ဘူး ...

ကိုနန္ဒ တောင်းဆိုနေတာ နီသိနေ၏။

မောင် ...

နီ့ကို လာကယ်ပါဦး။

နီ ကြောက်တယ်။

မောင့်အတွက် အသန့်ရှင်းဆုံးခန္ဓာကိုယ် ထိန်းသိမ်းရမယ်။

"မင်း ကြောက်နေတာလား"

"ကြွေရုပ်လေးကို ကျွန်မ သစ္စာမဖောက်နိုင်ဘူး၊ မလုပ်သင့်ပါဘူး ကိုနန္ဒရယ် ... နီ တောင်းပန်ပါတယ်"

နေနီနီ ...

လူလည်မ။

သူ့ကို ငြင်းဆန်နေသည်။

ရမလား ...

မင်းအတွက် ငါဘယ်လောက်အထိ ရင်းနှီးထားရလဲ။

နန္ဒ ဒေါသ ထွက်လာ၏။

နေနီနီကို သူတဖြည်းဖြည်း စွဲမက်နှစ်သက်နေသည်။

"မင်း ဆေးခန်းပြရမယ် မဟုတ်လား ... ပတ်တီးဖြေမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သိထားတယ်၊ ကိုယ်လိုက်ပို့ပေးမယ်လေ”

“မပို့ပါနဲ့ ... ကျွန်မ တောင်းပန်ပါတယ်နော် ... ”

မင်း မာနပြနေတာလား နေနီနီ။

ငွေဆီကနေ ယူစရာရှိတာတွေတော့ယူပြီး မင်းက ရှောင်ချင်တာလား။

ကြွေရုပ်လေးကို ငါ လုံးဝဂရုမစိုက်ဘူး။

မင်းကိုတော့ တိတ်တိတ်ပုန်းဇနီးအဖြစ် သိမ်းပိုက်ရမယ်။

“ကိုနန္ဒ”

“ပြော”

“ရှင်ပြောတဲ့ကိစ္စက ကျွန်မ စဉ်းစားပါရစေ ... ကျွန်မ ရှက်တယ်၊ ပြီးတော့ ... ကြွေရုပ်လေးကိုလည်း အားနာနေတယ်”

“နီရယ် ... ကိုယ်လည်း အလောတကြီး မတောင်းဆိုပါဘူးကွာ၊ စဉ်းစားပါ ... ကိုယ်က နီ့ကိုချစ်တယ်၊ ကြွေရုပ်လေးကိုလည်း ဂရုမစိုက်ပါဘူး”

မင်းကိုတော့ ငွေ့ရဲ့တရားဝင်မယားအဖြစ် သတ်မှတ်မှာ မဟုတ်ဘူးနော် နေနီနီ။

မျှော်လင့်မနေနဲ့။

ကိုယ့်အဆင့်ကို သိစမ်းပါကွာ။

သူ့စိတ်ကို အတော်လေး ထိန်းချုပ်ထားရ၏။





နေနီနီကို မရမချင်းတော့ သူလက်မလျှော့နိုင် အချိုသတ်ထားလိုက်သည်။

ဒီလူ မသွားသေးဘူး။

သူမ ဆေးခန်းပြရမည်။

ပတ်တီးဖြေရမှာပါ။

မောင် ဆေးခန်းကို လာမလားဘဲ။

စိတ်တွေ စိုးရိမ်ပူပန်နေသည်။

“ကျွန်မ ဆေးခန်းပြရမယ် ကိုနန္ဒ ပြန်ပါတော့”

“နီ”

“ရှင်”

“ကိုယ့်ကိုဘာဖြစ်လို့ စိမ်းနေတာလဲ ... မင်းတို့မောင်နှမတွေ နောင်တရစရာတွေ ဖြစ်သွားလိမ့်မယ် ... ”

“ဘာရှင့် ... ”

“မင်းမောင်လေးထူးကိုယ်တိုင် ကိုယ့်ရဲ့အစောင့်အရှောက်အောက်မှာ ရှိတာလေ”

“ကျွန်မ မောင်လေးကိုတော့ ရှင်မထိနဲ့နော်”

“မင်းလိမ္မာလေ ... မင်းက ကိုယ့်အထောက်အပံ့တွေတော့ ယူခဲ့ပြီး ကိုယ့်ဆန္ဒကိုတော့ ရှောင်ချင်နေတယ်၊ မင်း သိပါတယ် ဘယ်ဘာလိုအပ်နေလည်းဆိုတာလေ ... ”



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးထူးကိုတော့ လုံးဝအထိခိုက်မခံနိုင်ပါဘူး။

ရေနီနီ ဘာဆက်လုပ်ရတော့မလဲ။

"ချစ်"

"ဟင်"

"ချစ်တယ်"

"အမလေး ..."

သူက နီ့ခန္ဓာကိုယ်လေးအား သိုင်းဖက်လိုက်သဖြင့် အထိတ်တလန့် အော်မိသည်။

နီ မှားပြီပဲ။

သူ့ဆန္ဒတွေကို နီ သိသိကြီးနှင့် လက်ခံမိသွားသည်။

နီတို့မှာ တဲစုတ်ပင်ဌားရမ်းနေထိုင်ဖို့ပင် မရှိ။

နီ ငိုချင်သည်။

"မင်းလိမ္မာရင် မင်းမောင်လေး အေးချမ်းမှာနော် နေနီ"

မောင်လေးကို ဘာတွေခိုင်းနေတာလဲ။

ကိုနန္ဒလုပ်တဲ့ အလုပ်တွေက အစုံပဲ။

မကောင်းမှု ဒုစရိုက်တွေ ဖြစ်နိုင်သည်။

ဘုရားရေ ...

ထူးအနာဂတ် စိတ်မချရတော့။

သူ့ထောင်ချောက်ထဲသို့ ဘယ်လောက်အထိ တိုးဝင်မိနေ





သဲ။

"မမနဲ့မဆိုင်ပါဘူး ... ထူးရှင်းမယ်၊ မမ ရှုးချင်ယောင်ဆောင်နေ"

ထူးကတော့ ပြောထားသည်။

မမအတွက် မင်းပဲအနစ်နာခံမလို့လား။

"ဘယ်လိုလဲ နီ"

"ဖယ်ပါ"

"ကောင်းပြီလေ ... ဒီနေ့တော့ ကိုယ်ပြန်မယ်၊ နန္ဒကို မင်းလည်းကျလို့တော့ မဖြစ်ဘူးလေ ... သိလား ..."

သူမ ပါးကို ဆွဲလိမ်သွားသည်။

နေနီနီ ခန္ဓာကိုယ်လေး ခြေပစ်လက်ပစ် ပုံကျသွားတော့၏။

ဒေါ်မြ ထွက်လာသည်။

"နီလေး ... ဘာဖြစ်တာလဲ၊ ဒီလူက နီလေးကိုချစ်နေတာတဲ့လား ... နီလေး မကြိုက်လို့လား"

"အင်း"

"ထူး အလုပ်ရှင်ဆို"

"ဟုတ်ကဲ့"

"အဒေါ်လည်း ဒီလူကို မကြိုက်ဘူး ... နီလေးကို အပျော်ပါလားလို့ စိတ်ပူတယ်၊ နီလေးက လင်ကောင်းသားကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်တယ်လေ"

ဒေါ်နုကလည်း သူမကို အရိပ်လိုကြည့်ပြီး စောင့်ရှောက်သည်။

ထူးရယ် ... မမ ဘာဆက်လုပ်ရမလဲဟင်။

"မမနဲ့ကိုမောင် လက်ထပ်စေရမယ် မပူနဲ့ ... ကိုမောင့်ကို မမချစ်တယ်မဟုတ်လား ထူးကြံစည်မယ်"

ထူးကိုလည်း သနားမိသည်။

ကိုနန္ဒနဲ့ပဲ နေထိုင်လိုက်ရင် ကောင်းမလားဘဲ။

မောင့်ကိုပဲ သတိရနေသည်။

"ကိုနန္ဒကို ဘာမှမလိုက်လျောနဲ့နော်မမ ... ထူးနဲ့ရှင်းမယ်"

ထူးက မောင်နှင့်ပဲ လက်ထပ်စေချင်၍ မမ သန့်သန့်ရှင်းရှင်းနေပါတဲ့။

သူမ ဆေးခန်းကိုသွားပြရဦးမည် ဖြစ်သည်။

"ဒေါ်နု"

"ပြော"

"သစ်သစ်ကို ညစာတွေ ဘာတွေပြင်ပေးပါနော် ... ကျက်ရတာ ပင်ပန်းတယ်၊ နီ ဆေးခန်းသွားမယ်"

"ဟင် ... နီတစ်ယောက်တည်းလား"

"အင်း ... ရတယ်၊ ခြေထောက်က သက်သာနေပြီပဲ"





ထူး ပြန်လာမယ်ဆိုပြီး ပြန်မလာသေးပေ။

ဘာတွေဖြစ်နေလဲ။

ကိုနန္ဒရဲ့ ထောင်ချောက်ထဲ တိုးဝင်မိမှာလည်း စိတ်ပူပင်ရသည်။

"မင်းလိမ္မာရင် မင်းမောင်လေး အေးချမ်းမယ်နော် နေနီနီ၊ ကိုယ့်ကိုဆက်ပြီး ငြင်းဆန်နေမယ်ဆိုရင်တော့ ... "

သူ့အပြုံးရဲ့ နောက်ကွယ်မှာ ကြောက်စရာကောင်းတဲ့ ရက်စက်မှုတွေ ရှိနေသည်။

"နီ တစ်ယောက်တည်းပဲ အငှားကားနဲ့ သွားမယ်ဒေါ်နု၊ စိတ်မပူပါနဲ့ ... ထူးပြန်လာရင်လည်း မလိုက်နဲ့တော့ အနားယူနေလို့ ပြောပေးပါ"

"စိတ်ချစမ်းပါ နီရယ် ... သွားမှာသာ သွားစမ်းပါ၊ ဒေါ်နု ဘာဝန်ထား ... နီလေးလည်း တစ်ယောက်တည်း သတိနဲ့သွားလာနော်"

"ဟုတ်ကဲ့"

နီ တစ်ယောက်တည်း အငှားကားနှင့်ထွက်လာတော့ ဆေးခန်းမှာ ကိုသုတမောင်က ရောက်နှင့်နေသည်။

ရုတ်တရက်တော့ နီ အတိုင်းအဆမရှိအောင် ဝမ်းသာသွားရပါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



နီ နာကျင် ကြေကွဲရပြန်သည်။

"မင်း ခြေထောက်တွေ ကောင်းနေပြီပဲ ... ကိုယ် အရမ်း
စိတ်ပူပြီး စောင့်နေရတာ"

"ရှင်"

"မောင်လေးရော ... "

"မအားဘူးလေ ... နီလည်း သက်သာနေလို့ တစ်ယောက်
ထဲ လာခဲ့တာပါ"

"လာလေ နီ ... ဆေးခန်းထဲဝင်ရအောင်၊ မောင့်လက်
ဆွဲထား"

"ဟို ... ဟို ... ရပါတယ်၊ ကျွန်မ လမ်းလျှောက်နိုင်နေပါပြီ"

"လာပါ နီရယ် ... မောင်လက်ကို တွဲစမ်းပါ၊ အားမနာပါနဲ့"

မောင်က နီလက်လေးကိုဆွဲယူပြီး သူ့လက်မောင်းမှာ
ချိတ်စေသည်။

နီ့ခန္ဓာကိုယ်လေး တစ်ခုလုံး ထူပူသွားရ၏။

စောစောကပဲ ကိုနန္ဒက သူမအားပွေ့ဖက်သေးသည်။

စိတ်တွေကမလုံ။

မောင်က ဆေးခန်းထဲဝင်ခဲ့၏။

ဆရာဝန်က ဓနီးသက်သာသွားပြီလားတဲ့။

မောင်က ဟုတ်ကဲ့ဟုဖြေတော့ နေနီနီ ရင်တွေ တ
ဆတ် တုန်လာသည်။





"ဟုတ်ကဲ့ ... ကောင်းနေပါပြီ၊ မိန်းမက ကြောက်တတ်
ဘယ်လေ"

ဘုရားရေ ...

မိန်းမတဲ့။

မောင်ကတော့ မှင်သေသေနှင့်သူမ ဓာခွေးတွေပင်
လာ သည်။

ဆေးခန်းမှအထွက် သူကတွဲပြီး ကားထဲပို့ပေး၏။

သူမ လမ်းလျှောက်နိုင်ပါပြီဆိုလည်း ပြောမရ။

"နီ"

"ရှင်"

"မောင်တို့ကုမ္ပဏီကို လိုက်ခဲ့ရမယ်နော်"

"ဘာဖြစ်လို့လိုက်ရမှာလဲ ... နီ မလိုက်ပါရစေနဲ့နော်"

"မောင့်မေမေနဲ့ တွေ့ပေးမလို့ပါ"

"ရှင် ... မဖြစ်နိုင်တာဘဲ၊ ကျွန်မနဲ့ဘာမှလည်း မဆိုင်သေး
လေ"

"မောင်က မေမေ့ကိုပြောပြလိုက်တယ်၊ နေနီနီ့ကိုမြင်မြင်
ချစ်တယ်လို့ ... "

"ကျွန်မ ကြောက်တယ် ... လုံးဝမဖြစ်နိုင်တဲ့အခြေအနေ
ကိုသုတမောင် ... ဒီကိစ္စက အလွယ်တကူ စိတ်ကူးယဉ်လို့
ဘူး၊ ကျွန်မက ဆင်းရဲတယ် ... ကျွန်မအကြောင်း ဘာမှလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိသေးဘဲနဲ့ လူကြီးတွေအထိ ခေါ်ပြဖို့ မဖြစ်ပါဘူး"

သူမမှာ ကိုနန္ဒက ရှိနေသည်။

ဘယ်လိုမှ ရှောင်ထွက်လို့မရကြောင်း သိနေ၏။

သူမ ဘဝတစ်ခုထဲကိုပဲ ရုန်းထွက်သင့်လို့လား။

မောင်လေးထူး ညီမလေးချစ်ချစ်နဲ့သစ်သစ် မဖြစ်နိုင်။

သူမ ဘယ်လိုအကြောင်းတွေနှင့်မှ မရက်စက်နိုင်ပေ။

"မေမေက အဆင့်အတန်း မခွဲခြားတတ်ပါဘူးနီရယ်၊ မော

ဆန္ဒပါပဲ ... နီ့အကြောင်းတွေလည်း မောင် မသိချင်ပါဘူး"

"နီက ဆင်းရဲတယ်၊ ပညာလည်း မတတ်ဘူး၊ ရှင်နဲ့ဘယ်

မှ မလိုက်ဖက်တဲ့ မိန်းကလေးပါ"

မောင်က ဖွတ်အတင်းပင် သူ့အမေနှင့်တွေ့ဆုံကြည့်

တောင်းဆိုနေသည်။

"တွေ့ပေးပါနီ ... မောင်ကတော့ နီ့ကိုချစ်တယ်၊ လက်

ပါရစေ၊ နီ့မိသားစုဆင်းရဲရင်လည်း မောင်ထောက်ပံ့မှာပါ"

ကိုနန္ဒကို ဘယ်လိုလုပ်ရမလဲ။

နီ ကံဆိုးတယ်။

နီနှင့် တရားဝင် မြတ်မြတ်နိုးနိုးယောကျ်ားကို တွေ့ရ

လက်ထပ်ခွင့်မကြုံနိုင်ပေ။

သူမ ငိုပစ်ချင်သည်။

"နီ တွေ့ပြီးမှ ဆုံးဖြတ်ပါ၊ မောင်တို့မိသားစုလည်း ယ





အရမ်းဆင်းရဲခဲ့တယ်၊ ဖေဖေက အလုပ်ကြိုးစားလုပ်လို့ ကြီးပွား

လာခဲ့ကြတာပါနီရယ် ... မေမေက ဆင်းရဲတဲ့မိန်းကလေး

ဆိုပြီး ဂရုဏာသက်ပါတယ်၊ ကိုယ်ချင်းစာတယ်၊ သားနဲ့ဘဝတစ်

က်လုံး ပေါင်းရမှာမို့ မေမေ လုံးဝဝင်ပြီး မစွက်ဖက်ဘူးတဲ့"

သူမ ငြင်းဆန်ပြန်ရင်လည်း အိုင်တင်ခံရာ ရောက်ဦးမည်။

မောင့်ကိုလည်း သူမ အပြတ်မငြင်းနိုင်။

မောင့်ကို ချစ်သည်။

မိသားစုကို ဘယ်လိုစွန့်ပစ်ထားခဲ့ရမလဲ။

ထူးကြောင့်ပါ ...

ကိုနန္ဒက ထူးကို တစ်ခုခုလုပ်ပစ်လိုက်မှာ ကြောက်နေ၏။

မမဘယ်လိုမှ မရက်စက်နိုင်ဘူး။

ထူးကတော့ သူတို့မိသားစုက ဆူးညှောင့်ခလုတ်ပါတဲ့။

မမဘဝ ကောင်းစားဖို့ပဲ စဉ်းစားပါတဲ့။

သူမကတော့ မိသားစုကို ဘယ်လိုအကြောင်းနဲ့မှ မစွန့်ပြစ်

ပေ။

မောင် အတင်းခေါ်နေ၍ သူမ လိုက်လာခဲ့ရသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

နေနီနီ တုန်လှုပ်ချောက်ချားနေမိသည်။

ကြောက်နေမိ၏။

နေနီနီ ဆင်းရဲတာတင် မဟုတ်တော့။

ကိုယ်ကျင့်တရားပါ ပျက်ပြားသည်ဟု ပတ်ဝန်းကျင်က နာမည်ထွက်နေသည်။

"မောင်"

"ပြောလေ နီ ... "

"မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်မ ရင်မဆိုင်ရဲဘူး၊ နေ့... အကြောင်း ဘာမှမစုံစမ်းဘဲ ရှင် ဒီလိုမလုပ်သင့်ပါဘူး"

"မကြောက်ပါနဲ့ နီ ... မင်းအကြောင်း မောင်ဘာသိရမှာ... မင်းက အိမ်ထောင်မရှိတဲ့ မိန်းကလေးမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် မောင် ... ကျွန်မမှာ မိသား...





သေးတယ်လေ"

"မောင့်အမေနဲ့ တွေ့ရုံလေးပါ၊ ပြီးတော့မှ နီ့ဆန္ဒတွေအတိုင်း ဖြစ်စေရပါ့မယ်"

အင်းလေ ...

လက်ထပ်ဖို့အထိ ရည်ရွယ်တာမှမဟုတ်တာပဲ။

ကုမ္ပဏီက ခမ်းနားကြီးကျယ်လွန်းနေသည်။

သူမ ခြေလှမ်းတွေ တစ်လှမ်းလှမ်းသွားဖို့ပင် ခက်ခဲနေ၏။

မောင်က သူမလက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်ပြီး ခေါ်လာခဲ့သည်။

"နီ အိပ်မက်မက်နေတာလား၊ တကယ်လားဟင် ... မောင်က နီကိုအရေးတယူ ရှိလိုက်တာ"

ထူးရေ ...

မောင်လေး မြင်တွေ့ချင်တဲ့ မမရဲ့ကြီးကျယ်ခမ်းနားမှုတွေ ... မင်းကိုမြင်စေချင်တယ်။

မောင်လေး ဘာပြောမလဲ။

မမ ဘဝအတွက်ပဲ ရွေးချယ်ပါလို့ ပြောမှာပဲ မဟုတ်လား။

မမလေ မရက်စက်နိုင်ဘူးကွယ်။

"ဘာမှ မကြောက်နဲ့နော်နီ ... မင်းကို ဒုက္ခရောက်အောင် ... မောင် ဘယ်တော့မှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နီ လေထဲမှာလွင့်မျောနေသလိုပဲ။

စိတ်တွေပူလူပြီး အသိကင်းမဲ့နေသလိုလို မောင် ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့သည်။

“နီ”

“ဟင်”

“အခန်းထဲမှာ မေမေရှိတယ်၊ မောင် ဖုန်းဆက်ထားပြီးပါပြီ၊ စိတ်ကို ငြိမ်ငြိမ်လေးထားပါ”

သူမ အသိဝင်လာသည်။

စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ရင်း ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်မိ၏။

နီ့ဘဝကို နားလည်မှုပေးရမယ်။

မောင့်ကို နီ လုံးဝသွေးဆောင်ဖြားယောင်းခြင်း မရှိခဲ့ဘူး၊ မှန်သော သစ္စာစကားပါ။

“ဝင်မယ်နော် နီ ...”

“အင်း”

အခန်းကြီးထဲဝင်သွားတော့ အေးစိမ့်စိမ့်အတွေ့အထိနှင့် ကြီးကျယ်ခမ်းနားမှုတွေက ဆီးကြိုနေသည်။

မောင့်မေမေက ထ၍ နှုတ်ဆက်လိုက်၏။

အမလေး ...





ဝတ်ထားတဲ့စိန်တွေက မျက်စိကြိမ်းမတတ်။

နေနီနီ ဝင်ထိုင်လိုက်သည်။

“သမီးက နေနီနီလား”

“ဟုတ်ကဲ့”

“အင်း ... ချောလိုက်တာ၊ ဒါကြောင့်လည်း သားက အရမ်းကို စွဲလမ်းနှစ်သက်သွားရတာပဲ”

မောင့်မေမေရဲ့အသံတွေက တည်ငြိမ်အေးချမ်းလွန်းသည်။

ကြွေရုပ်လေးမိဘတွေအသံနှင့် ဘာမှမဆိုင်။

ဆီးကြိုမှုက အိပ်မက်ပမာပဲ။

နီ အိပ်မက်တွေလား။

လန့်နိုးသွားမှာပင် ကြောက်လာသည်။

ကြီးကျယ်ခမ်းနားလွန်းတဲ့ နေရာတစ်ခုဆီ နေနီနီ အမှန်တကယ် ရောက်ရှိနေ၏။

မထင်မှတ်နိုင်လောက်အောင်ပင် နွေးထွေးကြင်နာစွာ ဆီးကြိုနေခဲ့သည်။

“နေနီနီ”

“ရှင်”

“သားကတော့ သမီးနီအကြောင်း အမြဲတမ်းပြောနေတယ်လေ၊ အန်တီကတော့ သားဆန္ဒအဓိကပါ၊ သားနှစ်သက်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံနေပေးပါ့မယ်"

သူမ ငြိမ်သက်နေမိသည်။

ရင်တွေက တဒိန်းဒိန်းခုန်နေ၏။

မောင်ကတော့ သက်သောင့်သက်သာနေထိုင်ဖို့ သတိပေးနေသည်။

"နေနီနီ့မှာ မောင်နှမ ဘယ်နှစ်ယောက်ရှိလည်းကွယ်"

"ရှင် ... ဟို တစ်ယောက်ထဲပါ"

ကျွန်မ ဖြေလိုက်သည်။ တစ်ကိုယ်ကောင်းဆန်သွားပြီလားမသိတော့ပါဘူး။ ထူးနှင့်ညီမလေးတွေရှိကြောင်း ပြောဖို့ တွန့်ဆုတ်သွားတာကိုပင် သူမကိုယ်သူမ အပြစ်တင်မိ၏။ မောင့်မေမေက သူမအား လွှမ်းမိုးသွား၍ဖြစ်သည်။

"ဆင်းရဲတာက အပြစ်မဟုတ်ပါဘူးကွယ်၊ အန်တီလည်း အပျိုစင်ဘဝက ဆင်းရဲနွမ်းပါးခဲ့ပါတယ်၊ အရေးကြီးတာက ကိုယ်ကျင့်တရားပဲလေ"

အမလေး ... နီလဲပြိုကျသွားမတတ်ပင်။ အရေးကြီးတာက ကိုယ်ကျင့်တရားတဲ့။ နီက အမှတ်မရနိုင်။ မောင့်မေမေလောက် သဘောထားကြီးတဲ့ မိန်းမ ရှိနိုင်ပါတော့မလားဘဲ။ နီ အံ့သြနေရသည်။ အိပ်မက်မဟုတ်။ မောင်နဲ့နေနီနီ့ကို သဘောတူတယ်တဲ့။ စိတ်တွေလှုပ်ရှားလွန်းသဖြင့် အသိတွေ ကင်းမဲ့သွားရသည်။





"သမီးမိဘတွေကရောကွယ် ... "

"ကွယ်လွန်သွားကြပါပြီ ... အဒေါ်နဲ့နေရတာပါ"

"ဟုတ်လား ... အန်တီ့ဘဝနဲ့တူတယ်၊ သားကတော့ မင်းရိုးသားဖြူစင်တဲ့ မိန်းကလေးတဲ့၊ အန်တီလည်း ဖြူစင်ရိုးသားမှုနှစ်သက်တယ်၊ သားအိမ်ထောင်ဘက်ကို သားဆန္ဒအတိုင်း ရွေးချယ်ခွင့်ရှိပေမယ့် အရွေးမမှားစေချင်တာပါ"

တော်ပါသေးရဲ့။

နေနီနီ နှုတ်ခမ်းနီနီတွေ မဆိုးလာခဲ့လို့။

ဒါပေမဲ့ ...

နေနီနီ့ကို ရွေးချယ်ရင်တော့ မောင် အကြီးအကျယ် မှားလိမ့်မောင် ဂုဏ်သိက္ခာတွေ မဲ့ရမယ်။

နေနီနီ ပြန်ချင်လာသည်။

ဆက်ပြီးနေထိုင်ဖို့ သတ္တိမရှိတော့။

မောင့်ဘဝ နိမ့်ကျစေမှာပါ။

ရှင်က ရိုးသားတယ်လေ။

ရှင့်အမေကလည်း လေးစားထိုက်တဲ့ အမျိုးသမီးကြီးပဲ။

"နေနီနီ"

"ရှင်"

"မင်းတို့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါ၊ အန်တီ ဘဝကို နားလည်ပါတယ် ... သားက သမီးကို
မြတ်နိုးတယ်၊ သမီးက လက်မခံသေးဘူးဆို ..."

"ဟုတ်ကဲ့ ... နေနီနီ စဉ်းစားပါရစေဦးအန်တီ၊ ဘာဖြစ်
လဲဆိုတော့ မောင့်အတွက်ပါ ... နီက နိမ့်ကျပါတယ်၊ မောင်ရ
တွေ နိမ့်ကျသွားမှာကိုတော့ နေနီနီ တကယ်မလိုလားတာ
ကျွန်မ အိုင်တင်ခံတာမဟုတ်ပါဘူး ... ဖြည်းဖြည်းချင်းပဲ စဉ်းစ
စေချင်လို့ပါ"

ဒေါ်ခန့်ထယ်ကတော့ နေနီနီကို မြင်ရတော့ မိမိငယ်စဉ်
ဘဝကို မြင်ယောင်လာခဲ့သည်။

မိမိဘဝနှင့်ထပ်တူပင်။

ခင်ပွန်းမိဘတွေနှင့်တွေ့စဉ်က မိမိဘယ်လောက်အထိ သ
ငယ်ထိတ်လန့်ခဲ့ရလဲ။

မိမိ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ။

ငယ်ဘဝကိုတော့ မမေ့ပစ်နိုင်။

သားကိုလည်း သားဆန္ဒနှင့် သားချစ်သူအား ရွေးချယ်စေ
ခဲ့သည်။

"မင်းတို့အနာဂတ်အတွက် မင်းတို့ပဲ စဉ်းစားကြပါ၊ ဆုံးဖြ
ကြ၊ မေမေကတော့ လုံးဝမကန့်ကွက်ဘူးနော်၊ တကယ်တော့ အ
တစ်သက်တာလုံး လက်တွဲဖော်က အချစ်နဲ့ပဲ တည်ဆောက်ကြ





ကွယ်"

မေမေ ပြန်ထွက်သွားသည်။

နေထိုင်သွားလာတာကအစ မောင့်မေမေက အဆင့်ရှိလွန်း
နေ၏။

ခမ်းနားသည်။

"နီ"

"ဟင်"

"တွေ့လား ... မောင့်မေမေက စိတ်သဘောထား ပြည့်ဝ
ပါတယ်လို့"

"ကျွန်မ အရမ်းအံ့သြသွားရတယ်၊ အိပ်မက်လို့တောင် ထင်
တယ်၊ မောင့်မေမေက တကယ်ကို စိတ်သဘောထားပြည့်ဝတယ်"

"နီ"

"ရှင်"

"မောင့်ကို မငြင်းပါနဲ့"

"ကျွန်မ ... ကျွန်မလေ"

မောင်က သူမလက်လေးကို ဆုပ်ကိုင်တော့ သူမ ရုန်းဖယ်
ဖို့ဆန္ဒတွေ ပြင်းပြခဲ့ရပေမယ့် မရုန်းနိုင်ခဲ့။

"မောင် မဖြစ်နိုင်ဘူးလို့ထင်ပါတယ်၊ ဖြည်းဖြည်းချင်းပဲ စဉ်း
စားကြရအောင်ပါ ... မောင့်အခြေအနေက ကျွန်မဘယ်လို ငြင်း



www.burmeseclassic.com

www.burmeseclassic.com



ပယ်လို့မရအောင် အရည်အချင်းတွေ ပြည့်ဝနေပါတယ်"

"နီက ဆင်းရဲတယ်လို့ပြောမလို့လားကွာ၊ မောင့်မေမေ ကိုယ်တိုင်က နီ့ကိုလက်ခံတာပဲ၊ ဆင်းရဲတာ အပြစ်မဟုတ်ပါဘူးတဲ့"

နေနီနီ့ဘဝမှာ မောင်မသိသေးတာတွေ အများကြီးပါနော်။

မောင့်ကို ချစ်လို့ပါ မနှစ်ရက်ဘူး။

မောင် ဘယ်လိုမှ နေနီနီ့ဘဝကို လက်ခံပေးနိုင်မှာ မဟုတ်လို့ပါနော်။

ကြွေရုပ်လေးထက် ကျွန်မ အဆင့်သာလွန်နေခဲ့၏။

ရင်ဆိုင်ဖို့ ကျွန်မမှာ သတ္တိမရှိပါဘူး။

"မမဘဝ မြင့်မားဖို့ဆိုရင် ထူးတို့မောင်နှမတွေကို ထားပစ်ခဲ့ပါ"

မောင်လေးထူးရယ် ...

မမ အတ္တကြီးလွန်းပါတယ်။

ထူး ကိုယ်ကျင့်တရား ပျက်ပြားရတာလဲ နီ့ကြောင့်ပါ။

နီက ငယ်စဉ်လေးထဲက အလှအပတွေ မက်မောပြီး ကျော့ကျော့လေး နေထိုင်ချင်ခဲ့သည်။

"မောင်ရယ် ... နေနီနီ့မှာက မောင်နှစ်သက်မြတ်နိုးစရာ ဘာမှမရှိခဲ့ပါဘူး၊ လုံးဝအဆင့် မရှိတာပါ ... နေနီနီ့ကြောင့် မောင့်ဘဝ မနိမ့်ကျစေချင်ဘူး"





သူမ စိတ်ထဲကနေ တွေးမိနေသည်။

ရင်ထဲမှာ ကွဲအက်နာကျင်လာရ၏။

မောင့်ကိုလည်း ဒုက္ခမပေးချင်။

ပြန်ပို့ပဲ ပြောမိသည်။

"နီ ပြန်တော့မယ်နော်"

"ကိုယ် လိုက်ပို့မယ်လေ၊ ဈေးဝယ်ထွက်ကြမယ်"

"နီ့မှာ ဘာမှဝယ်စရာမရှိပါဘူး၊ လိုအပ်တာလည်း မရှိဘူး၊ …စုံပါတယ် ... ပြန်ခွင့်ပဲ ပြုပါနော်"

"မရဘူးကွာ၊ နီ မစိမ်းပါနဲ့ ... မောင်ကတော့ နီ့ကိုမှမရရင် …ရတော့မလောက် ချစ်နေမိပြီ၊ ဘယ်လိုလုပ်ရမလဲ"

နေနီနီ ကြောက်သည်။

သူမ ဖြစ်ချင်လွန်းတဲ့ အခြေအနေတစ်ခု ဖြစ်နေပေမယ့် …မရှိ။

မောင့်ကြောင့်ပါ။

"ကဲပါကွာ ... နီ မဝယ်ချင်လည်း မောင်ဝယ်မယ်၊ လိုက် …ပေး ... မောင်က အလုပ်များတော့ ကိုယ်ဝတ်မယ့်အဝတ် …တွေကို မေမေပဲ ဝယ်ပေးရတာ မကြည့်တတ်ဘူး"

"နီလည်း မကြည့်တတ်ပါဘူး ... ဝယ်စရာလည်း ပိုက်ဆံမရှိ …လ ... အစုတ်အနုတ်တွေပဲသိတယ်၊ ကျွန်မ တကယ်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ဘာပါမောင် ... ပြန်ချင်တယ်၊ စိတ်တွေကျဉ်းကြပ်လို့ပါ"

မောင်က မရ။

သူမလက်လေးကိုဆွဲပြီး အပြင်ကိုခေါ်လာသည်။

ကားပေါ်တက်စေ၏။

သေချင်သည်။

"နှ"

"ဟင်"

"မကြောက်ပါနဲ့ ... ရတ်တရက်ကြီးဆိုတော့ မောင့်ကို

သေးတာလား၊ နှီဘဝ ဘယ်လောက်ပဲ ဆင်းရဲနွမ်းပါနေပါစေ၊

က မြှင့်တင်ပေးရမယ်လေ ... ဖူးစာလားတော့မသိဘူးကွာ၊ နှီ

တွေ့တွေ့ချင်းပဲ မောင် အရူးအမူး ချစ်မိသွားတယ်"

"မောင်ရယ်"

နှီ့ရင်ထဲမှ နာနာကျင်ကျင်လေး ရေရွတ်မိနေသည်။

ရှုပါမားကတ်ကြီးတစ်ခုထဲဝင်တော့ နေနီနီလက်လေး

တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး လှျောက်ကြည့်နေ၏။

နှီ့အတွက်ပဲ ရွေးချယ်ဝယ်ပေးသည်။

"မောင် ... တော်ပါတော့၊ အရမ်းများနေပြီ ... ပြန်ကြမ

ကျွန်မလည်း ခြေထောက်အကြာကြီးလှျောက်လို့ မရဘူးလေ"

"ဒါဆို ... ဝိုးချဲလ်သွားယူပေးမယ်၊ မောင့်ကားထဲမှာ ထည့်





တယ်လေ၊ မင်း အဲဒီလိုပြောမယ်မှန်းသိလို့ ... "

"သေချင်တယ် ... "

မောင် အစောကြီးထဲကပင် ကြိုစည်သယ်ဆောင်လာ၍

နာကျင်စွာ ခံစားရသည်။

ဘယ်လိုငြင်းရမလဲ။

နေနီနီ လက်ခံချင်ပါတယ်။

မောင့်လက်တွေကို မြဲမြဲဆုပ်ကိုင်ထားပြီး သူ့ဗွေးကတော်

ကို ခံယူချင်တယ်။

ကျွန်မ အမြတ်တမ်း ပြင်းပြတဲ့ဆန္ဒတွေပါ။

စိတ်ကူးယဉ်လာခဲ့ရတာ နှစ်တွေ ဘယ်လောက်အထိ ကြာ

"ကိုနန္ဒနဲ့ တခြားစီပဲ၊ လူယုတ်မာကြီး ... မောင်လေးထူး

ယ်လောက်အထိ နစ်နေရှာပြီလဲ"

သူမ တွေးမိနေတာက ကိုနန္ဒအကြောင်းတွေပင်။

လက်ထပ်ယူရမယ့်ချစ်သူ ရှိနေပါလျက်နှင့် သစ္စာမဲ့ချင်သည်။

မိန်းကလေး တစ်ယောက်ရဲ့ဘဝကို ခြေတော်တင် ဖျက်စီး

ကျုံးသွင်းကြိုစည်ခဲ့၏။

မင်းမောင်လေးအတွက် စဉ်းစားတဲ့။

မင်း ကလန်ကဆန် လုပ်ပြီး ရှောင်ဖယ်နေရင် မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ထူး ဘဝ ဘယ်လိုဖြစ်သွားမယ်ဆိုတာ စောင့်ကြည့်နေတဲ့။

ရင်ထဲမှာ အသက်ရှူလို့ပင်မရ။

မွန်းကြပ်နေသည်။

"နှို"

"ဟင်"

"နှို ဘာတွေစဉ်းစားနေတာလဲ၊ မောင့်မေမေက အရမ်း

သဘောတူသွားလို့ ဘါယတွေ ဝင်နေတာလား"

"ကျွန်မ ကြောက်နေတယ်၊ တကယ်ပါ ... မောင်နဲ့ချ

တွေဖြစ်ပြီးမှ ထပ်မဝေးချင်တာပါ၊ နှို့စိတ်ထဲမှာ ဘယ်လိုမှမဖြ

ဘူးလို့ပဲ ထင်နေပါတယ်"

"ဒါဆို အခုပဲ တရားရုံးမှာ သွားပြီးတရားဝင် လက်ထပ်

မယ်လေ"

"အိုး ... မဖြစ်ပါဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ နှို စဉ်းစားချင်သေး

တယ် ... မောင်နဲ့မိတ်ဆွေတွေအဖြစ်ပဲ နေပါရစေဦး"

"အရူးမလေး ထင်တယ် ... အတွေးအခေါ်တွေ ချော

ပြီး စဉ်းစားလေ မင်းလုံးဝငြင်းလို့မရဘူး၊ မောင်က ဘယ်လိုနည်း

မဆို အရယူမှာပဲ"

"အို"

မောင်က နေနီနီ့ပခုံးလေးကို တင်းတင်းဖက်လိုက်သ





ရင်တွေ တဆတ်ဆတ်တုန်သွားသည်။

ဖယ်ပစ်လို့လည်း မရ။

နေနီနီ ငိုပစ်ချင်လာ၏။

မောင့်လို သူ့မအပေါ် ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်

ယောက် နောက်ထပ် ဘယ်တော့မှ မတွေ့နိုင်ကော့ပေ။

မိသားစုနှင့်လည်း အဆင်ပြေတယ်။

ကြွယ်ဝချမ်းသာတဲ့ လုပ်ငန်းရှင်ကြီးရဲ့ ချွေးမ။

ရုပ်ရည်ချောမောခန့်ညားတဲ့ယောကျ်ားတစ်ယောက်ရဲ့ဇနီး

နေနီနီ့ဘဝကို ဘယ်လိုလူလိုက်မှီနိုင်တော့မလဲနော် ... ရွေးချယ်

သင့်သည်။

သူ့စ စိတ်တွေ တိမ်းညွှန်ယိမ်းယိုင်သွားရပြီး မောင့်လက်

ကိုဆွဲ၍ ဈေးတွေဝယ်ပစ်၏။

နေနီနီ စိတ်ကူးယဉ်အိပ်မက်တွေ မက်လာခဲ့ရတဲ့ ဘဝတစ်ခု

။

အရာအားလုံးကို မေ့ပြီး ပျော်ရွှင်သွားတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ပစ္စည်းတွေဝယ်ပြီး တစ်ခုခုစားသောက်ဖို့အတွက် စား သောက်ဆိုင်ကြီးယဲဝင်ဖို့ လမ်းဘေးမှာကားထိုးရပ်လိုက်တော့ သူ တို့နှင့် မလှမ်းမကမ်းမှာ ပြဿနာတစ်ခု အကြီးအကျယ်တက်နေ သည်။

"သူခိုး … သူခိုး … "

"ဟင်"

ကောင်လေးတစ်ယောက်ကို လူတွေက ဝိုင်းဝန်းဖမ်းဆီး ကြသည်။

နေနီနီ မျက်ဝန်းတွေ ပြာသွားရ၏။

စိတ်တွေပူသွားသည်။

ထူးလား …

သူမ ကားပေါ်ကနေ ဆင်းသည်။





"မပြီ … ချက္ကာ … "

"ခွပ် … ခွပ် … "

"ခွပ် … "

"အား"

"သူခိုးလေး ချ … မှတ်လောက်သားလောက်အောင် ရိုက် … "

"ခွပ် … ခွပ် … "

"အား … "

သူမ သေသေချာချာ ကြည့်လိုက်တော့ မောင်လေးထူးပဲ။

ဘုရားရေ …

ဒုက္ခပါပဲ။

ဘယ်လိုလုပ်ရမလဲ။

နေနီနီ လှမ်းထွက်ဖို့ ပြင်လိုက်တော့ မောင်က တားသည်။

"နီ ဝင်မပါနဲ့လေ … သူတို့ကိစ္စပဲ … သွားကြမယ်"

မောင်လေးထူး …

နေနီနီ့ကို ချမ်းသာစေချင်တဲ့ကျွန်မ မောင်လေးထူးပါ။

ဘယ်လိုလုပ်ရမလဲ။

နီ သွားကယ်သင့်သည်။

ထူးကလည်း သူမကို တွေ့သွားပြီး မမ ဝင်မပါနဲ့ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေနှင့် ကြည့်သည်။

"နီ"

"ရှင်"

"ဒီလိုကောင်လေးမျိုးတွေ အချောင်သမားတွေလေ၊ အ...

အကိုင်လည်း မလုပ်ချင်ကြဘူး"

"သနားလိုက်တာ ... ငယ်ငယ်လေးရှိသေးတာပဲ၊ ခိုး...

လည်းခိုးတာပေါ့ ရဲစခန်းပို့သင့်တယ်လေ"

"ပို့ကြမှာပါ"

မောင်လေးရယ် ...

မမတာဝန် မဲ့လွန်းသွားရပြီလေ။

ထူးကို မကယ်နိုင်ဘူး။

လက်ထိပ်ခတ်ပြီး မောင်လေးကိုဖမ်းသွားကြသည်။

နီ ငိုပစ်ချင်လာ၏။

မောင်လေးထူးနောက်သို့ ပြေးလိုက်ချင်တဲ့ဆန္ဒတွေ ဖြ...

စွာ ဖြစ်ပေါ်နေသည်။

"ဝင်မယ်လေ နီ ... "

သူမ ဝင်လိုက်သွားရသည်။

စိတ်တွေက မောင်လေးရောက်နေတဲ့ **ရဲစခန်းဆီရောက်...**

၏။





ဘာတွေဖြစ်သွားပြီလဲ။

မောင်လေးကို ဝိုင်းရိုက်ကြတာ အလူးအလိမ့်ပဲ။

နီ ရဲစခန်းကို လိုက်သွားချင်သည်။

"နီ ပြန်မယ်နော် ... အငှားကားနဲ့ပဲ ပြန်ပါရစေ"

"မောင် လိုက်ပို့ပေးမယ်လေ၊ နီ့အဒေါ်လည်း တွေ့ရအောင်

...နီရယ် ... ဘာဖြစ်လို့ မျက်နှာလေးကပျက်နေရတာလဲ၊ မောင်

...ည်း အောက်ခြေလူတန်းစားက တက်လာတာပါကွာ"

"ဟိုလေ ... နီတို့အိမ်ရှေ့မှာ အကောင်းစားကားကြီးရပ်

...ရင် အတင်းပြောစရာဖြစ်မှာ ကြောက်တယ် ... ခဏလေး

...ည်းခံပေးပါ မောင်ရယ်"

သူမ အတင်းအကြပ်ပြောမှ အငှားကားပေါ် တက်စေသည်။

"နီ ... ကိုယ်စိတ်မချဘူးကွာ"

"စိတ်ချပါနော် ... နီက အဒေါ့်ကိုလည်း ပြောပြရမယ်လေ"

"ကောင်းပါပြီကွာ ... ရော့ ... "

"ဘာလဲဟင်"

"ဖုန်းလေ ... မောင်ဆက်သွယ်ရင် အလွယ်တကူရအောင်

...ပြန်တော့ မောင်လာတွေ့မှာနော်"

"အင်းပါ"

မောင့်ကို အမြန်ဆုံးပြန်သွားအောင် နေမိနီ ဖုန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူထားလိုက်သည်။

တန်ဖိုးကြီးသော ဖုန်းလေးဆိုတာသိ၏။

ကြွေရုပ်လေးတောင် မကိုင်နိုင်ဘူး။

ရင်တွေ မီးတောက်နေ၏။

နေနီနီ ဘာမှစဉ်းစားမနေနိုင်တော့ဘဲ ကိုနန္ဒဆီ ဖုန်းဆက် လိုက်မိသည်။

"ကိုနန္ဒလား"

"နီပါလား ... ဘယ်ကဖုန်းနဲ့ဆက်နေတာလဲ၊ မင်းအသံတွေ လည်း တုန်နေတယ် ... ဘာဖြစ်လို့လဲနီ"

"ထူးလေ မောင်လေးထူး ... အဖမ်းခံရတယ်၊ အခု ရဲစခန်း မှာလေ၊ အကူအညီပေးပါဦးနော်"

"ကောင်းပြီလေ ... မင်းအိမ်ပြန်ပါ၊ စိတ်ချ ... ကိုယ်လိုက် သွားမယ်၊ ဘာမှမဖြစ်စေရပါဘူး၊ မင်းခြေထောက် ပတ်တီးဖြေပြီး ပြီလား"

"အင်းပါ ... "

"မင်းမောင်လေးအတွက် စိတ်မပူပါနဲ့ နီရယ် ... ကိုယ် အာမခံနဲ့ ထုတ်ခဲ့ပါ့မယ်"

"ကျေးဇူးပဲနော် ... "

"နီကြောင့်နော် ... ကိုယ်ကူညီမယ်၊ နီကို စိတ်ထိခိုက်စေ





ကွဲစရာတွေ မရှိစေရပါဘူး၊ ကိုယ်ကာကွယ်စောင့်ရှောက်ပေးမှာပါ ကွာ"

မုန်းလိုက်တာ ...

သူ့ရုပ်သံက သူမနားထဲသို့ ပူပူလောင်လောင်ကြီး ဆီးဝင် သွားသည်။

ဘယ်လိုလုပ်မလဲ ...

မောင်လေးထူး လွတ်မြောက်ဖို့က သူပဲတာဝန်ယူနိုင်၏။

ဖုန်းပြန်ပိတ်ပြီး အိမ်ပြန်လာခဲ့သည်။

"မောင့်ဖုန်းလေးကို နေနီနီ ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုလိုက်ရတာ နေနီနီ စိတ်မကောင်းပါဘူးနော်"

နေနီနီ့ဘဝက အရှမ်းရှုပ်ထွေးကြမ်းတမ်းနေခဲ့ပါတယ်။

အခက်အခဲတွေလည်း အများကြီးပဲလေ။

မောင့်ကို မေ့ပစ်ထားတာက အကောင်းဆုံးဖြစ်မည် ထင် သည်။

"မမ ပြန်လာပြီ ... ဟယ် လမ်းကောင်းကောင်းလျှောက် နိုင်နေပြီပဲ ... သစ် ဝမ်းသာလိုက်တာ"

သစ်သစ်လေးက ဝမ်းသာအားရ ဆီးကြိုနေသည်။

နေနီနီ့ ရင်ဝတွင် ဆို့တက်နေ၏။

ပစ္စည်းတွေ ဝယ်လာတာတွေ့တော့ ဝမ်းသာအားရ ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"မမအတွက်လား ... အရမ်းလှတာပဲ၊ မမနဲ့အရမ်းလို
တယ်"

မမ ဝတ်စားရမယ်ဆိုရင် ဝမ်းသာနေကြရှာတဲ့ မိသားစုလေ
ပါလား။

"မမ"

"ဟင်"

"ထူးရော ... မမနဲ့လည်း ဆေးခန်းမလိုက်ဘူး"

"ပြန်လာမှာပါ၊ သစ်သစ် ကျူရှင်သွားစရာရှိတာသွားလေ
မမ ပြန်လာပြီပဲ ... အဝတ်အစား အသုံးအဆောင်တွေ သစ်သ
အတွက်လည်းပါတယ်၊ နောက်မှပေးမယ်နော်"

"သစ်သစ်က အရေးမကြီးပါဘူးနော် ... ပြည့်စုံပါတယ်၊ သ
စိတ်ပူတာကလေ ဟို ... "

"ကောင်မလေး အတွေးမလွန်နဲ့ စာပဲအာရုံစိုက်"

"ဟုတ်"

သစ်သစ်က အဒေါ်သမီး ပီသစွာ ရောင့်ရဲတင်းတိမ်နိုင်ပြီး
နာမည်ပျက်မှာ ကြောက်သူဖြစ်သည်။

မဟုတ်တဲ့နည်းလမ်းတွေနှင့် ငွေမရှာစေလိုပေ။

ရင်မောလိုက်တာကွယ် ...





မောင်လေးထူး အတွက်လည်း စိတ်ပူရ၏။

ဒဏ်ရာတွေ အရမ်းပဲရသွားလား။

နေနီနီ ဝင်ကယ်ပေးရှာ ...

ထူးကလည်း ဝင်မပါဖို့ အချက်ပြနေသည်။

ခဏကြာတော့ ထူးပြန်ရောက်လာ၏။

ဒဏ်ရာတွေက-ခန္ဓာကိုယ်အနှံ့ပဲ။

ကိုနန္ဒက အားလုံးဖြေရှင်းပေးသည်တဲ့။

"ထူး"

"ဗျာ"

"မင်း ဘာတွေလုပ်နေတာလဲ၊ မမက အကြီးပါ ... အရာ
အားလုံး မမပဲ တာဝန်ယူပါရစေ"

"မမကို ဒုက္ခမပေးချင်လို့ပါ၊ ထူးတို့မောင်နှမတွေ မမအရိပ်
အနေ ရုန်းထွက်ချင်တယ်"

"မင်း ဒီလိုနည်းတွေနဲ့ ရုန်းထွက်ဖို့ကြိုးစားရင် ပိုဆိုးသွားလိမ့်
မယ်နော်၊ သစ်သစ်သိသွားရင် ဘယ်လိုလုပ်မလဲ ... မမကို ခွင့်လွှတ်
ပါနော်၊ မောင်လေးကို မကယ်တင်နိုင်ခဲ့ဘူး၊ မမ ခံစားနေရပါတယ်
ဘူး"

"ရပါတယ် မမရာ ... အဆင်ပြေတယ် မဟုတ်လား ...
ဒီမောင်က မမကိုချစ်ပုံပဲ ... ထူး သတိလစ်သွားလို့ ခံလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ထူးက ရယ်နေသည်။

မမကို အပြစ်မတင်ရက်။

ကိုမောင်က လူကောင်းပဲ။

"မောင်ကလည်း မမကို ချစ်တယ်၊ မရရအောင် ယူမှာ သူ့အမေကလည်း သဘောတူတယ်"

"ဟာ … ကောင်းလိုက်တာ မမရာ၊ စိတ်ကူးမလွဲပါနဲ့ လောဆယ်တော့ ထူးတို့မောင်နှမကို မငဲ့ပါနဲ့၊ မမ အဖြစ်ချင်ဆုံး လေ၊ အခွင့်အရေးရတုန်း ဖမ်းဆုပ်ထားလိုက်နော်"

ထူး ပျော်ရွှင်မိသည်။

ထူးတို့မောင်နှမကတော့ ဘာထူးတော့မှာလဲ။

ထူးဘဝက နွံထဲမှာနစ်သထက် နစ်သွားပြီ။

ညီမလေး သစ်သစ်ကိုပဲ မမ စောင့်ရှောက်ပေးစေချင်သည်

"ကိုမောင့်ကိုပဲ ရွေးချယ်ပါ၊ ပြီးတော့ … သစ်သစ်ကို စော ရှောက်ပေးပါ၊ ထူးကိုတော့ ဥပေက္ခာပြုထားလိုက်ပါတော့"

"ထူး … "

"ကိုနန္ဒကို မကြောက်နဲ့၊ မမက ဘာလုပ်လို့လဲ … သူက အတင်းအကျပ် ဝင်လုံးနေတာလေ၊ ထူး ရှင်းမယ် … "

မောင်လေးက သံယောဇဉ်ကြီးပြီး သူမအပေါ် တာဝန်ဧ





သလောက် နီကတော့ မောင်နှမတွေ မရှိပါဘူးဟု အတွန့်နှင့်ပြော ထားမိသည်။

တာဝန်မဲ့လွန်း၏။

နေနီနီ ရက်စက်စွာ ထားခဲ့လို့ မဖြစ်နိုင်ပါဘူး။

မောင့်ကို နေနီနီ ရွေးချယ်လိုက်သည်နှင့် ကိုနန္ဒက အကြီး အကျယ် ထိုးနှက်ဖျက်ဆီးပစ်တော့မည် ဖြစ်၏။

မောင်လေးထူး မလွယ်တော့။

သူမ ခေါင်းကို ခါရမ်းပစ်သည်။

"မမကတော့ ထူးတို့ကို ဘယ်လိုအကြောင်းနဲ့မှ ပြစ်မထား နိုင်ဘူး၊ အဒေါ်က သေသေချာချာ ယုံကြည်အားကိုးပြီး အပ်ထားခဲ့ တာပါ၊ ထူးရယ် … "

မောင်က နေနီနီ မျှော်လင့်တောင်းတစွာ ချစ်မြတ်နိုးရတဲ့ သူပါ။

ကြွေရုပ်လေးကို အနိုင်ရနိုင်သည်။

ဒါပေမဲ့ …

နေနီနီ ဘဝ ချင်းမလဲနိုင်။

ထူးကတော့ မမကောင်းစားဖို့ အနစ်နာခံနေ၏။

ကလေးတွေကို ထူးတာဝန်ယူမယ်တဲ့။

"ချစ်ချစ်လည်း ရှိပါတယ်၊ ပြန်လာတော့မယ်တဲ့ … သစ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ဘလည်း မပူရဘူး မမ၊ လိမ္မာတယ် ... ”

“ဒါတွေ ထားပါတော့ကွယ်၊ မမတို့ အခြေအနေအရ ကြည့်စီစဉ်ကြတာပေ့ါ ... ”

“မမ”

“ဟင်”

“ကိုမောင်နဲ့ ကင်းကွာဖို့တော့ မဆုံးဖြတ်လိုက်ပါနဲ့နော်၊ မမကိုတော့ အနစ်မခံနိုင်ဘူး၊ ကိုနန္ဒက လူယုတ်မာကြီးပါ”

မမနီကို ခြေတော်တင်ဖျက်စီးပစ်လိုက်ဖို့ပဲ ရှိသည်။

ထူး ဘာဆက်လုပ်ရမလဲ။

ဘဝပျက်ရရင်လည်း ထူးဘဝကိုပဲ စတေးပစ်မည်။

“မောင်လေးကို မမ တောင်းပန်ရဦးမယ်၊ မောင့်မေမေက လေ မမကိုမေးတော့ မမက တစ်ယောက်တည်းပါလို့ ဖြေလိုက်မိတယ်”

“ဟား ... ဟား ... ဟား ... မမဖြေတာ အမှန်ပဲ၊ မမက တစ်ဦးတည်းသော သမီးပဲဟာ၊ ထူးတို့နဲ့ ဘာဆိုင်လဲ”

“ထူး ... မင်းဘာစကားပြောတာလဲ၊ မမ မှားသွားတယ် တာဝန်မဲ့ခဲ့တယ်၊ မမမှာ မောင်နှမတွေ ရှိတာပဲ”

ထူးကတော့ မမအတွက်ပဲ စဉ်းစားမိသည်။

ငွေ ဘယ်လိုရှာရမလဲ။





သူ့ အချောင်သမားစိတ်မာတ်တွေ ဝင်နေခဲ့၏။

မလုပ်ချင်တော့။

မမရော ညီမလေးတွေရော အရှက်ရသွားစေနိုင်၏။

စွန့်လွှတ်တော့မယ်။

ကိုနန္ဒကတော့ သူရှင်းရမည်။

“ကိုမောင်နဲ့သာ အဆင်ပြေအောင်နေပါ၊ မမနေတဲ့လိပ်စာရော သိသွားပြီလား”

“ဖုန်းမေးခဲ့တယ်လေ”

“မမ ငြိုငြင်းမနေပါနဲ့တော့ဗျာ၊ ထူးလည်း ကောင်းအောင်နေတော့မယ်၊ တွာဖြည်းဖြည်း အရှုပ်တွေကို ရှင်းပစ်မယ်”

“ထူးရယ် ... အဲဒီအသံပဲ မမကြားချင်ပါတယ်၊ ထူးအတွက် ... သစ်သစ်ကလည်း လုံးဝမကြိုက်ဘူး၊ ပိုက်ဆံတွေ ဘယ်ကနေ ရလဲပဲ မေးမေးနေတယ်လေ”

ကိုနန္ဒ တောင်ချောက်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားရမည်။

ထူး လူကောင်းလုပ်ချင်လာပြီ။

မမယောက်ျားကောင်း ရပြီပဲ။

မောင်နှမတွေက အဆင့်မြင့်တင်ရမည်။

ထူး ကံကောင်းလို့သာပေ့ါ။

နောင်တလည်း ရမိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒ … ခင်ဗျားကြီး ကျူပ်အစ်မကိုတော့ မထိနဲ့၊ ကျ အရာအားလုံးကို ရင်ဆိုင်ရဲတယ်"

သူ့ကို အသုံးချနေတာလည်း ထူးသိနေသည်။

ရုန်းထွက်၍ မရနိုင်တော့။

ဒီနေ့လည်း ကိုနန္ဒ ပြဿနာရှာတာပဲ။

ကိုနန္ဒလုပ်မည့် အလုပ်ကိစ္စအတွက် လူတွေကို အာရုံပြောင် ဖို့ စေခိုင်းခြင်းဖြစ်၏။

ထူး စဉ်းစားမိတာက မမကို ပညာပေးဖို့ပဲ ထင်သည်။

"ဘာပဲဖြစ်ဖြစ်လေ … မင်း ကိုနန္ဒကိုတော့ ပုန်ကန်ဖို့ ေ စားနဲ့ဦး … မောင်လေးအန္တရာယ် ဖြစ်လိမ့်မယ်၊ မင်းဘာဖြစ် ဒီလိုအသေးအမွှားပစ္စည်းခိုးတဲ့ အလုပ်ကိုလုပ်ရတာလဲ ထူးရယ်"

ကိုနန္ဒ ခိုင်းလို့ပါဟု ထူးမပြောဖြစ်တော့။

မမသိနေလို့လည်း ဘာထူးမှာလဲ။

စိတ်ပူယုံပဲ ရှိမည်။

ကိုနန္ဒက ထူးကို ဘာပဲလုပ်လုပ် ထူး ရင်ဆိုင်ဖို့ ဆုံးဖြတ် သည်။

"မမ"

"ဟင်"

"သစ်သစ်ကို စောင့်ရှောက်ပေးပါ၊ ကိုနန္ဒရဲ့ တောင်း





တွေကို ဘာမှလိုက်လျှောပေးစရာ မလိုဘူးနော်၊ ထူးကိုလည်း ဘာမှ ကူမပေးနိုင်ဘူး"

"မင်းလည်း သတိထားပါ၊ မမကို မရရင် ထူးကို ဒုက္ခပေးမှာ သေအချာပဲ … သူက မမတို့ကို နှောက်ယှက်မှာ"

"မကြောက်ပါနဲ့ … မမနဲ့ ဘာဆိုင်လို့လဲ၊ သူက ထူးကိုပေး ာလေ၊ ထူးအလုပ်လုပ်ပေးလို့ ထောက်ပံ့တာပါ၊ မမဘာဝကို ထူး ကြောင့် စတေးမယ်ဆိုရင် ထူး အရမ်းစိတ်ဆိုးဒေါသဖြစ်ရလိမ့်မယ် နော်"

"ထူး"

"သစ်သစ်ကို တာဝန်ယူပေးပါ့မယ်လို့ပဲ ကတိပေးပါ … မမ စောင့်ရှောက်မယ်ဆိုတာလည်း သိပါတယ်ဗျာ … ကိုမောင်နဲ့ပဲ ာတ်ထပ်ပါ၊ မမအရမ်းငြိမ့်မယ် … သစ်သစ်လည်း ဆရာဝန်ဖြစ်မယ် ယ်လိုလဲ"

နေနီနီ ဝမ်းသာအားရ ခေါင်းညိတ်မပြနိုင်ပေ။

မျက်ရည်တွေက ပြည့်နှက်နေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကိုနန္ဒ"

"ပြော ထူး ..."

"ထူးတို့မိသားစုကို ကူညီစောင့်ရှောက်ပေးခဲ့လို့ ထူးတတ်နိုင်သလောက် ပေးဆပ်ပါ့မယ်"

ကျူပ်အစ်မဘဝကို ခင်ဗျားကြီး ဖျက်ဆီးပြစ်လို့တော့ မရဘူးနော်။

ခင်ဗျားကြီး ကျူပ်ကို အသုံးချတယ်။

မဟုတ်တာတွေ လုပ်ခိုင်းတယ်။

ထူး ငွေလိုချင်၍ လုပ်ခဲ့တာဖြစ်၍ မပြောလိုပေ။

မမကို ထိုးအပ်ရမယ်ဆိုတာကတော့ ထူး လုံးဝမလုပ်နိုင်တဲ့အလုပ်ပဲ။

ကျူပ်ကို ကြိုက်တာခိုင်းပါ။





"ကိုနန္ဒ လုပ်ငန်းတွေမှာ ထူးအကောင်းဆုံးလုပ်ပေးခဲ့ပါတယ်နော် ... ကျေနပ်လား"

ထူး ...

မင်းလူလည်ကျတာပဲ။

ငါလိုအပ်တာ ဘာလဲဆိုတာ မင်းသိနေတယ်။

ဒီလို ရှောင်ထွက်သွားလို့ရမလား။

ငါလိုအပ်နေတာက မင်းအစ်မ နေနီနီပဲကွ။

ထူးက သူ့အစ်မကိုတော့ တန်ဖိုးထားသည်။

နန္ဒကလည်း နေနီနီမှ နေနီနီ။

တရားဝင်လက်ထပ်ဖို့ကတော့ မဖြစ်နိုင်။

နေနီနီ့အဆင့်က အနိမ့်ဆုံးမှာ။

ကြွေရုပ်လေးကိုပဲ နန္ဒ တရားဝင်ဇနီးအဖြစ် လက်ထပ်ယူမှာပါ။

"မနေ့က ကျူပ်တာဝန်ကျေတယ်နော်၊ ဝိုင်းရိုက်လိုက်ကြသာ၊ မသေရုံတမယ်ပဲ ... မမရှေ့မှာလေ ..."

နန္ဒက တမင် ထူးကိုပညာပေးတာပါ။

နေနီနီရှေ့မှာဆိုတော့ ပိုကောင်းသွားတာပေါ့။

ထူးကို ပစ္စည်းခိုးခိုင်းတာကိုက ဒီကောင်လေးအား ဝိုင်းရိုက်ခံစေလို၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူး ပစ္စည်းခိုးတာ ကိုနန္ဒပဲ သတင်းပေးလိုက်တာပါ။

မင်းအစ်မက ငါ့ကို ရှောင်တိမ်းမယ်ဆိုရင်တော့ လုပ်ကြည့်လေ ...

"ကိုနန္ဒ"

"ပြော"

"ကိုနန္ဒခိုင်းတာ နောက်တစ်ကြိမ် ကြိုက်တာခိုင်းပါ၊ ကျုပ်လုပ်မယ် ... ပြီးရင်တော့ ကျုပ်မကောင်းမှု ဒုစရိုက်တွေ ဘာမှမလုပ်တော့ဘူး"

"ဘာကွ"

"ထူး ညီမသစ်သစ်ကြောင့်ပါ ... လုံးဝမကြိုက်ဘူး၊ သစ်က နာမည်ပျက်မှာ ကြောက်တယ်တဲ့ ..."

ကိုနန္ဒ အလုပ်တွေမှာ သူဝင်ရောက်လုပ်ကိုင်ပေးနေတာ ကြာပြီ။

ငွေလည်း စားခဲ့၏။

ဒါပေမဲ့ ...

ကိုနန္ဒရဲ့ပစ်မှတ်က မမ နေနီနီပဲ ထူးသိတာပေါ့။

မဖြစ်နိုင်ဘူး ...

မမဘဝက လှပနေပြီ။

အနာဂတ်က တောက်ပလာသည်။





ထူး အသက်ကိုပေးရပါစေ ကာကွယ်မယ်။

အရေးကြီးတာက ညီမလေးသစ်သစ်။

"ထူးရယ် ... မမ ညီမလေးတွေကို ဘယ်တော့မှပြစ်မထားပါဘူး၊ စောင့်ရှောက်ပေးမှာပါကွယ် ... မင်းလည်း ဥပဒေနဲ့မလွတ်ကင်းတာတွေမလုပ်နဲ့တော့ ... ရုန်းထွက်ပါ"

ထူးလည်း မလုပ်ချင်တော့ပါဘူး။

ထောင်ထဲသွားမနေချင်။

ကိုနန္ဒ ထောင်ချောက်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားရမည် ဖြစ်သည်။

"ဘာဖြစ်လို့ အလုပ်ကနေ ထွက်မှာလဲထူးရာ၊ လောကမှာ ငွေကအရေးကြီးတယ်ကွ ... ပြီးတော့လည်း ကိုယ့်လက်ထဲကနေ မင်းအလွယ်တကူ ပြန်ထွက်လို့ မရဘူးနော် ထူး ... "

နန္ဒ လက်မခံနိုင်။

မင်းက ငါ့လုပ်ငန်းအတွက် သိပ်ပြီးအသုံး မဝင်တော့ပါဘူး ထူးရာ။

ငါ ချစ်နေတာက မင်းအစ်မ နေနီနီပဲ။

ချောမောလှပ ဖွံ့မက်စရာကောင်းလွန်းတဲ့ မိန်းကလေး။

လက်ထပ် ယူဖို့အထိတော့ နန္ဒ လုံးဝမစဉ်းစားဘူး။

ထူးက သူ့အစ်မကို ရှောင်ဖယ်ထွက်ဖို့ စတင်စိမ်ခေါ်ယာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်နိုင်သည်။

"ထူး"

"ပြောပါ"

"မင်းက ကိုယ်ခိုင်းတာကို လုပ်မယ်ပေါ့လေ"

"လုပ်ပါ့မယ် ... ခိုင်းချင်ရာခိုင်းပါ ကိုနန္ဒ ... တစ်ကြိမ်နော်"

"အိုကေ ... ကောင်းပြီ၊ တစ်ကြိမ်ပါပဲကွာ ... မင်းလုပ်နိုင်ရင် မင်းဘဝ လွတ်ပြီ ကျွတ်ပြီ ထူး ... ဘယ်လိုလဲ"

"လုပ်ပါ့မယ် ခိုင်းပါ ... "

"ကောင်းပြီလေ ... ကိုယ် အဖြစ်ချင်ဆုံးဆန္ဒပဲ"

"ပြောပါ"

"ကိုယ်ချစ်နေတာက မင်းအစ်မပဲ"

"ဗျာ"

"မင်းအစ်မနဲ့ တူနှစ်ကိုယ် အချစ်ခရီးလမ်းလေးကို ငြိမ်းငြိမ်းလေး ဖြတ်သန်းချင်တယ်"

"ဘာပြောတယ် ကိုနန္ဒ"

ကိုနန္ဒအား ထူး ဆတ်ခနဲ မာထန်စွာ မော့ကြည့်သည်။

မမကို စော်ကားဖို့ ပေါ်တင်ကြီးတောင်းဆိုနေခဲ့တာပဲ။

မမမှာ ချစ်သူရှိတယ် ကိုသုတမောင်ပဲ။





ခင်ဗျားကြီး မယုတ်မာနဲ့။

အစောကြီးထဲကလည်း မမနှင့်ဘမ်းပြုပြီး အကူအညီတွေယူခဲ့တာမဟုတ်။

ကြွေရုပ်လေးနှင့် လက်ထပ်မယ်ဆိုတာသိထဲက ရှောင်ခဲ့သည်။

မမမှာလည်း အပြစ်မရှိပါဘူး။

ကိုနန္ဒက ဇွတ်ကြီးတိုးလာတာပါ။

ထူး ပြတ်ပြတ်သားသားပဲ ငြင်းဆန်ပြစ်မိသည်။

"မဖြစ်နိုင်ဘူး"

"ဘာကွ"

"မမနဲ့ မဖြစ်ဘူး တောင်းပန်ပါတယ်ဗျာ ... ကိုနန္ဒ လက်ထပ်ဖို့ မမသူငယ်ချင်းလေ ... "

"ဘာဆိုင်လဲကွ ... ကိုယ်မှ လက်မထပ်သေးတာဘဲ"

ထူး ဇွတ်အတင်းကြီး ငြင်းမယ်ဆိုပြန်ရင်လည်း ပြဿနာတွေက အကြီးအကျယ် တက်သွားနိုင်သည်။

"ကိုနန္ဒကို ကျုပ်တစ်ခု တောင်းဆိုမယ်"

"ဆို ... "

"ကျုပ်မမကို တရားဝင်ဇနီးအဖြစ် လက်ထပ်ယူနိုင်မလား"

"လက်ထပ်တာ လက်မထပ်တာ ဒီလောကကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှသိပ်အရေးမကြီးပါဘူး ထူးရာ ...”

“ဗျာ”

“မင်းမမ တင့်တင့်တယ်တယ် ချမ်းချမ်းသာသာ နေ
ရရင် ပြီးတာပဲဟာ”

ထူး ...

အံတွေကို တင်းကျပ်စွာ ဖိကြိတ်ထားမိသည်။

ခင်ဗျားကြီး ကျုပ်အစ်မကို စော်ကားလိုက်တာပဲ။

ဒေါသတွေ ပေါက်ကွဲချင်လာ၏။

မမကို အတည်လက်မထပ်နိုင်ကြောင်း ပြတ်သားစွာ
နေသည်။

ထူး ဒေါသကို ထိန်းချုပ်နေရ၏။

လူယုတ်မာကြီး ရန်က မမကို ထိခိုက်လာနိုင်၍ ဖြစ်သည်

“ထူး ...”

“ဟင်”

“ကိုယ်က အကျိုးလိုလို့ မင်းတို့ကို စောင့်ရှောက်ပေး
ထားတာလေ၊ ပိုက်ဆံက အလကားရမလားကွ ... ပြောစမ်း
ထူးရာ”

နန္ဒကတော့ နေနီနီ့ကို မရလို့မဖြစ်ပေ။

လက်လွှတ်မခံနိုင်။





သူ့ဂုဏ်သိက္ခာအတွက် အတည်ယူဖို့ မဖြစ်နိုင်တာပဲရှိသည်။

အဆီနဲ့ တဝင်းဝင်း ဘယ်လိုပြစ်ရက်မလဲ။

နန္ဒ သွေးတွေပွက်ပွက်ဆူချင်နေသည်။

“မင်း စဉ်းစားပါဦး ထူး ... ကိုယ့်စက်ကွင်းကနေ အလွတ်
ဖို့ မစဉ်းစားနဲ့ ... မင်းအစ်မဘဝကို ငါဖျက်ဆီးပစ်ရမှာပဲ၊ မစား
အမဲ သဲနဲ့ပြစ်ဆိုတာလေ မင်းကြားဖူးတယ် မဟုတ်လား”

ထူး ပခုံးကို ခပ်ဆတ်ဆတ်လေးပုတ်ပြီး နန္ဒ ထွက်လာခဲ့
သည်။

“နေနီနီ ... မင်း ဒါမျိုးလုပ်လို့ မရဘူးနော်၊ နန္ဒကိုကြောဖို့
ဉ်းစားနဲ့ ... မင်းကို လုံးဝ အလွှတ်မပေးနိုင်ဘူး”

သူ ...

တင်းနေသည်။

နေနီနီ့ကို သူအစွဲလမ်းကြီး စွဲလမ်းနေသည်။

အရယူချင်နေ၏။

နောက်ဆုံး ...

သူ တရားဝင်လက်ထပ်ဖို့ စဉ်းစားနေသည်။

“မင်းကို ငါချစ်မိနေပြီ နေနီနီ ... မရလို့ မဖြစ်တော့ဘူး၊
ချမ်းချစ်တယ်ကွ”

နန္ဒ ခြေဦးတည့်ရာ ကားကိုမောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးဆိုင်ကြီး တခုရှေ့ရောက်တော့ စုံတွဲတစ်တွဲကို တွေ့လိုက်ရ၏။

သူ့အကြည့်တွေ အစွမ်းကုန် စူးစိုက်သွားရသည်။

“နေနီနီပဲ”

နေနီနီနှင့် လူတစ်ယောက် အကြည့်ဆိုက်နေကြသည်။

အပျံစားပါလား။

မင်းက သိပ်ဟုတ်နေတာပါလား နေနီနီ။

ဒေါသဖြစ်သွားရသည်။

ခေါင်းထဲမီးတောက်သွားသလိုပင်။

ရည်းစားလူလု အူနုကျွဲခတ်။

သူ ဝင်ထိုင်လိုက်၏။

နေနီနီ ကြားအောင် အသံကျယ်ကြီးနှင့် အအေးမှာလိုက်သည်။

“ကိုကာကိုလာ တစ်ဗူးပေးပါ”

အသံကြောင့် နီ လှည့်ကြည့်လိုက်တော့ ကိုနန္ဒဖြစ်နေသည်။

ဘုရားရေ ...

ပြဿနာတော့ စပြီ။

သူ ...

ကိုနန္ဒ ...





တမင် ဝင်ထိုင်တာပဲ။

ခက်ထန်မာကျောတဲ့ဒေါသမျက်ဝန်းတွေနှင့် ကြည့်သည်။

“နီ”

“ရှင်”

“မျက်နှာလေးညှိုးနေပါလား ... နီ ဘာဖြစ်လို့လဲကွာ၊ နေမကောင်းဘူးလား”

“ကောင်းပါတယ် မောင်ရယ် ... နီ နည်းနည်းလေး နေမကောင်းဘူးလားလို့ပါ”

“ပြန်ကြမလား နီ ... ”

“အင်း”

မောင်က တယုတယနှင့် နီ့နဖူးလေးကို စမ်းနေသည်။

နီ စိတ်ညစ်နေပြီ။

ကိုနန္ဒ ဘယ်လောက်ဒေါသတွေဖြစ်လိုက်မလဲ။

မောင်နှင့် ပြဿနာတော့ အတက်မခံနိုင်ပေ။

“ပြန်ကြမယ်နော်”

“လာလေ နီ ... ”

မောင်က နီ့လက်လေးကိုဆွဲ၍ ဆိုင်အပြင်ဘက်သို့ ခေါ်ဆောင်လာခဲ့သည်။

“နီ ရလား ... ဆေးခန်းသွားမလား၊ မောင်လိုက်ပို့ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် နီ ပြန်ချင်ပြီ …"

မောင်တဲ့ တယ်ဟုတ်နေကြပါလား။

တွေ့ကြသေးတာပေါ့ နေနီနီရယ်။

သူလည်း ထလိုက်သည်။

နေနီနီ စီးတဲ့ကားကြီးက သူ့ကားထက် ကောင်းနေသေး၏။

မင်း အရမ်းကောင်းစားနေလို့ နန္ဒကို ပုန်ကန်တာပေါ့လေ။

"မောင် လိုက်ပို့ပေးမယ်နော် နီ …"

"အင်း"

နီလည်း တစ်ယောက်ထဲ မပြန်နိုင်တော့ပေ။

ကြောက်စိတ်တွေနှင့် ဒူးတုန်ချင်နေသည်။

ကိုနန္ဒ …

ပြဿနာရှာတော့မယ့်ပုံကြီး။

သူမတို့ ကားနောက်ကနေ လိုက်နေ၏။

နီ ဘယ်လိုလုပ်ရတော့မလဲ။

ချွေးစီးတွေ ပျံနေသည်။

"နီ … ဘာဖြစ်လို့လဲ"

"နီလေ … ချွေးပျံနေတယ်၊ ရပါတယ် မောင် … နီဘာမှ မဖြစ်ပါဘူး"

"နီရယ်"





နီ့ကို အဲဒီလောက်အထိ ဂရုမစိုက်စမ်းပါနဲ့ မောင်ရယ်။

နေနီနီ့ ဘ၀က မောင်နဲ့မထိုက်တန်ပါဘူး။

နီ ငိုချင်နေသည်။

"နီ"

"ရှင်"

"မောင်တို့ လက်ထပ်ကြရအောင်၊ မေမေလည်း သဘောတူ သက်ခံတာပဲလေ"

"မဖြစ်သေးပါဘူး နီ … စဉ်းစားပါရစေဦးနော်"

မောင့်ကို ငြင်းပစ်နေရသည်။

မောင်ကတော့ နီ့ကို ချစ်မြတ်နိုးနေ၏။

နီ့ဘ၀က မလှပ်သာ မလှုန့်သာ။

အိမ်ရောက်တော့ မောင်က အဒေါ်နှင့် တွေ့ဦးမည်ဆိုပြီး လိုက်လာသည်။

သေချင်လိုက်တာ။

ကိုနန္ဒကားလည်း နီတို့တိုက်ခန်းနှင့် မလှမ်းမကမ်းတွင် ရပ်သွား၏။

သူမလည်း ဘာမှမတတ်နိုင်တော့။

ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"အဒေါ် … သူက ကိုသုတမောင်တဲ့၊ နီ့မိတ်ဆွေပါ"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကလည်း မိတ်ဆက်ပေးတော့ ခပ်ကြောင်ကြောင်။

နီမှ ကြိုတင်မပြောပြထားတာပဲ။

"မောင် ... နီ့အဒေါ်လေ၊ နီက ငယ်ငယ်လေးထဲက မိဘတွေ ဆုံးသွားတော့ အဒေါ်နဲ့ နေခဲ့ရတာပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ဟိုလေ ... နီက ကျွန်တော့်ချစ်သူပါ၊ မမေကလည်း လက်ထပ်ဖို့သဘောတူထားပြီးပြီလေ"

"ဟင်"

"မောင် ဘာတွေပြောနေတာလဲ၊ အဒေါ် ဘာမှမသိသေးဘူး"

"နီကလည်းကွာ ... နောက်လည်းပြောရမှာပဲ၊ လက်ထပ်ဖို့ ကိစ္စတွေ စီစဉ်ရတော့မယ်လေ"

မောင်ကပြောချင်တာတွေ ပြောပြီးပြန်သွားသည်။

အဒေါ်က ဘုမသိ ဘမသိ မောင် ပြန်သွားမှ အကျိုးအကြောင်း ပြောပြရ၏။

အဒေါ်က သဘောတူနေသည်။

"နေနီနီ့ကို အရမ်းချစ်တဲ့ပုံပဲကွယ် ... အဒေါ် ဝမ်းသာလိုက်တာ၊ မသဲသာသိရင် ဘယ်လောက်ဝမ်းသာရှာမလဲ၊ နေနီနီ့ကို သမီးအရင်းလေးလိုပဲ ချစ်တယ်လေ"





သစ်သစ်ပြန်ရောက်လာသည်။

တိုက်ရှေ့မှာ ကိုနန္ဒရောက်နေသည်တဲ့။

နီ အထိတ်တလန့် ဖြစ်သွားရ၏။

သစ်သစ်လက်ကို ဆွဲပြီး အိပ်ခန်းထဲ ဆွဲခေါ်လာခဲ့သည်။

"သစ်သစ် ကိုနန္ဒနဲ့ ဘယ်သူစကားပြောနေသေးလဲ၊ ဟိုလေ ကားအဖြူကြီးတစီးရော တွေ့ခဲ့သေးလား"

"ဟင့်အင်း"

"ကိုနန္ဒရော"

"မမ ဘာဖြစ်လို့လဲ ... ကိုနန္ဒက ကားပေါ်မှာထိုင်နေတာ သစ်ကိုတောင် မတွေ့ဘူး၊ ကားအဖြူကြီးလည်း မတွေ့ပါဘူး၊ မမ ဘာဖြစ်လို့လဲ ..."

"ပြီးတာပဲလေ ... မမက သိချင်လို့ပါ၊ နောက်မှအေးအေးဆေးဆေး ပြောပြမယ်"

နေနီနီ ပြန်ထွက်လာခဲ့မိသည်။

အမလေး ...

ရင်တွေ ပူလိုက်တာနော်။

သေမတတ်ဘဲ ...

ကိုနန္ဒ တက်လာတော့မယ်။

နီ ဘယ်လိုရင်ဆိုင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးရော ...

မမကိုလာပြီး ကယ်ပါဦး ထူးရယ်။

ရင်တွေ မီးတောက်နေပါပြီ။

"နို"

"ရှင် အဒေါ် ... "

"သမီး ဘာတွေဖြစ်နေလဲ၊ အဒေါ်ကိုပြောပြပါ။ ဟိုကောင်လေးက တကယ့်ကို နီနဲ့လိုက်ဖက်တင့်တယ်တယ်၊ မောင်နန္ဒကိုတော့ အဒေါ် မကြိုက်ဘူး၊ ကင်းကင်းရှင်းရှင်း နေထိုင်ဖို့လည်း မလွယ်ဘူးဆို အဒေါ် သိပါတယ်"

"အဒေါ်"

"ဟင်"

"နို့အနားမှာ နေပေးပါ။ မောင်နဲ့နီလည်း လက်ထပ်ဖို့ မဆုံးဖြတ်ရသေးပါဘူးနော် ... အဒေါ်ကိုတော့ နီအားလုံးဖွင့်ပြောပြရမှာပဲလေ၊ အခုချိန်မှာ အဒေါ်ပဲ မိဘအရာမှာရှိတာလေ"

သူမကတော့ အဒေါ့်ကို အကျိုးအကြောင်းပြောပြပြီး ကိုနန္ဒလာတော့မယ်ဆိုတဲ့ အသိကြောင့် ခြေဖျားလက်ဖျားတွေပင် အေးစက်နေသည်။

○

အခန်း ( ၁၅ )

"နေနီနီ"

"ပြောပါ"

"ဒီလူက မင်းအဆက်လား"

"ဟုတ်တယ်"

"ဘာ"

"ရှင့်မှာ ကြွေရုပ်လေးရှိပါတယ် ကိုနန္ဒ ... ကျွန်မဘာဝကို ချက်ဆီးပစ်ဖို့ တောင်းပန်ပါတယ်နော်"

"မရဘူး"

"ရှင် ... ရှင်"

"မင်းကို လက်လွှတ်မခံနိုင်လို့ဘဲ နေနီနီ ... "

"ရှင်ကရော ကျွန်မကိုလက်ထပ်ရဲလို့လား ... ရှင်တရားမဝင်ကြိတ်ပုန်းခုတ်ရင်တောင် ကြွေရုပ်လေး သိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“နေနီနီ … မင်းကလာပြီး ခြိမ်းခြောက်နေတာလား၊ မင်း မောင်လေးထူး ဘာဖြစ်သွားမှာလည်းဆိုတာစဉ်းစားမိရဲ့လား၊ ထား ပါတော့ကွာ … ထူးက မင်းမောင်အရင်းမှမဟုတ်တာဘဲ၊ မင်းရေ စက်လို့ရတယ်၊ ဒါပေမဲ့ … မင်းအဆက်ကို မင်းအကြောင်းတွေပြော ပြရလိမ့်မယ်”

ရှင် အကျင့်ယုတ်မယ်ဆိုတာ သိပါတယ်နော်။

ဒါပေမဲ့ …

မောင်လေးကို ထောင်ထဲပို့မယ်ဆိုတာကိုတော့ သူမ တွန့် သွားရသည်။

“မင်းက အကူအညီတောင်းတုန်းကတောင်းပြီး အခုတော့ ပထုတ်ပစ်မလို့လား နေနီနီ … ”

“မဟုတ်ပါဘူး … ကျွန်မ စဉ်းစားမိတာပါ၊ ကြွေရုပ်လေးကို ကျွန်မ ဘယ်လိုလုပ်ပြီး မျက်နှာပြရဲမလဲ”

“ကြွေရုပ်လေး ဘာသိမှာလဲ၊ မင်းဆင်ခြေတွေပေးမနေစမ်း နဲ့ နေနီနီ … ဒီတိုက်ခန်းကို ကြွေရုပ်လေး မသိနိုင်ပါဘူး၊ မင်း လက် ခံမယ်ဆိုရင်ပေါ့ … ”

ကိုနန္ဒက သူမလက်ကို ဆုပ်ကိုင်ဆွဲယူထားသည်။

သူမ ရုန်းဖယ်ပစ်၏။

မောင် ခွင့်လွှတ်ပေးပါနော်။





ကျွန်မကို ခွင့်လွှတ်ပေးပါ။

“နီ”

“ရှင်”

“ချစ်တယ်”

“ရှင် … ရှင် … ”

“ထူးကို မသနားဘူးလား”

“နီ တောင်းပန်ပါတယ်၊ နီတို့ဘဝကို လွှတ်ပေးပါ၊ ထူးက လည်း ငယ်ပါသေးတယ် … ကျွန်မမောင်လေးရဲ့ အနာဂတ်ကို ဖျက်စီးမပစ်ပါနဲ့”

နန္ဒကတော့ နေနီနီ့ကို ဘယ်လိုမှမစွန့်လွှတ်နိုင်ဘဲ ဖြစ်နေ သည်။

မင်းကိုချစ်တာ ဘယ်လိုနည်းနှင့်မဆို နေနီနီ့ကို သူလက် လွှတ်အဆုံးရှုံး မခံနိုင်တော့။

“မင်းကိုပဲ လက်ထပ်မယ်နီ”

“ရှင်”

“ကိုယ် ဆုံးဖြတ်ပြီးပြီ … မင်းကို အရမ်းချစ်တယ်၊ ကိုယ် လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူးထင်တယ်”

ဘုရားရေ …

နေနီနီ လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်လေးက ဘယ်လိုလုပ်ရမလဲ။

ငါက နင်နဲ့ ယှဉ်ပြိုင်နိုင်ပြီလေ။

ကိုနန္ဒကိုတော့ နင့်ဆီက ငါလုယူဖို့ ကြံစည်ခဲ့ပေမဲ့ တကယ်တမ်း မလုပ်ရက်ပါဘူးဟယ်။

"မင်း စဉ်းစားထားပါနီ ... ကိုယ်လက်ထပ်မယ်၊ ကြွေရုပ် လေးက ထားလိုက်ပါတော့၊ နီ့ကိုပဲ လက်ထပ်မယ်"

ကိုနန္ဒကိုတော့ နေနီနီ မယုံမိ။

ပြောကာပဲ ...

သူမကို လက်ထပ်ချင် လက်ထပ်ပေမယ့် ရှင် လှုရှုပ်လှ

"မင်းမောင်လေး ဟိုနေ့က ဘာဖြစ်လို့အရိုက်ခံရလဲ သိလား"

"ရှင်"

"မင်းစဉ်းစားလေ ... ငါက ပညာပေးလိုက်တာပါ"

"ရှင် ... ရှင်"

မောင်လေးကို ရှင်ရက်စက်ပြလိုက်တာပဲ ဖြစ်သည်။

စိုးရိမ်သွားရ၏။

ရင်ထဲမှာ နာကျင်ရသည်။

"ထူးကို ဒီထက်ပိုပြီး မရက်စက်ချင်ပါဘူး နီရယ်"

သူ ...

မရှုန်းဖယ်မိ။





မောင်လေးထူးကိုတော့ မရက်စက်နိုင်။

နီ့ကိုချစ်တဲ့ မောင်လေး ...

မောင်လေးထူးက မောင်နှင့်ပဲ သဘောတူလက်ထပ်စေလို သည်။

"မင်းတခြားတစ်ယောက်ကို လက်ထပ်ဖို့တော့ စိတ်မကူး နော်နီ ... စိတ်ကူးယဉ်မနေနဲ့ မင်းကောင် ဘယ်လောက်ပဲချမ်း ပါစေ မင်းရောက်ရမှာက နန္ဒရင်ခွင်ထဲပဲ"

လူယုတ်မာ ...

ရှင် ကျွန်မကို လက်ထပ်မယ်ဆိုတာကလည်း လိမ်ညာ ပါ။

"ထူး ... ဒီထက်ဆိုးဝါးတဲ့ အဖြစ်မျိုးတွေကို ရင်ဆိုင်ကြုံတွေ့ မှာ မင်းလိုလားမယ်တော့ မထင်ပါဘူး၊ မင်းအဒေါ်က မိသားစုကို းလက်ထဲ အံသေအချာ အပ်ခဲ့တာလေ"

သူက နေနီနီ့ပါးပြင်လေးအား ဆွဲလိမ်ပြီး ပြန်ထွက်သွား သည်။

သေပစ်ချင်တယ်။

ထူးကိုတော့ နီ အထိခိုက်မခံနိုင်။

နေနီနီ ဘယ်လိုမှ မစဉ်းစားနိုင်ပေ။

မောင်လေးထူး ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင် … ထူး"

"ဘာဖြစ်လို့လဲ ကိုနန္ဒ ရောက်လာတယ် မဟုတ်လား"

"အင်း"

"မမကို ဘာတွေအကြပ်ကိုင်သွားလဲ … မကြောက်ပါနဲ့ ဘာပဲဖြစ်ဖြစ်ပါ၊ ကိုမောင်နဲ့ပဲ လက်ထပ်ပါ"

ကိုနန္ဒအကြောင်းတွေ သေသေချာချာသိလိုက်ရတော့ ရွံ့မုန်းသွားရသည်။

မိန်းကလေးတွေကိုတောင် အသုံးချပြီး မကောင်းတဲ့ တွေ လုပ်ခဲ့၏။

ထူးပင် ကိုနန္ဒ ငွေကြေးတွေကို ရွံ့စရာအဖြစ် ထူး တော့။

"ထူး ထွက်သွားမယ် … မမ အလွတ်ရုန်းပါ၊ သစ် စောင့်ရှောက်ပေးစေချင်တာပဲ"

"သစ်သစ်ကိုစွ ထားစမ်းပါ၊ ထူးပဲ … မောင်လေး လုံးဝလက်လွှတ်မခံနိုင်ဘူး၊ ကိုနန္ဒဆန္ဒအတိုင်းပဲ မမ လိုက် တော့မယ် ထူး … "

"မမ"

"ကိုမောင့်အနေအထားက မမနဲ့လည်း မတန်ပါဘူး





ချင်းလည်း မတူပါဘူး"

"မလုပ်ပါနဲ့ … ထူးလက်မခံနိုင်ဘူး၊ ကိုနန္ဒက လူယုတ်မာကြီးပါ၊ မမက ရိုးသားဖြူစင်တယ်လေ"

"မမလည်း ကိုယ့်ဘဝကိုယ် သိတာပါ၊ အခေါ်ကိစ္စလည်း ကိုနန္ဒပဲ ကူညီခဲ့တာလေ၊ ကျေးဇူးရှိပါတယ် … "

"မမရယ် … ထူး လုံးဝလက်မခံနိုင်ဘူး၊ ထူးဘဝက နောက်ဆုံး ဥပဒေရဲ့ အပြစ်ပေးတာကို ခံယူရမှာပါပဲဗျာ … မိသားစုဘဝကို ဆက်ပြီး မနစ်စေချင်ဘူး"

ထူးကို မမ ဘယ်လိုရက်စက်ရမလဲ။

မောင်လေးအတွက်ပဲ မမ စဉ်းစားမယ်။

ချစ်ချစ်ကလည်း အဆက်အသွယ်လုပ်သည်။

သူ့ အိမ်ရှင်က စောင့်ရှောက်ပြီး စိတ်သဘောထား ပြည့်ဝသည်တဲ့။

"ချစ်ချစ်လည်း ပြန်လာမယ်၊ သူငွေစုနေတယ်တဲ့၊ အရင်းအနှီးလည်းပေးမှာတဲ့ … သစ်သစ်အတွက်တဲ့"

"ဒါကြောင့်ပါ … မမလည်း ရတဲ့အခွင့်အရေးကို လက်လွှတ်ခံလိုက်ပါနဲ့၊ ကိုမောင့်အချစ်တွေကို ထူးယုံတယ်၊ မိဘကလည်း သဘောတူခဲ့တာပဲ … ဒီလိုအခွင့်အရေးမျိုး ထပ်မရနိုင်တော့ဘူး"

ဟုတ်တော့ ဟုတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်လို ယောက်ျားတစ်ယောက်ကို နို ဘယ်လိုမှ ရှာဖွေ
နိုင်ဖို့မလွယ်တော့။

ထူး …

မင်းကြောင့်ပါ။

မင်းကို ဒုက္ခပေးလိမ့်မယ်။

အဒေါ်က မမလက်ထဲကို အပ်ထားခဲ့တာလေ။

မျက်ရည်က ဝဲချင်သည်။

"ထူး မကြောက်ဘူး … ဘာဖြစ်လဲ ယောက်ျားလေးပဲ
တော့ ကိုနန္ဒ ငှားပေးထားတဲ့ အခန်းကနေ ပြောင်းမယ်"

"ထူး"

"ထူးဘဝက အဖတ်ဆယ်လို့ မရတော့ဘူး"

ထူး တဖြည်းဖြည်းနှင့် ကိုနန္ဒ ထောင်ချောက်ထဲ နက်
ရှိုင်းရှိုင်း တိုးဝင်နေပြီဖြစ်သည်။

မမကို ပြောမပြတဲ့ အကြောင်းတွေလည်း အများကြီး
တယ်။

"ကဲပါကွယ် … လောလောဆယ်တော့ မမတို့စိတ်ည
စရာတွေ မတွေးဘဲ နေကြရအောင်၊ သစ်သစ်ပြန်လာရင် မ
အပြင်ထွက်ပြီး ညစာ ထွက်စားကြမယ်"

"ကောင်းတယ် မမ …"





"အဒေါ်ပါ ခေါ်သွားမယ်"

အဒေါ်ကတော့ နေခဲ့မယ်တဲ့။

စားသောက်ဆိုင်တွေမှာ မစားတတ်ဘူးတဲ့။

သစ်သစ် ပြန်ရောက်လာတော့ အပြင်ထွက်ဖို့ ပြင်သည်။

"မမရယ် … သစ်သစ်ကတော့လေ ပိုက်ဆံတွေ အရမ်းမသုံး
ဘူး၊ ချွေတာသင့်တယ်လို့ ထင်တယ်"

"သစ်သစ် … နင်လေ အရမ်းစကားကို ကြီးကြီးကျယ်ကျယ်
ပြောတယ်၊ မမကို ဒါဆိုဒါပဲလုပ်စမ်းပါ … ဆရာကြီး မလုပ်နဲ့
"

"မဟုတ်ပါဘူး ထူးရာ … မမကို သနားလို့ပါ၊ ကိုထူးကိုရော
ချာစေချင်တာပါ"

"စကားရှည်မနေနဲ့၊ အလှပြင် … အပြင်ထွက်ကြမယ်၊ မမ
ည်း ခြေထောက်က အခုမှကောင်းလာတာပဲ ထွက်ကြမယ်"

"ဟုတ်ကဲ့"

သစ်သစ်ကလည်း မိန်းမချောလေးပါပဲ။

အရွယ်နှင့်မလိုက်အောင် တည်ငြိမ်အေးချမ်းသည်။

ဣန္ဒြေသိက္ခာကြီးမားး၏။

နေနီနီ စဉ်းစားမိတာက မိသားစုဘဝ မြင့်မားဖို့ပဲ အရှက်
ကွာ ကင်းမဲ့တာမျိုး မလုပ်သင့်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ်သစ် အရမ်းချောတာပဲ"

"မမညီမလေးပဲဟာ"

"သွားကြမယ်"

မောင်နှမတွေ အပြင်ထွက်သွားတော့ ကြွေရုပ်လေးတို့ မိသားစုနှင့် ဆုံသည်။

"ညည်းတို့မောင်နှမတွေက တယ်ဟုတ်နေကြပါလား ... အဆင်ပြေနေပုံပဲ"

ထူးက ဒေါသတကြီး တုန့်ပြန်မည်ပြု၍ နေနီနီ သတိပေး တားဆီးလိုက်ရသည်။

"ဟုတ်တယ် အဒေါ် ... နေနီနီလည်း မကြာခင် ကုမ္ပဏီ ပိုင်ရှင်တစ်ယောက်နဲ့ စေ့စပ်တော့မယ်လေ"

"ဘာပြောတယ်"

တော်တော်လေး မနာလိုဝန်တိုဖြစ်တဲ့ မိန်းမကြီးပဲ။

"အရှူးလားဟဲ့ ... ညည်းကြည့်လုပ်ဦးနော် ... အဟွန်း ... ဟွန်း ... အဟွန်း ... ကုမ္ပဏီပိုင်ရှင်နဲ့လား၊ ဟုတ်မှလဲ လုပ်စမ်းပါ ဟာ"

"ကျွန်တော့်အစ်မကိစ္စ ခင်ဗျားတို့နဲ့ဘာဆိုင်လို့လဲ"

"ထူး ... "

"မင်းကများ ငါတို့ပေးကမ်းထောက်ပံ့တာတွေနဲ့ လူဖြစ်လာ





ကြီးကြီးကျယ်ကျယ်နဲ့ ကျေးဇူးကန်းတာလား"

ထူး လက်ကိုဆွဲပြီး နေနီနီ အဝေးကို ရှောင်ထွက်လာခဲ့ သည်။

"ထူး"

"ဘယ်လောက်စော်ကားလိုက်လဲ မမရာ ... ဒေါသဖြစ် တာ၊ ငယ်ငယ်ကစိတ်နဲ့ဆို တွေ့ရာကောက်ပြီး ထုပြစ်ပြီ"

"ဟုတ်တယ်နော် ... ဒါကြောင့်လေ ... သစ်က ကြိုးစားပြ ဘာ၊ မမလုပ်ပြလိုက်စမ်းပါ ... ကိုမောင်နဲ့တွဲပြလိုက်"

သစ်သစ်ကတော့ ဘာမှမသိရှာပေ။

နေနီနီပဲ ခံစားရသည်။

ကြွေရုပ်လေး ...

နင် လက်ထပ်မယ့်လူက ဘယ်လိုလူမျိုးလဲသိလား၊ နင်ခံရ တော့မယ်။

နင်တို့မိသားစု နေနီနီဝဋ်တွေ လည်တော့မယ်နော်။

"ထူးရော သစ်သစ်ရော ဘာမှစိတ်ဓာတ်မကျနဲ့၊ ဒေါသဖြစ် လည်းမလိုဘူး၊ လာ ... ဘာစားကြမလဲ၊ သစ်သစ်လည်း ချွေး နေနဲ့ ... တစ်ခါတလေမှ စားကြရတာလေ"

"ဟုတ်"

မောင်နှမတွေ အကောင်းဆုံးဆိုင်ကြီးမှာ ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေးတဲ့ငွေတွေပါ။

ကိုနန္ဒ အထောက်အပံ့သိပ်မလိုအပ်တော့ပေမယ့် သူ့ဆေး ချောက်ထဲ တိုးဝင်မိနေ၏။

သစ်သစ်လည်း ပျော်နေသည်။

"မမ"

"ဟင်"

"ကိုမောင်က မမကိုချစ်တယ်နော်၊ အမေကလည်း မာန ဘဲ သဘောတူတယ်ဆိုတော့ ကောင်းလိုက်တာ ... မမ ကံကောင်း ပြီ"

"အင်း"

"ဘယ်တော့ လက်ထပ်မလဲဟင်၊ သစ်သစ်တို့ကို မငဲ့ ဘယ်လိုပဲ နေရနေရပါ"

"သစ်ရယ် ... ညီမလေးရယ်"

**နေနီနီ**ကတော့ မောင်နှင့်လက်ထပ်ဖို့ မဖြစ်နိုင်၍ အဆ အသွယ် ထပ်မလုပ်ဖို့ဘဲ ဆုံးဖြတ်ထားသည်။

မိသားစုလေးကို တစ်ကိုယ်ကောင်းဆန်ဖို့ စိတ်မကူးပါ ဘာပဲဖြစ်ဖြစ် ဘဝကိုရင်ဆိုင် ရုန်းကန်ကြမယ်။

စားသောက်ပြီး ပြန်လာကြသည်။

သစ်သစ်ကတော့ စာဂျပိုးမလေးပဲ စာကျက်ဖို့ အခန်း





င်သွား၏။

နေနီနီနှင့် ထူးတို့သာ ခေါင်းချင်းဆိုင်၍ ဆွေးနွေးနေကြ သည်။

"သစ်သစ်ကတော့ ဘာမှမသိရှာဘူး ထူး ... သနားစရာ လေး၊ ထူးလည်း မကောင်းမှုဒုစရိုက်လုပ်ငန်းတွေကို မလုပ်ပါနဲ့ တော့ ... မမ တောင်းပန်ပါတယ်နော်"

"အင်းပါ ... ထူးလည်း နောင်တတွေ ရနေပြီ၊ မမကိုလည်း ဒိုက်သွားနိုင်တယ်လေ"

အစ်မအတွက်ပဲ စဉ်းစားနေတဲ့ မောင်နှမတွေပဲ။

သူမ ဘာဆက်လုပ်ရမလဲ။

ထူးကတော့ သူ့ကိစ္စ သူရှင်းမည်ဟုပဲ ပြောနေသည်။

ညက အေးစက်တိတ်ဆိတ်စ ပြုလာ၏။

ထူးကတော့ ကိုမောင်နဲ့ လက်ထပ်ပါဟုပြောပြီး အိပ်ရာဝင် သွားသည်။

"မောင်ရယ် ... နေနီနီ ကံဆိုးတာပါ၊ ဘာဖြစ်လို့များ မောင် နောက်ကျပြီးမှ တွေ့ရတာလဲ ... မောင့်မေမေက နေနီနီ့ကို နား လည်မှုပေးနိုင်ပေမယ့် မောင်လေးထူး အန္တရာယ်ကိုတော့ နီ ကာ ကွယ်ပေးချင်တယ်"

မောင်လေးထူး ပျက်စီးရတာလည်း နေနီနီ့ကြောင့်ပါ။ မလှ



www.burmeseclassic.com

www.burmeseclassic.com



အပကို မက်မောပြီး ကြွေရုပ်လေးဘဝကို အားကျကြောင်း တတွတ်တွတ်ပြောနေတတ်တဲ့ အစ်မအတွက် ထူးရဲ့ကိုယ်ကျင့်တရားက စတင်ပျက်ပြားခဲ့ရတာပါ။ မမကတော့ တစ်ကိုယ်ကောင်းဆန်ခဲ့တာတွေကို စွန့်လွှတ်မယ်။ မောင်နှင့်အဆက်အသွယ် ဖြတ်ပြစ်ဖို့ပဲ စဉ်းစားထားသည်။

○

န်း ( ၁၆ )

မောင်က နေနီနို့တိုက်ခန်းကို ရောက်လာပြီး အဒေါ်ကိုပါ င့်မေမေက ညစာကျွေးလိုကြောင်း ဖိတ်သည်။

“နီနီ့အဒေါ် လိုက်ခဲ့ပါ၊ မေမေက တွေ့ချင်နေပါတယ်”

“မောင် ... နီကတော့ လူကြီးချင်းတွေ့ဆုံဖို့ စဉ်းစားပါရစေ ာ် ... မဖြစ်နိုင်ဘူးလို့လည်း နီထင်ပါတယ်”

“ဘာဖြစ်လို့လဲ နီ ... ”

“နီ့မှာလေ ... နီ့မှာ ... ”

“ပြောလေ နီ ... မင်း ဘာလိုအပ်နေလဲ၊ မောင့်ကို ပွင့်ပွင့် ာင်းလင်းပြောပါ”

နီ ဘယ်လိုပြောရမလဲ။

မောင်နှင့်ဝေးရမှာလည်း နီကြောက်နေမိသည်။

အဝေးမခံနိုင်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိသားစုကိုလည်း နီ ဘယ်လိုနှလုံးသားမျိုးနှင့် ထားခဲ့ရမှာလဲ။

စိုးရိမ်ထိတ်လန့်နေမိသည်။

“နီ”

“မောင်”

“ပြောလေ”

“နီမှာ အမှန်အတိုင်းဝန်ခံရရင် မိသားစုရှိပါတယ်”

“ဘာပြောတယ် နီ”

“မောင့်မေမေကို နီလိမ်ညာပြောမိတာပါနော်၊ မောင့်ကိုလည်း နီ ချစ်မိလို့ပါ … ဘယ်လိုမိန်းကလေးမျိုးက မောင့်လိုယောကျာ်းတစ်ယောက်ကို လက်လွှတ်အဆုံးရှုံးခံနိုင်မလဲမောင်”

နီ ဘယ်လိုပဲဖြစ်ဖြစ် အမှန်အတိုင်းတွေ ပြောပြလိုက်တော့မည်ဖြစ်သည်။

“နီ”

“ရှင်”

“ပြောပါ … မောင်နားထောင်နေပါတယ်၊ မစိုးရိမ်ပါနဲ့ မောင်က အမှန်တွေပဲ သိချင်တယ်”

နီ့ဘဝနှင့်ပတ်သက်တာတွေအားလုံး ကိုနန္ဒကီစွမှလွဲ၍ မောင့်ကို အမှန်အတိုင်းပဲ ပြောပြမိသည်။





“ဒါများ နီရယ် … ဘာဖြစ်လဲ၊ မောင်နှမရှိတာပဲ မောင်က တစ်ကောင်ကြွက်ဖြစ်နေလို့ မိသားစုကို နှစ်သက်ပါတယ်၊ နီ့မောင်လေးထူး ဘယ်မှာလဲ … မောင့်ကုမ္ပဏီမှာ အလုပ်ပေးမယ်၊ ပညာဆက်သင်လေ၊ ညီမလေးက ဆရာဝန်ဖြစ်ချင်တာလား၊ မောင်တာဝန်ယူပေးမယ် … ဒီတိုက်ခန်းက အဖွားဆိုရင်လည်း မောင်တို့လက်ထပ်ပြီး မိသားစုအားလုံး မောင်တို့တိုက်ကို ပြောင်းကြမယ်လေ … ဘာမှမဖြစ်ပါဘူးကွာ … မောင်ရော မေမေရော မိသားစုလေးနဲ့ နေချင်ကြတာပါ”

နီ သေပစ်ချင်လောက်အောင် စိတ်ညစ်သွားရသည်။

ဘယ်လိုရှင်းပြရမလဲ။

ကိုနန္ဒကီစွကိုတော့ ရှင်းမပြရဲ။

မောင်က နီ့ခန္ဓာကိုယ်လေးအား တင်းကျပ်စွာ ပွေ့ဖက်သည်။

“နီ ဘာဖြစ်လို့များ ဒီလောက်အထိ အားငယ်နေရတာလဲကွာ၊ ဘာမှမစိုးရိမ်ပါနဲ့ … နီ့ဘက်ကနေ မောင်ကာကွယ်ပေးမှာပေါ့ လိုက်ခဲ့ပါ … မင်းဘဝကို မေမေလည်း ရင်ဆိုင်ဖြတ်သန်းခဲ့ရလို့ နားလည်ပါတယ်”

နီ ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။

မောင့်ကို စွန့်ခွာသွားဖို့ ခက်ခဲပင်ပန်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီ့ရင်ကို ကျောက်ပြား အထပ်ကြီး ဖိအုပ်ထားသလို မောင့်ကို ဖက်ပြီး ငိုချင်သည်။

နီ့ကို မချစ်ပါနဲ့ အကြင်နာ အယုအယတွေ မပေးပါနဲ့ မော ရယ်။

မထိုက်တန်ပါဘူး။

"အဒေါ်လည်း အဝတ်အစား ပြင်ပါ၊ ပကာသနတွေ မလို ဘူး၊ မမမေက ဘဝတွေကို နားလည်သူပါ"

"ဒမောင်"

"နှ"

"နောက်မှ မောင်နှမတွေကိုစုပြီး နီတို့လာခဲ့ပါ့မယ်နော် မောင့်မေမေကို အရင်ဆုံးပြောပြပေးပါ"

"အင်းလေ ... ဒါဆိုလည်း နီဆန္ဒအတိုင်းပဲ၊ မေမေကိုယ်တိုင် နီ့ဆီ ဖုန်းဆက်စေရမယ်၊ ဘယ်လိုလဲ အိုကေလား ... "

နီ မငြင်းနိုင်။

မောင်က နီ့ပါးလေးကို နမ်းသည်။

နီ တုန်လှုပ်သွားရ၏။

ကိုနန္ဒလက်ကနေ နီဘယ်လိုမှ မလွတ်မြောက်နိုင်။

မကြာခင် ကိုနန္ဒ ရောက်လာနိုင်သည်။

"မောင် ပြန်တော့နော် ... မောင်လေးထူးက ရှက်တ





တယ်လေ၊ နီ့မိသားစုကို ပြင်ဆင်ခွင့် ပြုပါနော်"

"နီကလည်းကွာ ... မောင့်ကိုတွေ့ရင် ဘာဖြစ်လို့များ မောင်းပဲထုတ်နေရတာလဲ၊ မောင့်ကို ရှိန်မနေစမ်းပါနဲ့၊ မောင်တို့ လည်း အနိမ့်ဆုံးဘဝ တက်လာတာပါ"

နီ ကြောက်နေမိတာက ကိုနန္ဒ ရောက်လာမှာကိုပဲ။

မောင်က စားသောက်ခန်းထဲဝင်ပြီး အဒေါ်ကိုတောင် ကူညီ နေသေးသည်။

"မောင်ရင် ... မလုပ်ပါနဲ့၊ အရှေ့မှာပဲ စကားသွားပြောကြ ပါ၊ ဟဲ့ ... နီ ... ခေါ်သွားလေ"

"လာပါ မောင်ရယ် ... "

သစ်သစ်လည်း အခန်းထဲမှာရှိနေသည်။

မမနီ ဘဝကိုသိပြီး မျက်ရည်တွေ စီးကျလာရ၏။

မမ ကံဆိုးတာပါ။

သစ်တို့မိသားစုကို စွန့်ပစ်ထားခဲ့ပါ။

ကိုနန္ဒကြောင့် မမအနေနှင့် ချစ်သူကိုစွန့်ခွာဖို့ စဉ်းစားနေ ခြင်း ဖြစ်ကြောင်း သစ် သိလိုက်သည်။

"မောင် ပြန်မယ်နော် ... သစ် အားမငယ်နဲ့နော်၊ မောင် အားလုံး တာဝန်ယူမှာပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြန်သွားမှ နီ သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်ပစ်မိသည်။

"မမ"

"ဟင် … သစ်သစ်"

"သစ်တို့ကို တာဝန်မယူပါနဲ့ ထားခဲ့ပါ … မမ ကောင်းစားမယ်ဆိုရင် သစ်တို့ ဝမ်းသာတယ်၊ သစ် ဆရာဝန်မဖြစ်ရလည်း ဘာမှ အရေးမကြီးပါဘူး"

သစ်သက်မျက်ဝန်းထဲမှ မျက်ရည်တွေလိမ့်ဆင်းကျလာသည်။

နီ မနေနိုင်တော့ သစ်ကိုဖက်ထားမိ၏။

အဒေါ်လည်း ထွက်လာသည်။

"နေနီနီရယ် … အဒေါ်တော့ ရင်ကျိုးတော့မယ်၊ ညည်းလေးအနေနဲ့လဲ ရွေးချယ်ရ ခက်နေတာပဲ"

ကိုနန္ဒကြောင့်ပါ။

မောင်လေးနှင့် ညီမလေးတွေက သနားစရာ ကောင်းကြသည်။

"ဘာမှစဉ်းစားမနေကြနဲ့တော့ … မောင့်ကို မမ လုံးဝလက်မထပ်ဘူး"

"မမ"

"နေနီနီ … "





"ကဲ … မမကိစ္စ မမပဲ ဆုံးဖြတ်မယ်၊ အဒေါ်က မမလက်ထဲ ထိုးခဲ့တာပဲ၊ အခု မောင့်ကို စွန့်လွှတ်ရတာလည်း တခြားအကြောင်း ရှိပါတယ် … အမိက ကိုယ့်တာဝန်ကိုယ်ကျေဖို့ပဲ သစ်ရယ်၊ ဆရာဝန်ဖြစ်အောင် ကြိုးစားစမ်းပါ။ မမတို့ မောင်နှမတွေ ဂုဏ်တက်အောင်လေ နော် … "

"အင်း"

"စာပဲ သွားကျက်နေ၊ မိသားစုကိစ္စ စိတ်မဝင်စားနဲ့"

"ဟုတ်"

နီကိုယ်တိုင် ဝမ်းနည်းကြေကွဲနာကျင်မှုတွေ အတိုင်းအဆမဲ့အောင် ခံစားနေရပေမယ့် မျိုသိပ်ထားရသည်။

နီ ရယ်မောပျော်ရွှင်ပြရ၏။

သစ်သစ်ကြောင့်ပါ …

ရှည်မှန်းချက်ကြီးလွန်းတဲ့ ကလေး ဘဝရှေ့ရေး ကောင်းစေချင်သည်။

နီ့အိပ်ခန်းထဲ ဝင်လာခဲ့၏။

မောင့် မေမေထံမှ ဖုန်းဆက်သည်။

"နေနီနီ … သမီး … သားပြောပြလို့ မေမေအားလုံးသိရပါပြီကွယ်၊ မေမေ နားလည်ပါတယ် … ဒါ အပြစ်မှမဟုတ်တာဘဲ မောင်နှမတွေခေါ်ပြီး လာခဲ့ကြပါ … "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"ပြောပါ"

"နို့အနေနဲ့ မောင့်ကို ဘယ်လိုမှလက်မထပ်နိုင်ပါဘူးနော်"

"ဟင် ... ဘာဖြစ်လို့လဲ နေနီနီ ... ထပ်ပြီး အကြောင်းအရာ တွေရှိသေးလို့လား၊ မေမေ့ကိုပြောပြပါကွယ်"

"ဘာပဲဖြစ်ဖြစ်ပါ၊ နီကတော့ သတ္တိမရှိပါဘူး၊ အချစ်တစ်ခုထဲ နဲ့ ဆုံးဖြတ်လို့ မဖြစ်နိုင်ကာတွေ ရှိပါတယ်"

"ဘာတွေလဲ ပြောပြပါ ..."

"နို့ကို အချိန်ပေးပါ၊ နီအိုင်တင်ခံနေတာ မဟုတ်ပါဘူး၊ မောင့် ကို အရမ်းချစ်ပါတယ်၊ မောင့်ဘဝကို မနှစ်ရက်ဘူး"

"နေနီနီရယ် ... လူ့ဘဝရဲ့ အနိမ့်အမြင့်က ဘယ်သူနဲ့မှမဆိုင် ပါဘူး၊ ကံကြမ္မာအရပဲလေ၊ မေမေက သားအရမ်းချစ်မြတ်နိုးတဲ့ မိန်း ကလေးနဲ့ပဲ ဘဝတစ်လျှောက်လုံး ပျော်ရွှင်စွာ လက်တွဲစေချင်ပါ တယ်"

"ကျွန်မ ကံကြမ္မာကိုပဲ ကြောက်တာပါအန်တီ ... နီ အငြိ တမ်း ကံဆိုးမှုတွေကိုပဲ လက်ဆောင်ရတာတ်နေလို့ပါ"

"အင်းလေ ... စဉ်းစားပါဦး သမီးရယ်၊ အရမ်းကြီးတော့ မငြင်းလိုက်ပါနဲ့"

"ဟုတ်ကဲ့"





ဒေါ်မိုးစက်နှယ် ဖုန်းကိုပိတ်ပစ်လိုက်တော့ သားက စိတ် ဝစွာ မေးသည်။

"နီက ဘာပြောလဲ မေမေ"

"အင်း ... နေနီနီမှာ သားကိုလက်မထပ်နိုင်တဲ့ တခြား ကြောင်းတစ်ခုခု ရှိနိုင်တယ်"

"ဘာဖြစ်နိုင်မလဲ မေမေ"

"မသိဘူးလေ ... သားစဉ်းစားပါ၊ အရမ်းအလောတကြီး ဘာ့ မလုပ်ပါနဲ့ဦး"

"နီ ဘာဖြစ်နိုင်လဲ မေမေ ... သားကူညီချင်တယ်၊ နီက ရိုး ပါတယ်"

နီရယ် ...

မောင် ဘယ်လိုမှ နို့ကို မစွန့်လွှတ်နိုင်ဘူး။

နီ ဘာတွေဖြစ်နေလဲ။

ဘယ်လိုအခက်အခဲတွေ ရှိနေလဲ။

မောင့်ကို ပြောပြပါကွာ။

မောင် ဘယ်လိုမှ ထိန်းချုပ်၍မရ၊

နို့ကို မြင်မြင်ချင်းပဲ ချစ်မြတ်နိုးမိသွားရသည်။

"သား"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကြိုးစားပါ့မယ် ... အချိန်တော့ ပေးရလိမ့်မယ်ထင်တယ်"

"သား ... သား နီ့ကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး၊ သား ချစ်မြတ်နိုးရတဲ့သူပါ မေမေ ... နီ ဘာပဲဖြစ်နေဖြစ်နေ သား လက်ထပ်မယ်"

ဒေါ်မိုးစက်နှယ် ... သားအနားမှ မိမိအိပ်ခန်းထဲ ဝင်လာခဲ့သည်။

နေနီနီ ...

ညည်းလေး ဘာတွေဖြစ်နေတာလဲ။ ဘာတွေဖြစ်နေလဲ။

မေမေလည်း ကိုယ်ချင်းစာပါတယ်။

"ကိုယ့်ကို မိုးစက် လက်မထပ်နိုင်ပါဘူး၊ မိုးစက်မှာ သတ္တိမရှိဘူး၊ မိုးစက်ဘဝက မလှဘူး"

"မိုးစက်ရယ် ... ဘာဖြစ်လို့ သတ္တိမရှိရတာလဲ၊ ကိုယ့်မိဘတွေက ကိုယ့်ဆန္ဒပါပဲ"

"မဖြစ်နိုင်ဘူး ထင်တယ် ကို ... မိုးတို့ လမ်းခွဲကြရအောင်"

ဒေါ်မိုးစက်နှယ် အတိတ်ကို ပြန်၍သတိရမိလာသည်။

မိမိဘဝက ကြမ်းတမ်းခဲ့၏။

လမ်းပေါ်ကဘဝ။

ကိုယ်က ဇွတ်အတင်း လက်ထပ်ခဲ့၍ မိဘတွေက အမွေပြတ်





စွန့်လွှတ်လိုက်သည်။

"မိုးကို လက်ထပ်လိုက်လို့ ဆင်းရဲရပြီလေ"

ဘဝကို ရုန်းကန်ကြရသည်။

ကိုယ့်မိဘတွေက သားအဖြစ်မှ စွန့်လွှတ်ပြီး မိဘတွေ သေဆုံးသည်အထိ လက်မခံတော့။

အမွေလည်း မရခဲ့။

မိမိတို့ဘာသာ ဘဝကို ကြမ်းတမ်းစွာ ရုန်းကန်ခဲ့ကြရသည်။

"နင်နဲ့ငါ့သား မတန်ဘူး ... ကျေးဇူးပြုပြီး တောင်းပန်ပါတယ်၊ ငါ့သားဘဝကို မနှစ်ပါနဲ့ ... ကွာရှင်းပေးပါ၊ နင့်လိုအမျိုးကမျိုး ငါ့သားကို ဆေးခပ်ထားတာ မဟုတ်လား၊ နင့်ကို ပိုက်ဆံဘယ်လောက်ပေးရမလဲ ... ဘယ်လောက်ပဲ တောင်းဆို တောင်းဆိုပါ"

"ကျွန်မနဲ့ကိုယ်က ချစ်ပြီးလက်ထပ်ကြတာပါ၊ ငွေလည်း မလိုချင်ပါဘူး အန်တီရယ် ... ကိုယ်ပြန်လိုက်မယ်ဆိုရင်လည်း ပြန်ခေါ်သွားပါ"

ကိုယ်က မလိုက်ပေ။

မိုးကို မစွန့်လွှတ်နိုင်ပါဘူးဟု ပြတ်သားစွာ ပြောခဲ့သည်။

ဘဝကို နှစ်ယောက်အတူတူ ရုန်းကန်ရင်း စီးပွားတက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ချင်းစာပါတယ်။

နေနီနီထံထပ်၍ ဖုန်းဆက်သည်။

"နေနီနီ ... မင်းနဲ့တွေ့ချင်တယ်၊ မေမေ့သားက မင်း ချစ်မြတ်နိုးလွန်းနေပါတယ်"

"သမီး လာတွေ့ပါ့မယ် အန်တီ ... အခုတော့ ညည်းသူ ရောက်လာတော့မှာမို့ပါ"

"ကောင်းပါပြီ ... မနက်ဖြန်ကျရင် သမီးလာခဲ့ပါ၊ ဖုန်းဆ လိုက်နော်"

"ဟုတ်ကဲ့"

နေနီနီရယ်။

အရေးကြီးတာက မင်းလူလွတ်ဖြစ်နေဖို့ပါ။

အိမ်ထောင်တစ်ခုမှာ အချစ်ဆိုတာတော့ လိုအပ်ပါတယ်

ဒေါ်မိုးစက်နှယ် စိတ်မောနေသည်။

"ကိုယ် ထွက်သွားပါ၊ ကိုယ်အတွက် မိုးရင်နာရတယ်၊ မိုး ကံဆိုးမလေး ဖြစ်နေလို့ပါ"

"ကိုယ့်ကို ထွက်သွားဖို့စကားတွေ ထပ်မပြောပါနဲ့တော့ မိုး ရာ ... မင်းကို ဘယ်လိုအကြောင်းတွေနဲ့မှ စွန့်ခွာမသွားနိုင်ဘူး ကိုယ့်အတွက် အချစ်ပဲလိုအပ်တယ်"

"ကိုယ် ဘာဖြစ်လို့ မိုးကိုပဲ စွဲလမ်းနေရတာလဲ၊ မိုးကို ဘာ





ဘစ်လျှောက်လုံး နာကျင်ကြေကွဲနေအောင် လုပ်မလို့လား"

"နောက်ထပ် ကိုယ်တို့ကွာရှင်းဖို့ကိစ္စ ထပ်မပြောပါနဲ့တော့၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်က အစွမ်းအစရှိတဲ့ကောင်ပါကွ"

ကိုယ်က သူ့တာဝန်သူကြေခဲ့သည်။

စီးပွားရေးကို အားသွန်ခွန်စိုက် ကြိုးစားခဲ့၏။

မိဘတွေနှင့်လည်း မတွေ့တော့။

ကိုယ့်အမေလည်း သားစိတ်နှင့်ပင် သေရသည်။

"ကိုယ် ဘာအမွေမှ မလိုချင်ဘူး၊ အမိပွာယ်မရှိတာဘဲ၊ ကိုယ် ချစ်တဲ့သူနှင့် လက်မထပ်ရင် အဓိပ္ပာယ်မရှိတော့ဘူး"

ကိုယ်က အမွေလည်း မယူခဲ့။

သူ့ခွန်အားနှင့် စီးပွားရေးတွေ အောင်မြင်အောင် ကြိုးစား သည်။

"မိုးတို့သားလေးကျရင်လေ အိမ်ထောင်ရေးကို သူ့စိတ်တိုင်း ကျ ရွေးချယ်ခွင့်ပေးမယ်"

ကိုယ်ကလည်း မသေခင်အထိ သားရဲ့အိမ်ထောင်ရေးကို မိုး စိတ်တိုင်းကျ ဝင်မစွက်ဖက်ဖို့ မှာထားခဲ့သည်။

"ကိုယ်တို့ဘဝတွေ ဘယ်လောက်အထိ နာကျင်ကြေကွဲခဲ့ရ လဲ၊ သားကိုတော့ ဘယ်တော့မှ မခံစားစေပါနဲ့"

ဒေါ်မိုးစက်နှယ်လည်း သားကို ဒီလိုအဖြစ်မျိုးနှင့် ရင်ဆိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု မထင်မိခဲ့။

မိမိကိုယ်ချင်းစာမိနေသည်။

နေနီနီ မင်းရောပဲလား။ မိမိစိတ်ကို အတတ်နိုင်ဆုံး အ

သောကတွေ ငြိမ်အောင် ထိန်းချုပ်နေရ၏။ သားချစ်နေတာက

မိမိလို မိန်းမမျိုးပဲလား။ ရင်တော့ ပူပင်သွားသည်။

○

**အခန်း** ( ၁၇ )

"မင်း လုပ်နေတာက မှောင်ခိုလုပ်ငန်းတွေပဲ ထူး"

"ခင်ဗျားကြီးလည်း အဲဒီအလုပ်တွေလုပ်တာပဲ မဟုတ်လား ကိုနန္ဒ ... "

"မင်းကိစ္စ မဟုတ်ပါဘူး"

ထူးကို ဘယ်လိုနေရာမျိုးမှာ ခိုင်းထားတယ်ဆိုတာ ထူး သိလိုက်သည်။

"ဘယ်လိုလဲ ထူး ... "

"ကျုပ်အဖမ်းခံမယ်"

"ဘာပြောတယ် ထူး ... မင်းက တော်တော်လေးသတ္တိရှိတာပဲ"

ထူး မမကို ခြေတော်တင်ပစ်ဖို့တော့ ခင်ဗျားကြီး လုပ်လို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကြီးအကြောင်းတွေ ကျုပ်သိလာပြီ။

လူယုတ်မာကြီးပဲ။

မမနှင့် ကိုမောင်ကိုတော့ အကွဲမခံနိုင်ပေ။

ကိုမောင်က မမကို ချစ်သည်။

"ခင်ဗျားကြီး သိမယ် ... မကြာခင် ခင်ဗျားကြီးအလှည့်"

ထူး အံသွားတွေကို တင်းကြပ်စွာ ဖိကိုက်ထားသည်။ ကိုနန္ဒ အား ဘယ်လိုတုန့်ပြန်ရမလဲဆိုတာ စဉ်းစားနေ၏။ မမကိုတော့ ခင်ဗျားကြီး အပျော်ကြံလို့ရမယ် မထင်နဲ့။

"ငါ လိုအပ်နေတာ ဘာလဲဆိုတာ မင်းအသိဆုံးပဲလေ ထူး ဘယ်လိုလဲ ... ညှိနှိုင်းကြမလား၊ မင်းစဉ်းစားလေ ... မင်းအစ်မ ဘယ်လိုကောင်မျိုးနဲ့ပဲ လက်ထပ်ပါစေ၊ မင်းအစ်မကို စွန့်ပြစ်ထားမှာပဲ"

"ဒီမှာ ... ခင်ဗျားကို ကျုပ်အစ်မက လက်ထပ်မယ်လို့ ပြော ခဲ့တယ်လေ"

"ဟား ... ဟား ... ဟား"

"ကိုနန္ဒ"

"ငါက မင်းအစ်မကို လက်မထပ်နိုင်ဘူး"

"ဘာဗျ"

"ငါလက်ထပ်မှာ ကြွေရုပ်လေးပဲ၊ မင်းအစ်မက ငါ့ဘဝကို





တောင့်တယ်စေနိုင်ဘူး"

"ခင်ဗျား ... "

ထူး ဆွဲပြီးထိုးပစ်လိုက်ချင်မိသည်။

ဒေါသကို ထိန်းချုပ်ထားရ၏။

ကျုပ်အစ်မက အရမ်းချောတာ။

ကုမ္ပဏီပိုင်ရှင်ကြီးကတောင် လက်ထပ်ခွင့် အရှုံးအမူး တောင်းခံနေတာဗျ။

အချောင်ရမလား။

"ငါ့ကို ဆန့်ကျင်ဖို့ မလုပ်စေချင်ဘူး ထူး"

"မဖြစ်နိုင်ဘူး ... ခင်ဗျားကြီး တရားဝင်လက်ထပ်ပါ၊ အပျော်ကြံစည်ဖို့တော့ မဖြစ်နိုင်ဘူး"

နန္ဒလည်း တွေဝေနေသည်။

ကြွေရုပ်လေးကပဲ တင့်တယ်သည်ဟု ထင်မိ၍ နေနီနီ့ကို တော့ တရားဝင်လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။

"မင်းအစ်မကို ချစ်တယ်လေ၊ လက်ထပ်ယူတာက အချစ် မဟုတ်ဘူး ... ဘဝ ... "

"အဲဒီလိုဆိုရင်တော့ မဖြစ်နိုင်ဘူး၊ ကျုပ်အစ်မက ဟိုလူကို လက်မထပ်တော့ဘူးတဲ့ ... "

နန္ဒ အကြပ်ရိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေနီနီ ကြံစည်ပြီးမှ ကြွေရုပ်လေးကို လက်ထပ်ဖို့ကိစ္စ ဖိုး
လိုနေသည်။

နေနီနီကို မရရင်တော့ နန္ဒ သေသွားနိုင်မလားဘဲ။

"မင်းအစ်မကို အထိမခံချင်ရင် နန္ဒအကြောင်း မင်းကော
ကောင်းသိမယ်နော် ထူး ... မင်း ငါ့ကို လျှော့တွက်နေတာလား"

"ကျုပ်အစ်မကို လွှတ်ပေးပါ ... ကျုပ်ခင်ဗျား ထားရာ
စေရာသွားမယ်"

"မရဘူး ... မင်းကိုလည်း ငါ မသုံးတော့ဘူး၊ အစောကြီး
က နေနီနီကြောင့် မင်းကို အသုံးပြုထားတာပဲကွ"

ထူး ဖြစ်ချင်ရာဖြစ်။

ကိုနန္ဒအား ဓါးနှင့်ထိုးသတ်ပစ်ချင်သည်။

လူယုတ်မာကြီး ...

ထူး ထောင်ချခံရတာ အရေးမကြီးပါဘူး။

ထူး လုပ်ရဲရင် ခံရဲပါတယ်။

"ငါ့ဆီက အထောက်အပံ့တွေကို မင်းတို့မောင်နှမ လက်
ခံခဲ့ကြတာလေ၊ ငါ့မှာ အထောက်အထားတွေရှိတယ် ... မင်းအစ်မ
ငါဖက်ထားတဲ့ပုံတွေလည်း ရှိတယ်"

"ခင်ဗျား ... ခင်ဗျားကြီး အဲဒီလိုလုပ်လေ၊ ကျုပ်အစ်မ
ဟိုလူကြီးမယူတော့ဘူး၊ ခင်ဗျားလက်ထပ်မယ့် ကြွေရုပ်လေး





ပေးရမလား"

"မင်းကများ လူပါးဝလို့ ..."

"ခွပ်"

"အား"

"ဒုတ် ... ဒုတ် ..."

ထူး ဒေါသဖြစ်သွားသည်။

ကိုနန္ဒအား ခြေထောက်နှင့် ဆောင့်ကန်ပစ်လိုက်၏။

ထူးက ကိုယ်ခံပညာတွေ ငယ်စဉ်လေးထဲက လေ့ကျင့်နေခဲ့
သူဖြစ်သည်။

"ဒုတ်"

"ဟေ့ကောင် ... မင်းကများ ငါ့ကိုအာခံတယ်ပေါ့လေ"

နန္ဒ ဒေါသထွက်ပြီး တပည့်တွေကိုအချက်ပြလိုက်၍ လူမိုက်
ငါးယောက်ဝင်လာသည်။

"ဝိုင်းသမကြစမ်းကွာ"

လူမိုက်တွေက ထူးကိုဝိုင်းထားလိုက်ကြသည်။

ထူးလည်း မျက်လုံးတွေ ပြာသွားရကာ လူမိုက်ငါးယောက်
နှင့် အပြိုင်ထိုးသတ် ဖြစ်၏။

သူသေကိုယ်သေပဲ။

"ခွပ် ... ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ... ဒုတ်"

"မင်းလိုကောင်လေးကများ အသေထိုးသတ်ပစ်ရမလား အာစရိ"

"နေဦး"

နန္ဒက ထူးမျက်နှာကိုဆွဲမော့လိုက်သည်။

"မင်းအစ်မကြောင့်လွှတ်ပေးလိုက်မယ် ... တစ်ပတ်အတွင်း စဉ်းစားထား အဖြေမပေးနိုင်ရင် အဖြေမပေးနိုင်ရင် မင်းတို့မိသားစု ဝင်ထဲက တစ်ယောက်သေရမယ်"

နန္ဒတင်းသွားပြီး ဒီကောင်က သူ့ကိုတောင်ပြန်ခုခံနေသည်။

ပျော့ပျော့ကိုင်လို့ မရတော့။

နေနီနီကလည်း အဆက်အသွယ်မလုပ်။

နန္ဒကို ဒီလိုလုပ်လို့ရမလား။

"မင်း အစ်မက ဘာမို့လို့လဲ ထူး ... ငါ့ရဲ့အမြှောင်မယား အဖြစ်ပဲတန်တယ်ကွ"

"ဖြန်း"

"ဖြန်း"

ထူးကို လူမိုက်သုံးယောက်က ချုပ်ပေးထားသည်။

ခင်ဗျားကြီး သိမယ်။

ကျုပ်တို့ တစ်မိသားစုလုံး သေရင်တောင်မှ မမကို အစော်





ကား မခံဘူး။

"မင်း ဘယ်လောက်အထိ အာခံနိုင်မလဲ ... မင်း မဟုတ် တာတ်အကြံအစည်တွေလုပ်ကြည့် ... မင်းတို့ တစ်မိသားစုလုံး သေချင်းဆိုးနဲ့သေသွားမယ်မှတ် ... "

"ဖြန်း ... "

"ဖြန်း ... "

"ဖြန်း ... "

ကိုနန္ဒ လူယုတ်မာကြီး ...

ထူးပါးကို ဘယ်ပြန်ညာပြန်ရိုက်ပစ်သည်။

ထူး မနာပါဘူး။

ယောက်ျားပဲ ...

ဒါပေမယ့် မိသားစုအတွက် စဉ်းစားရသည်။

"ကိုထူး မှားသွားတယ်သစ် ... မကောင်းမှု ဒုစရိုက်သမား ဘကို မထင်မှတ်ပဲခံယူမိခဲ့တာပါ"

မမကိုတော့ ပိုပြီးအထိအခိုက်မခံနိုင်ပါဘူး။

သူ့စိတ်ကို လျှော့ပစ်လိုက်သည်။

မမနဲ့ကိုမောင့်တို့ လက်ထပ်ပါစေဦး။

"မင်းသွားတော့ အခုဟာက ပဏာမနော် ထူးထူးနောင် င်းအစ်မဆီပြန်တော့ ... "



www.burmeseclassic.com

www.burmeseclassic.com



ထူးကိုလမ်းမပေါ်သို့ ဆွဲထုတ်ပစ်ကြသည်။

သူ ထလိုက်၏။

မျက်နှာပေါ်မှာ အကွဲကွဲအပြဲပြဲနှင့် သွေးတွေစီးကျနေ၏။

အိမ်ကို မပြန်ဖြစ်သေး။

ဒဏ်ရာတွေကို မြင်ကောင်းအောင် လုပ်ရသေးသည်။

"ကိုနန္ဒ ခင်ဗျားကြီးက ကျုပ်ကိုထောင်ခြောက်ထဲဆွဲသွင်းပစ်နဲ့တာပဲ ... ရမလား ထူးပဲ"

ထူး ညဥ့်အတော်နက်မှ ပြန်လာခဲ့သည်။

တံခါးလာဖွင့်ပေး သူက မမပဲ ...

"ထူး ... "

"မမ ... "

"ကိုနန္ဒက မမဆီကိုဖုန်းဆက်တယ်လေ ... မင်း မင်း ဘာဖြစ်သွားသေးလဲဟင်"

ကိုနန္ဒက မင်းမောင်လေး ထူးထူးကို ပညာပေးလိုက်ကြောင်း နမူနာတဲ့လေ။

မောင်လေး မျက်နှာပေါ်မှာ ဖူးရောင် အညိုအမဲတွေ စွဲနေသည်။

"ဂရုမစိုက်နဲ့ မမ၊ တစ်နေ့နေ့တော့ ဒီလူဒုက္ခရောက်မှာပါ"

"ထူးရယ် ... "





"ဘာမှ မဖြစ်ပါဘူး မမ ... ထူးဆေးထည့်ထားပါတယ်၊ ယောကျ်ားလေးပဲ"

"ထူး ... "

"ဗျာ ... "

"မမ ကိုနန္ဒကိုပဲရွေးချယ်တော့မယ်"

"ဘာဗျ ... "

"ကိုမောင့်ကိုရော ... သူ့အမေကိုရော လက်ထပ်ဖို့မဖြစ်ဘူး ပြောခဲ့တယ်၊ ဘာထူးမှာလဲ ထူး ... မင်းစဉ်းစားကြည့်လေ ဒီလူယုတ်မာ မမတို့မိသားစုကို နည်းမျိုးစုံနဲ့ ဖျက်ဆီးပစ်မှာပဲ"

မမပြောတာလည်း အမှန်ပဲဖြစ်သည်။

"ကိုမောင်ကတော့ မမကိုချစ်ပါတယ်၊ တန်ဘိုးလည်းထားတယ်၊ ဘယ်တတ်နိုင်မလဲ ထူး ... အကောင်းဆုံးကိုမှ မမက ရွေးချယ်ခွင့်မရှိတာပဲ"

ထူးမှားတယ် ...

အစောကြီးထဲက ကောင်းတဲ့အလုပ်တွေပဲ လုပ်ခဲ့ရမှာပါ။

အချောင်စိတ်ဓာတ်က ရေရှည်မကောင်းနိုင်။

သူတို့ မိသားစုနွံထဲနစ်ရပြီဖြစ်သည်။

"ထူးရင်မဆိုင်ပါနဲ့ ဒီလူ သူ့အကုသိုလ်နဲ့သူ သွားမှာပါကွယ်"

"မမ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုနန္ဒကို ရွေးချယ်စရာမလိုဘူးနော်၊ မမလည်း ကိုဇော ကိုစွန့်လွှတ်လိုက်ပြီပဲ ... သူလုပ်ချင်တာ လုပ်ပါစေ"

"မမကြောင့် မင်းအများတွေလုပ်ခဲ့မိတာပါ ထူးရယ်၊ ရင်ကျိုးရတော့မယ်"

"သစ်သစ်ကိုပဲ စောင့်ရှောက်ပေးပါ၊ ကျွန်တော်အစ်ပါ မမ စောင့်ရှောက်ထားမယ်ဆိုတာလည်း ယုံတယ်"

"ထူးရယ် ..."

ထူး အံသွားတွေကို တင်းကျပ်စွာဖိကိုက်ထားမိသည်။

ကိုနန္ဒကိုတော့ ရှင်းပစ်ရမယ်။

ခင်ဗျားကြီးနဲ့ ကျုပ်တစ်ယောက်ယောက်တော့ လောကကြီးထဲကနေ ထွက်သွားပေးရမယ်။

ကျုပ်မိသားစု ဘဝအတွက်ပဲ။

"ထူး ..."

"ဗျာ"

"မင်း မဟုတ်တာတွေ မစဉ်းစားနဲ့နော်၊ ဘာပဲလုပ် မမကို တိုင်ပင်ပြီးမှလုပ်ပါ"

"ကျွန်တော့်ကို စိတ်မပူပါနဲ့မမ၊ မမဘဝကို မစတေး ထူး လုံးဝလက်မခံဘူးဗျာ"





နေနီနီ ဆက်မပြောတော့ဘဲ ထူးအနားကထလာခဲ့သည်။

မောင်နဲ့တော့ နေနီနီပြတ်သားစွာလမ်းခွဲရမှာပဲဖြစ်၏။

မောင်ရော မောင့်မေမေကပါ အဖြစ်မှန်တွေပြောပြနိုင်းနေသည်။

နေနီနီ မပြောပြနိုင်ပါဘူး။

မောင်သိချင်လည်း သိပါစေတော့။

သူမ ရှက်နေသည်။

မောင့်ဆီက ဖုန်းထပ်ဆက်၏။

သူမကို လာတွေ့မည်။

"နီမအားသေးဘူး မောင် ... အပြင်ထွက်လာဖို့ လုံးဝမအားသေးလို့ပါ၊ နီကိုမေ့ပစ်ပေးပါ၊ တောင်းပန်ပါတယ်နော်"

နီ့ဘဝ ကောင်းစားရေးအတွက် မောင့်ကို ရွေးချယ်လို့မှ မဖြစ်နိုင်တော့တာ။

မောင်လေးထူး ဒဏ်ရာတွေနှင့် မြင်မကောင်းပေ။

"မောင်လာခဲ့မယ် နီအောက်ဆင်းလာခဲ့ပါ၊ မောင်တက်လာမှာနော်"

"မောင် ... ဒီမှာမောင်"

မောင်က ဖုန်းပိတ်သွားသည်။

နီလည်း နာကျင်ရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တော့ဖို့ ဆုံးဖြတ်ပေမဲ့ မောင်က နောက်ဆုတ်မသွား ခဲ့။

သူမ ထွက်လာခဲ့သည်။

"ဒေါ်လေး"

"ဟင်"

"နီ မောင်နဲ့ခဏလောက်သွားတွေ့မယ်နော်"

"နေနီနီ"

"ရှင်"

"မောင်သုတမောင်နဲ့ အစဉ်ပြေပြေအောင်နေပါ၊ မိသားစုကျ ရှိလည်း ကံကြမ္မာအရ သမီးတို့ပေါင်းစပ်နိုင်လိမ့်မယ်လို့ထင်တယ်"

သူမ ထွက်လာခဲ့သည်။

မောင်ကရောက်နှင့်နေ၏။

ကားပေါ်တက်ဆို၍ နီမငြင်းနိုင်ပဲ တက်ရသည်။

"မောင်"

"စကားမများနဲ့နီ ... မောင်ခေါ်ရာနောက်လို့ အေးအေး ဆေးဆေးလိုက်ခဲ့စမ်းပါ"

"ဘယ်လိုလဲ မောင်"

"ခဏလေး"

မောင်က တိုက်ခန်းကြီးတစ်ခန်းဆီခေါ်သွားသည်။





ကောင်းလိုက်တဲ့ အခန်းကြီး။

"ဒါက ဒါက ဘာလဲမောင် ..."

"နီတို့မိသားစုအတွက်လေ မောင်ဝယ်လိုက်တာပါ"

"ဟင်"

"နီ့နာမည်နဲ့ပါ"

"ရှင်"

မောင်ကစာချုပ်တွေကိုပြသည်။

နီ့ နာမည်နှင့်ပါ။

မောင့်ကို သူမ မော့ကြည့်လိုက်မိ၏။

သူမ လက်မခံနိုင်ပါဘူး ...

မောင့်အပေါ် မရိုးမသားမလုပ်ချင်။

"ဒီတိုက်ခန်းကို နီတို့မိသားစုပြောင်းနေကြပါ၊ လက်ထပ် လက်မထပ်တာက နောက်မှဆုံးဖြတ်ကြမယ်၊ လက်ခံပေးပါ ... မောင့်အချစ်တွေကို နည်းနည်းလေးဖြစ်ဖြစ် အသိအမှတ် ပေးပါ"

"နီ ... နီလေ ... မောင့်အပေါ် တကယ်ပဲ ရိုးသားဖြူစင်ချင် ယ်၊ ဘာပဲဖြစ်ဖြစ် နီ ရယူလိုခြင်းမရှိဘူး ... မောင် အဲဒီလောက် ဆီ နီ့ကို မဖြားယောင်းပါနဲ့"

"နီ"



www.burmeseclassic.com

www.burmeseclassic.com



"နီ လက်မခံနိုင်လို့ပါနော် ... ဒီစကားတွေကလွဲပြီး တခြား ပြောစရာ မရှိလို့ပါ"

"မရဘူး ... မင်း ဘယ်လိုမှ ရှောင်ထွက်လို့ မရဘူးနော်နီ"

"ကျွန်မအနေနဲ့ ကိုသုတမောင်ကို ချစ်ပါတယ်လို့လည်း အဖြေမပေးခဲ့ပါဘူး ... ငြင်းခဲ့တာပါ"

"နီ ... မင်းမှာ ဘာအခက်အခဲတွေရှိနေလဲ၊ မင်းလိမ်ညာ ပြောထားတာတွေရှိလို့လား၊ ဘာပဲဖြစ်ဖြစ် မောင်သိပါရစေ"

"ကျွန်မ လက်မခံနိုင်လို့ပါ၊ မဖြစ်နိုင်တဲ့အကြောင်းရှိတယ် လို့ပဲသိထားစေချင်ပါတယ် ... ကျွန်မ အရမ်းချမ်းသာချင်ခဲ့ပါတယ် ဘဝကို တင့်တင့်တယ်တယ် နေထိုင်ချင်ခဲ့တာ၊ ကျွန်မရဲ့အကြီးမား ဆုံးဆန္ဒပဲလေ၊ ဒါပေမဲ့ ... ကံကြမ္မာကို မယုံဘူး၊ မောင့်အတွက်ပါ ဒါပါပဲလေ ..."

သူမ လှည့်ထွက်လာခဲ့သည်။

တိုက်ခန်းကြီးက ကျယ်ကျယ်ဝန်းဝန်းနှင့် ခမ်းနားလွန်းနေ သည်။

မောင်နှမတွေကို နေစေချင်၏။

ဒါပေမဲ့ ...

တစ်နေ့နေ့မှာ မောင်ဆီက အမုန်းတွေ နာကြည်းမှုတွေ ရှုံ့ရှာစက်ဆုတ်မှုတွေကိုတော့ နီ ရင်မဆိုင်ရဲပါဘူး။





နီလည်း နာကျင်ရသည်။

မျက်ရည်တွေက ပြည့်ဝိုင်းလာ၏။

မောင့်ကို ကျောခိုင်းပြီး အငှားကားနဲ့ပဲ နေနီနီ ပြန်လာခဲ့ သည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

“နေနီနီ”

“ဟင် … ကြွေရုပ်လေး”

“ငါလေ … ကိုကိုနဲ့လက်ထပ်တော့မယ်၊ ကိုကိုက တောင်းဆိုတာပါ၊ စေ့စပ်တာတွေမလုပ်ဘဲ လက်ထပ်ပွဲလုပ်မယ်တဲ့”

ကြွေရုပ်လေး ပျော်နေသည်။

ကိုနန္ဒ …

ရှင်က ဘယ်လိုလူလဲ။

နေနီနီ့ကိုလည်း အလွတ်မပေးဘူး။

လူယုတ်မာကြီး။

“နင် … သတို့သမီးအရံလုပ်ပေးပါလားဟာ”

“နင့်အမေက လက်ခံလို့လား”

“ငါ့ဆန္ဒပဲ … ကိုကိုက ကြွေ့ကို ကြီးကြီးကျယ်ကျယ် ခမ်း





ခမ်းနားနား မင်္ဂလာပွဲကျင်းပမှာဟ”

နင်က ကြွားပြန်ပြီ။

ကြွေရုပ်လေး ရယ်ရတယ်။

နင့်ကိုကိုက ဘယ်လိုကောင်မျိုးလည်းဆိုတာ နင်တစ်နေ့ သိလာမှာပါ။

ငါ့ကိုတောင် နင့်သူငယ်ချင်းဆိုတာ သိသိကြီးနဲ့လေအလွတ်မပေးချင်ဘူး။

ခြေတော်တင်ဖို့ ကြံစည်နေတယ်။

“ကိုကိုက ကြွေ့ကို အရမ်းချစ်တယ်ဟ … မြတ်နိုးတယ်၊ ကိုကို့မိဘတွေကလည်း ခြံနဲ့တိုက် လက်ဖွဲ့မယ်”

“အင်းလေ … ကောင်းပါတယ် … နင်ကံကောင်းတာပဲ အားကျတယ်ဟာ”

“နီ”

“ပြော”

“နင်လည်း ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် နေစမ်းပါ၊ လင်ကောင်းသားကောင်းရအောင်ပါ … ငါ စေတနာနဲ့ပြောတာ”

“ကျေးဇူးပါပဲဟာ”

“ငါကတော့ ဖေဖေနဲ့မေမေ့ကို တောင်းဆိုမယ် … နင့်ကို သတို့သမီးအရံလုပ်ဖို့ …”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ငါ ကူညီမယ်"

ကိုနန္ဒ အမြန်ဆုံး လက်ထပ်သွားပါစေဟု ဆုတောင်းသည်။

မောင်က နေနီနီကို အရမ်းချစ်တယ်။

ကြွေရုပ်လေး နင့်ထက် ကံကောင်းတဲ့ငါပါ။

နင့်ခင်ပွန်းလောင်း ကိုနန္ဒကြောင့်လေ ငါ့မောင်လေးထူးကို ချုပ်ကိုင်ပြီး ငါ့ကို ခြေတော်တင်တော့မယ်။

"ငါ သွားမယ်နော်"

"အင်း"

"အဆင့်ဆိုတာ နင်သိတတ်ဖို့ ကောင်းတယ် နီ ..."

တကယ်ပဲ ...

နင်က ဘယ်လောက်များ အဆင့်တွေမြင့်နေလို့လဲဟ ...

ကြွေရုပ်လေး ကြွေးမ။

သူမ ခံပြင်းမိသည်။

"ငါ မောင့်ကိုချစ်သွားမိလို့ စိတ်ကောင်းဝင်သွားလို့နော် ကြွေ ..."

မုန်းတီးနာကြည်းမှုတွေကို သူမ ရင်ထဲကနေ ဖယ်ထုတ်ပစ်ထားသည်။

လက်စားချေမှုတွေက သူမကိုပဲ ပူလောင်စေခဲ့၏။

နေနီနီတို့ မောင်နှမတွေ ဘဝဇာတ်ရိုးသားစွာ ဖြစ်သန်းကျော်





သွားကြဖို့ ဖြစ်ထားကြသည်။

ကြွေရုပ်လေး ပြန်သွား၏။

မကြာခင် ကိုနန္ဒ ရောက်လာသည်။

အိမ်မှာက နီတစ်ယောက်ထဲ။

"နေနီနီ"

"စောစောကပဲ ကြွေရုပ်လေး ပြန်သွားတယ်၊ ရှင်နဲ့ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပတော့မယ်ဆို ... နီ့ကိုတောင် သတို့သမီးအရံလုပ်ဖို့ အတင်းအကြပ်တောင်းဆိုသွားတယ်"

"ကိုယ်ချစ်တာက နီပါ၊ လက်ထပ်တာနဲ့ချစ်တာ ကိုနန္ဒက ခွဲခြားထားတယ်"

နေနီနီ။

မင်းကို ငါပေးဆပ်ထားတာတွေ အလကားတော့ အဖြစ်မခံနိုင်ဘူး။

မင်းကိုတော့ ငါ့အမြှောင်မယားအဖြစ် ထားရမယ်။

စွဲမက်စရာကောင်းလွန်းတဲ့ နေနီနီကို နန္ဒ မစွန့်လွှတ်နိုင်။

ချောမောနုထွတ် အိစက်လွန်းတဲ့ နေနီနီ။

ငယောတစ်ကောင်က အရူးအမူး လိုက်နေတယ်ဆိုတာလည်း နန္ဒ သတင်းရထားသည်။

မင်းကောင်းစားတာကို ငါမမြင်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အပျိုစင်ဘဝကို ငါ့ရင်ခွင်ထဲမှာပဲ ဆုံးရှုံးစေရမယ်။

သူ ...

နေနီနီ့အနား တိုးကပ်သွား၏။

သူမက အထိတ်တလန့် နောက်ကို ဆုတ်သည်။

"အချစ်ရယ် ... ကိုယ်ချစ်တာက မင်းလေးကိုပါကွာ၊ မင်းကို လိုအပ်တာတွေ ဖြည့်စွမ်းပေးမှာပါ"

"ရှင် ... ရှင် ... ကျွန်မအသားကို မထိနဲ့နော် ကိုနန္ဒ ... ရှင် မယုတ်မာနဲ့နော်"

"မင်းတို့ဒုက္ခရောက်ပြီး ဝေါ်ပြတ်ဆင်းရဲနေတုန်းကတော့ ငါ့ အထောက်အပံ့ကို လက်ခံခဲ့တယ် မဟုတ်လား နေနီနီ"

"ရှင် အတင်းပေးခဲ့တာပဲ၊ ကျွန်မတို့ငြင်းတယ်လေ၊ ကျွန်မ တောင်းပန်ပါတယ် ... ကြွေရုပ်လေးမျက်နှာ ထောက်ရမယ်၊ ရှင့်ကို ချစ်ပြီး အထင်ကြီးလေးစားနေတဲ့ မိန်းကလေးပါ"

မောင်လေးတူးကြောင့် နီအရမ်းကြီးလည်း မငြင်းဆန်ရဲ။

လူယုတ်မာတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာလဲ သူမ အပျိုစင် ဘဝလေးကို အဆုံးမခံနိုင်။

ကျွန်မလေ မောင့်ကို လက်မထပ်နိုင်ရင်တောင် တခြား ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာတော့ ကျွန်မခန္ဓာကိုယ် အဖျက်ဆီး မခံနိုင်ပါဘူး မောင်။





"ရှင် ထွက်သွားပါ ... ကျွန်မအသက်ပဲ အသေခံမယ်၊ ရှင့် အစော်ကားတော့ လုံးဝမခံနိုင်ဘူး"

"နီ ... ဘယ်တုန်းကငြင်းတတ်သွားတာလဲ၊ မင်းအတွက်ကြီး တော့မလို့လား၊ မင်းကို အရမ်းချစ်တဲ့ မောင်လေးတူး အချုပ်ထဲ မရောက်ဘဲ သေရမှာလေ"

"ရှင် ... ရှင် ... "

"ငါမှာ တပည့်တွေ ဘယ်လောက်အထိများတယ်ဆိုတာ မင်းသိပါတယ်"

"ရှင် တော်တော်ယုတ်မာတာပဲ ... ရှင်လည်း တစ်နေ့နေ့ ကျွန်မတို့မိသားစုက ဘဝပျက်သလို ပျက်ရလိမ့်မယ်"

"ငါ နားမလည်ဘူး ... ငါသိနေတာက မင်းကိုချစ်ဖို့ပဲ၊ လိမ္မာ စမ်းပါ နေနီနီ ... အချစ် ... "

နန္ဒကတော့ ဘာမှဂရုမစိုက်နိုင်။

ကြွေရုပ်လေးကို လက်ထပ်ပြီး နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားဖို့ စီစဉ်ထားသည်။

သူ့အခြေအနေက မလွယ်တော့။

နေနီနီ မင်းကိုခြေတော်တင်ပြီးရင် ငါထားပစ်ခဲ့မှာပါ။

ငါ့ဘဝတစ်ခုလုံးအတွက်ကတော့ မစတေးနိုင်ဘူး။

ငါ ယူမယ့်ဇနီးက ကြွေရုပ်လေးပဲ ဖြစ်စေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... "

"ထူး မျက်နှာလေးကို မင်းထောက်ထားစမ်းပါ၊ ထူးက ငို လက်ခုပ်ထဲကရေဖြစ်သွားပြီလေ ... မင်းမောင် အသေဆိုးနဲ့သေတာ မြင်ချင်လို့လား နေနီနီ"

မတတ်နိုင်တော့ဘူး။

နေနီနီ ငြင်းဆန်လို့ မောင်လေးထူးသာ တစ်ခုခုဖြစ်သွားရင် သူ့မဘဝတစ်လျှောက်လုံး ဖြေနိုင်မှာ မဟုတ်တော့။

ထူးကို မရက်စက်နိုင်ပါဘူး။

နေနီနီ့ဘဝကိုပဲ စတေးပစ်မယ်။

ထူးကို ကယ်တင်ရမည် ဖြစ်သည်။

"ချစ်"

နေနီနီ့ပါးပြင်လေး နှစ်ဖက်အား သူ့လက်ဝါးပြင်တွေနှင့် ဖိကပ်ဆွဲယူ၍ မျက်နှာချင်း ထိကပ်သွားရသည်။

"မင်းရဲ့နှုတ်ခမ်းနီနီလေးက အရမ်းချစ်စရာကောင်းတယ်၊ မင်းခန္ဓာကိုယ် တောင့်တောင့်ဖြောင့်ဖြောင့်လေးက ကိုယ့်အချစ်ကို မွေးဖွားဖြစ်ထွန်းစေခဲ့တာပါ နီရယ် ... "

နေနီနီ မျက်ဝန်းတွေကို မှိတ်ထားပစ်မိသည်။

မထူးတော့ပါဘူး။

ဖြစ်ချင်ရာဖြစ်ပဲ ...





ကိုနန္ဒ ထားရာနေ စေရာသွားတော့မယ်။

ထူးရယ် ...

မမကို နားလည်ပေးပါ။

မမက အကြီးဆုံးလေ။

အနစ်နာခံစရာရှိရင် မမပဲ ဖြစ်သင့်ပါတယ်။

ထူးအမေက နှစ်ပေါင်းနှစ်ဆယ်ကျော် ကျွေးမွေးစောင့်ရှောက်ထားပေးတာလေ။

ပြီးတော့ ထူးတို့ မောင်နှမတွေကို မမလက်ထဲ အသေအချာအပ်ထားခဲ့တာပဲ။

မမ ဘယ်လိုဥပေက္ခာပြုထားရမလဲ။

ကိုနန္ဒသဘောဆန္ဒအတိုင်း ပြုမူစေရန် နေနီနီ ငြိမ်သက်နေမိသည်။

"အရမ်းလိမ္မာသွားပြီပဲ အချစ်ရယ် ... ဒီလိုမှပေါ့၊ ကိုယ်က တစ်ကြိမ် နှစ်ကြိမ်လောက်ပါပဲ ... ကြွေရုပ်လေးနဲ့ လက်ထပ်ပြီးရင် မင်းလေးနဲ့ အဝေးဆုံးကို နေပေးမယ်နော်"

လူယုတ်မာ ...

ရှင်က ဒုစရိုက်သမားတစ်ယောက်ပဲ။

ရှင်ရော ...

ဥပဒေက အပြစ်ပေးတာကို လွတ်နိုင်မယ်ထင်လို့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွေက သူမခန္ဓာကိုယ်လေးအား ဖက်၍ အိပ်ခန်းဆီသို့ ခေါ်ဆောင်သွားသည်။

အမလေး ...

ကျွန်မ ဘယ်လိုလုပ်ပစ်ရမလဲဟင်။

ကျွန်မကိုယ်ကျွန်မ သတ်သေပစ်ရမှာလား။

လူယုတ်မာကိုသတ်ပြီး ကျွန်မထောင်ထဲဝင်ပစ်ရမလား။

မောင် ...

ကယ်ပါဦး။

သူ့ကို လွန်ဆန်နိုင်တဲ့အင်အားတွေ ကင်းမဲ့နေ၏။

အဆီတဝင်းဝင်း မျက်နှာကြီးက ပီတိတွေ တဏှာရမက်တွေနှင့် ကြောက်စရာ ကောင်းနေသည်။

"အချစ်က တကယ်ငြိမ်သက်နာခံတာပဲ၊ ပျော်ပျော်လေးနေစမ်းပါ နီရယ် ... မင်းလိမ္မာရင် မင်းအတွက်ပါပဲကွာ"

သူမခန္ဓာကိုယ်လေးအား ခုတင်ပေါ်သို့ အသာအယာလှဲချပစ်သည်။

သူ့ခန္ဓာကိုယ်ကလည်း သူမအပေါ် အုပ်မိုးနေ၏။

ရွံ့လိုက်တာ။

မုန်းလိုက်တာ ...

တဏှာရူးကြီး ...





သူမ မျက်ဝန်းတွေကို ကြောက်လန့်တကြား မှိတ်ထားပစ်လိုက်စဉ် သူ့လက်ကိုင်ဖုန်းက ကျယ်လောင်စွာ မြည်လာသည်။

"တောက် ... အရေးထဲမှကွာ"

ဖုန်းကို မကိုင်လို့မဖြစ်ဘူး။

နန္ဒမှာ အရေးကြီးတဲ့အချိန်တွေ ဖြစ်နေသည်။

အန္တရာယ်က လက်တစ်ကမ်းမှာရှိနေ၏။

ဖုန်းကို ဖွင့်၍ နားထောင်လိုက်သည်။

"ကိုကို ... ကြွေရုပ်လေးပါ"

"ဟင် ... ကြွေ ... ဘာဖြစ်လို့လဲ၊ အခု ကိုကိုအလုပ်တွေ ရှုပ်နေတယ်လေ"

"ကိုကိုပဲ မင်္ဂလာသတို့သမီးဝတ်စုံ သွားဝယ်မယ်ဆိုပြီး ချိန်းထားတာလေ ... ကိုကိုအခုပဲ လာခဲ့ပါ၊ ပြီးတော့လေ ... ကြွေ သူငယ်ချင်း နေနီနီဆီ သွားကြမယ် ... သူက သတို့သမီးအရံလုပ်မှာ"

"ဒီနေ့တော့ ကိုကို မအားသေးဘူးထင်တယ်"

"မရဘူး ... ကိုကို အခုပဲပြန်လာခဲ့ပါ၊ ကြွေ စောင့်နေတယ်၊ ကိုကိုမလာရင် ကြွေတစ်ယောက်ထဲ နေနီနီအိမ်သွားမယ်၊ တော်ပါပြီ ... ကိုကိုက အခုထဲက ကတိမတည်တော့ဘူး၊ နီဆီပဲ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ ... နေပါဦးကြွေရယ် ... ကိုကို လာခဲ့မယ်၊ ဟုတ်သားပဲ ... ကိုကို ချိန်းထားတာပဲ၊ စောင့်နေပါ၊ ကိုကို အခုပဲလာခဲ့မယ် ကိုကို့ကို စိတ်မဆိုးပါနဲ့ ချစ်ရယ် ... ခဏလေးပဲ စောင့် ... အခု လာပြီ"

ကြွေရုပ်လေးက နေနီနီဆီ လာမယ်ဆိုတော့ သူလန့်သွားသည်။

မင်း ကံကောင်းသွားတယ်မှတ်ပါ နေနီနီ။

"ကိုယ်သွားရမယ် ... ကြွေရုပ်လေးက မင်းဆီလာမယ်ဆိုလို့ နောက်တစ်နေ့နေ့ပေါ့ကွာ နော် ... "

ကိုနန္ဒက သူမကိုယ်ပေါ်မှခွာပြီး အပြင်သို့ပြေးထွက်သွားသည်။

အမလေး ...

ကြွေရုပ်လေးရယ် နင့်ကိုတော့ ကျေးဇူးတင်တယ်ဟား နင်ကယ်လို့ပဲ။

ဒါပေမဲ့လေ ...

တစ်နေ့နေ့တော့ ကျားယုတ်မာတစ်ကောင်ရဲ့ ခံတွင်း အသေအချာဝင်ရမှာပါ။

သူမ အိပ်ရာပေါ်မှထပြီး တွန့်ကြေနေတဲ့ ခန္ဓာကိုယ်ပေါ် အဝတ်တွေကို ပြင်၍ အပြင်ထွက်လာသည်။





"မမ"

"ဟင် ... ထူး"

"ကိုနန္ဒ ထွက်သွားတာတွေ့တယ်၊ မမကို ... မမကို ဒီလူ ာ်ကားသွားပြီလား"

"မဟုတ်ပါဘူး ထူးရယ် ... သူနဲ့မမ ငြိနေကြတာပါ။ ကြွေ လေးခေါ်လို့ ပြန်ထွက်သွားတာပါ"

"ကိုနန္ဒနဲ့ ညှိနှိုင်းတာက ဘာဖြစ်လို့ အိပ်ခန်းထဲမှာဖြစ်နေရ လဲဗျ ... မမကို ဒီလောက်အထိ တားဆီးထားတဲ့ကြားက မမ ဖြစ်လို့ ဒီလူ့ဆန္ဒကို လိုက်လျောပြစ်ရတာလဲ"

ထူး ဒေါသတွေအကြီးအကျယ် ပေါက်ကွဲနေ၍ နေနီနီ မှန်တွေကို ဖွင့်မပြောရဲ။

ဒီလူက တံခါးဖွင့်ပြီး ထွက်သွားတော့ မောင်လေးထူးကို တွယ်ဖို့ အချိန်မရလိုက်ပေ။

"ဘာလဲ ... မမငြိမ်နေလိုက်ရတာ ထူးကြောင့်လား၊ ထူး ကို ကယ်တင်ရှင်လုပ်ချင်လို့လား ... ထူးက ယောကျ်ားပါ၊ ရင်ခံရဲတယ်၊ ရင်းကြမယ်ဆိုရင်တောင် ထူးပဲရင်းချင်တယ်၊ ကျွန်တော်တို့တန်ဖိုးထားပြီး ချစ်ခင်ရတဲ့ အစ်မကြီးပါဗျ"

"ထူးရယ် ... မောင်လေးစိတ်ကို ထိန်းပါ၊ တကယ်ပဲ မမနဲ့ ဘာမှမဖြစ်ကြပါဘူး၊ ယုံပေးပါ ... ဒီလူက မမကို စော်ကား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကြံစည်နေတယ်ဆိုတာ မှန်ပေမယ့် ကြွေရုပ်လေးဖုန်းဆက်
လို့ သူ ထပြန်သွားခဲ့တယ်လေ"

"တောက် ..."

"မင်းစိတ်တွေကို ထိန်းစမ်းပါ၊ မမတို့ မီးစင်ကြည့်တ
လေ၊ မင်းတစ်ခုခုဖြစ်သွားရင်လည်း မမတို့ ညီအစ်မတွေ ပတ်
ကျင်မှာ ဂုဏ်သိက္ခာမဲ့ကြရမှာပါပဲ ... ရန်ကိုရန်ချင်း မတုံ့
သူ့ကံကြမ္မာနဲ့သူ အပြစ်ဒဏ် ခတ်ခံရမှာပါ"

ကိုနန္ဒ ခင်ဗျားကြီး တော်တော်ယုတ်မာတာပဲ။

မမကို စော်ကားလိုက်ပြီလား။

ထူး ပေါက်ကွဲနေသည်။

"ခင်ဗျားကြီးကို သတ်ပြစ်ရမယ်၊ လူ့လောကကြီးထဲ
မထားတော့ဘူး"

ကိုနန္ဒကို အပြတ်ရှင်းပစ်ဖို့အတွက် ထူး ဆုံးဖြတ်ထားသ

ထူးကိုလည်း ကျိုးသွင်းပြီး မကောင်းမှုဒုစရိုက်လော
ဆွဲခေါ်ခဲ့သည်။

"အခု ကျုပ်တို့မောင်နှမ ဘဝပျက်ရတော့မယ်၊ ကျုပ်
တာ သည်းခံနိုင်ပေမယ့် ကျုပ်အစ်မကိုတော့ နည်းနည်းလေးမှ
နဲ့ ... မီးပွင့်သွားမယ်"

မမကိုကြည့်ပြီး ထူးဘယ်လိုမှ ထိန်းချုပ်ထား၍ မရနိုင်





အတွက် မဟုတ်လား။

မမဘဝ အကောင်းဆုံးကို ရွေးချယ်နိုင် ခွင့်ရှိလျှက်သားနဲ့

ထူး မေးကျောကြီးများ ထောင်ထနေသည်အထိ သွားတွေ
တင်းကျပ်စွာ ဖိကိုက်ထားပစ်လိုက်သည်။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၉ )

"ထူး … မင်းအစ်မက ကိုယ်နဲ့ အိုကေနေပြီကွ၊ ကိုယ်
ချစ်သွားတဲ့ပုံပဲ"

ကိုနန္ဒ …

မျက်နှာပြောင်တိုက်၍ ထူးကို အရှက်ကင်းမဲ့တဲ့စကား
ပြောနေသည်။

ကျူပ်အစ်မကို ခင်ဗျားကြီးဆက်ပြီး မစော်ကားစေရ
ဘူးဗျ။

တဖြည်းဖြည်းနှင့် မကောင်းမှုဒုစရိုက်အားလုံး လော
ကြီး လုပ်ဆောင်နေတာတွေ ထူးသိလာရ၏။

ထူးကို နှစ်ခဲ့သည်။

"ထူး"

"ပြောပါ"





"မင်း ရွေးချယ်ပါ … မင်းမမကို ဒီလောက်ကြီး မနှမျော
စမ်းပါနဲ့ကွ၊ ငါ့ရဲ့အမွေခြောင်မယားဘဝကို ခံယူတာ ဘယ်လောက်
ဂုဏ်ရှိတယ်ထင်လဲ … "

သူ …

ဒေါသကို ထိန်းချုပ်လိုက်သည်။

တပည့်တွေ ရှိနေသည်။

ကြွေရုပ်လေးကို လက်ထပ်ပြီး နိုင်ငံခြားကို ထွက်ပြေးဖို့
ကြံစည်နေတာတွေလည်း ထူးသိထား၏။

မမက အစော်ကားခံဘဝ အဖြည့်ခံဘဝပဲ။

အဲဒီအထိတော့ ထူးထပ်ပြီး သည်းခံနေလို့ မဖြစ်တော့ပေ။

"မင်းကို ဆရာကြီးက ခိုင်းစရာရှိတယ်ထူး … ဒီတစ်ခါ မင်း
မျိုးမျိုးမြက်မြက်လေး ရမယ်၊ မင်း ထောပြီ … "

ဘာထောရမှာလဲ။

ခင်ဗျားကြီးက ကျူပ်ကို ရှင်းပြစ်တော့မှာလေ။

ကျူပ်သိတယ် …

တော့န်း ထင်မနေနဲ့။

"ယောက်ဖ … "

"ကျူပ် သွားတော့မယ်"

"မင်း … မနက်ဖြန် အလုပ်ရှိတယ်၊ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ပါ ညီလေး ... ”

ထူး မကျေမနပ်ဖြစ်နေတယ်ဆိုတာ နန္ဒ သိနေသည်။

ဒီကောင်လေးက လူသေးသလောက် အဆိပ်ပြင်းတယ်။

သူတို့ လုပ်ငန်းတွေကိုလည်း စိတ်မဝင်စားတော့။

နေနီနီက ငထောကြီး တစ်ကောင်နဲ့ ချိတ်ဆက်မိနေ၏။

မင်းကတော့ အမြန်ဆုံး ရှင်းပစ်ရမယ့်ကောင်လေးပဲ။

မင်းက ငှါယောက်ဖလောင်းလေးမို့ စိတ်တော့ မကောင်းပါဘူး။

“မင်းငွေလိုသေးလား”

“မလိုပါဘူး ... ကျုပ်ကိစ္စပဲ၊ ကျုပ်အကောင်းဆုံး လုပ်မှာပါ”

မူးယစ်ဆေးဝါးတွေ မှောင်ခိုပို့ဆောင်ပေးရမည်ဖြစ်၍ ထူး စဉ်းစားနေသည်။

ခင်ဗျားကြီးပဲ ထောင်ထဲပို့ရမလား။

ကျုပ်ကတော့ လူငယ်လူရွယ်တွေကို အဖျက်စီးမခံနိုင်တော့ဘူး ကိုနန္ဒ။

“သွားတော့လေ ... မင်း ညွှန်ကြားတဲ့အတိုင်း အသေအချာလုပ်နော် ထူး ... ”

“စိတ်ချပါ”

“သွားတော့”





ထူးကို အမြန်ဆုံး ပထုတ်ပြီးမှ နေနီနီထံ ပြန်သွားရမည်။

ကြွေရုပ်လေးကြောင့်ပဲ။

ကြွေရုပ်လေးအဖေက သူ့ကို အလွန်အမင်း အထင်ကြီးနေသည်။

“ကိုယ်က ပွဲတက်မယားတော့ လိုအပ်တယ်၊ အမြှောင်ယားတွေကတော့ ကိုယ့်ဝါသနာပဲလေ ... ”

ထူး လှည့်ထွက်ခဲ့သည်။

သူ့ကို ပထုတ်ပြီး မမထံသွားမည်ဆိုတာ သိထား၏။

ခင်ဗျားကြီး ဇာတ်သိမ်းမလှတော့ဘူး ကိုနန္ဒ။

သေဖို့တာ ပြင်ထားတော့။

သူထင်ထားတဲ့အတိုင်းပင် သူ့ကို ပထုတ်ပြီး မမထံ သွားသည်။

“ခင်ဗျားကြီး ကိုယ့်သေတွင်းကိုယ် တူးတာပဲ”

ခင်ဗျားကြီးကို ရှင်းပြီးမှ ကျုပ်ဘဝကို တစ်ကပြန်စမယ်။

ဆေးကျောပြစ်ရမယ်။

ထူး နောက်ယောင်ခံ လိုက်လာခဲ့သည်။

“ထူး ဘာကောင်လဲဆိုတာ ပြရမယ်၊ ခင်ဗျားကြီးရဲ့ ယုတ်ကောက်ကျစ်မှုတွေကို အဆုံးသတ်ရလိမ့်မယ်”

ကိုနန္ဒက ထူးတို့နေထိုင်တဲ့ တိုက်ခန်းပေါ်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်က မမတစ်ယောက်ထဲ ရှိနေတတ်တဲ့အချိန်ပါ။

ကိုနန္ဒ တက်သွားပြီး မမက တံခါးဖွင့်ပေးသည်။

ထူးမှာ သော့အပိုတစ်ချောင်းရှိနေ၏။

ဒေါသတွေက သူ့အသိဉာဏ်ကိုပါ မှောင်ပိတ်သွားစေသည်။

"ရှင် ... ရှင် ... ကျွန်မမောင်လေးထူးကို ဒုက္ခမပေးနဲ့နော် မောင်လေး ခရီးထွက်ရမယ်လို့ပြောနေတယ်၊ ရှင် ဘာခိုင်းမလို့လဲ ကျွန်မမောင်လေးကို ဘာမှမခိုင်းပါနဲ့တော့ ကိုနန္ဒ ... "

"နီရယ် ... ဘာတွေစိတ်ပူနေတာလဲ ... ထူးက ကိုယ့်ယောက်ဖ ဖြစ်နေပြီပဲ"

"ရှင် အပိုတွေပြောမနေစမ်းပါနဲ့ ... ကျွန်မမောင်လေး တစ်ခုခုဖြစ်သွားရင်တော့ ရှင့်ကို ကျွန်မ အသေသတ်မယ်"

"ဟင်း ... ဟင်း ဟင်း နီရယ် ... ပြောရက်လိုက်တာကွာ ကြွေရုပ်လေးကို လက်ထပ်တာ အခြေအနေအရပါ၊ ကိုယ်ချစ်တာက နီ ... "

"လူယုတ်မာ ... "

"မင်းပြောချင်သလိုပြောပါ၊ ထပါ နီရယ် ... ကိုယ်တို့အိပ်ခန်းထဲဝင်ကြရအောင်ပါ၊ မနေ့က ကိုယ်အရမ်းကြွေရတယ်၊ အပျော်ဆွေ ပျောက်ဆုံးသွားသလိုပဲ ... "

လူယုတ်မာကြီးရဲ့ ညွှတ်ကွင်းကနေ နီနီတို့ မောင်နှမတွေ





ဘယ်လိုမှ ရုန်းထွက်ဖို့ မရနိုင်ကြောင်း သိလိုက်သည်။

ထူးကို ကယ်တင်ချင်တယ်။

ထူးရဲ့ အနာဂတ်ကို မမဘဝနဲ့ရင်းသင့်ရင်းမယ်။

ကိုနန္ဒအား အချိုသတ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ချစ်ရယ် ... ပျော်ပျော်လေး နေစမ်းပါ၊ ကိုယ်ရင်ခွင်ထဲမှာ မင်းရဲ့ အပျိုစင်ဘဝလေးကို မြုပ်နှံလိုက်ပါတော့"

ကိုနန္ဒက နေနီနီ့ခန္ဓာကိုယ်လေးအား သိုင်းဖက်၍ အိပ်ခန်းထဲ ခေါ်ဆောင်မည်ပြုစဉ် တံခါးက ဝုန်းခနဲ ပွင့်လာပြီး မောင်လေး ထူး ဝင်ရောက်လာခဲ့သည်။

"လူယုတ်မာကြီး ... ခင်ဗျားကို ကျုပ်အဆုံးသတ်ပေးမယ်"

"အင့် ... "

"အား"

အော်သံနှင့်အတူ သူမကို ဖက်တွယ်ထားတဲ့ သူ့လက်တွေ ပြေလျော့သွားသည်။

"ဟင် ... ထူး ... "

"မမ ... အသာနေပါ၊ ထူး ကြည့်စီစဉ်မယ်"

ကိုနန္ဒက ရင်ဝကို လက်နှင့်ဖိ၍ ခွေကျသွားသည်။

"ဒီလူယုတ်မာကြီး မမကို စော်ကားဖို့ကြံစည်တာသိလို့ ထူး လိုက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထူး ... ထူးရယ် ... "

"မမ"

"ဟင်"

"ထူး ရဲတွေကို ဖုန်းဆက်ထားတယ်၊ သူတို့လုပ်ငန်းတွေကိုလည်း ထူးအားလုံး ဖော်ထုတ်ခဲ့ပြီးပြီ"

"ဟင် ... ထူး ... မင်းဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်၊ သူ့ကို ဥပဒေက အပြစ်ပေးမှာပါ"

"ထူး သည်းမခံနိုင်တော့ဘူး ... မမကို စော်ကားလို့လေ၊ ကိစ္စမရှိပါဘူး၊ ထူးခံမယ် ... မမသာ မိသားစုကို စောင့်ရှောက်ထားပေးပါ၊ ချစ်ချစ်လည်း ရောက်လာလိမ့်မယ်"

"ညီမလေးတွေကိစ္စ မမတာဝန်ထားပါကွယ်"

"သစ်သစ်ကို ချစ်ချစ်လက်ထဲ အပ်ထားတယ်၊ မမဘဝကိုပဲ ထူထောင်ပါ၊ ကိုမောင်နဲ့ လက်ထပ်လိုက်ပါဗျာ"

"မမ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်ဘူးထူး ... မင်းသူစိမ်းဆန်တဲ့စကားတွေကို မပြောပါနဲ့ကွယ်"

မောင်လေးကို ဖက်ပြီး ငိုကြွေးမိသည်။

ရဲတွေ ရောက်လာကြ၏။

ကိုနန္ဒက သက်ဆိုင်ရာက အလိုရှိနေတဲ့ လူတစ်ယောက်ဖြစ်နေ၏။

ဖိုးလပြည့်စာပေ



ထူးက အစ်မနှင့်မပတ်သက်စေဘဲ သူနှင့်စကားများ ရန်ဖြစ်၍ လက်လွန်သွားကြောင်း ပြောခဲ့သည်။

"မင်းသတင်းပေးလို့ ဒုစရိုက်သမားတွေ ဖမ်းမိခဲ့တယ် ထူးထူးနောင် ... မင်းက စိတ်လောကြီးသွားတာပဲ၊ စိတ်မထိန်းနိုင်မှုတွေက မင်းအနာဂတ်ကို ဖျက်ဆီးပစ်တာပဲ"

သက်ဆိုင်ရာတွေကလည်း ထူးအတွက် စိတ်မကောင်းဖြစ်ကြရပေမယ့် မောင်လေးထူးအား လက်ထိပ်ခတ်ကြသည်။

"မောင်လေးထူးရယ် ... မမလေ ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်ဘူး၊ ညီမလေးတွေကို စောင့်ရှောက်ပေးမှာပါ စိတ်ချ၊ ထူးသာ အပြစ်တွေကိုခံယူပြီး ဘဝကို ဆေးကြောလာခဲ့ပါနော်"

"အင်း"

သစ်သစ်လည်း ပြန်ရောက်လာပြီး အစ်ကိုကိုဖက်၍ ငိုသည်။

တကယ့်ကို သွေးပျက်စရာကောင်းနေ၏။

နေနီနီက သစ်သစ်ကို ဆွဲထားရသည်။

"မမ"

"ဟင်"

"ထူး လူကောင်းဖြစ်ပါပြီ"

"ထူးရယ် ... မင်းအပြစ်က လွတ်ရင်လေ မမတို့မိသားစုဘဝသစ်ကို စတင်နိုင်ပါပြီကွယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထူးကို သက်ဆိုင်ရာက ခေါ်ဆောင်သွားသည်။

ချစ်ချစ်လည်း သတင်းကြား၍ ပြန်ရောက်လာခဲ့၏။

နေနီနီကို အပြစ်မပြောကြ။

ဘဝကို ဘယ်လိုတည်ဆောက်ကြမလဲဆိုတာပဲ ဆွေးနွေးကြသည်။

"မမ ဘယ်လိုလုပ်ချင်လဲ၊ ချစ်တို့က ဘဝနာထားကြသူတွေပါ ... မမအတွက်တော့ အကောင်းဆုံးဖြစ်စေချင်ပါတယ်"

"ဘာမှ မပြောကြပါနဲ့တော့ကွယ်၊ မမတို့ ဆိုင်လေးတစ်ဆိုင်ဖွင့်မယ်၊ ဒီကနေ ရပ်ကွက်ငလေးတစ်ခုကို ပြောင်းကြမယ်၊ သစ်သစ်လည်း ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ကြိုးစားပါ၊ အဆိုးဝါးဆုံး အခြေအနေကနေ မမတို့ လွတ်မြောက်ပါပြီ"

"ဟုတ်တယ်နော်"

ညီအစ်မတွေ ဘဝသစ်ကို စတင်ဖို့ စိတ်ခွန်အားတွေ စုစည်းကြသည်။

ထူးကတော့ ထောင်ဒဏ် နှစ်ရှည်ကျသွားခဲ့၏။

ထူး ဒီလောက်လေးနဲ့ပဲ လွတ်မြောက်ခဲ့၍ ဝမ်းသာကြရသည်။

"ထူးအတွက် မပူပါနဲ့ဗျာ၊ မမပဲ ဘဝသစ်မှာ အကောင်းဆုံးတွေနဲ့ တွေ့ဆုံစမ်းပါ"





ကိုနန္ဒ သတင်းကြောင့် ကြွေရုပ်လေးတို့မိသားစု အကြီးအကျယ် အရှက်ရစေသည်။

ပိုက်ဆံချမ်းသာရင် ပြီးရောဆိုပြီး သမီးကို ဒုစရိုက်သမားလူရှုပ်လူပွေလက်ထဲ ထိုးအပ်ရမလားဟု အတင်းအဖျင်းတွေ အပြောခံရသည်။

"နင့်ကို အစောကြီးထဲက ငါသတိပေးတာပဲ ကြွေရုပ်လေး၊ နင်ရော နင့်မိဘတွေရောက ငါ့ကို အထင်သေးဖို့ပဲ တွေးနေကြကာလေ"

ကြွေရုပ်လေးတို့မိသားစု ရပ်ကွက်ထဲကနေ ပြောင်းသွားကြသည်။

နေနီနီ့ကိုလည်း ကျေးဇူးတင်ကြ၏။

သူတို့ကို နာကြည်းပြီး လက်တုန့်မပြန်၍ ဖြစ်သည်။

"နီလေ ... ဘယ်သူ့ကိုမှ အနိုင်မယူလိုတော့ပါဘူး ကြွေ၊ နင်နဲ့ငါက ငယ်သူငယ်ချင်းတွေပဲဟာ၊ နင် ဒီလိုဖြစ်ရတာ ငါအရမ်းကြေကွဲရပါတယ်"

ဘဝသစ်တစ်ခုကို အကောင်းဆုံးရွေးချယ်ပြီး နေနီနီ ဖြတ်သန်းချင်ပါတယ်။

နေနီနီ ရင့်ကျက်လာသည်။

ငယ်စဉ်ထဲက အလှအပတွေကို မက်မောပြီး ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝသူတွေကို အားကျလာခဲ့၏။

အရမ်းမှားခဲ့တာပဲ။

ထူး ဒီလိုဘဝမျိုးကို ရောက်ခဲ့ရတာ နေနီနီကြောင့်ပါ။

ညီမတွေက အပြစ်မတင်ကြပေမယ့် နေနီနီ ရှက်မိသည်။

“မမ ဘာမှအားမငယ်ပါနဲ့နော် ... ချစ်ချစ် အလုပ်လုပ်တဲ့အိမ်ကလည်း အရင်းအနှီးတွေ ထုတ်ပေးလိုက်ပါတယ်၊ အရောင်းအဝယ်တစ်ခုခု လုပ်ကြမယ်”

ချစ်ချစ်က လိမ္မာသည်။

အလုပ်လည်း ကြိုးစားလုပ်သည်။

နီနှင့် မတူကြပေ။

“အဒေါ်သာ အသက်ရှင်နေရင် မမတို့အဖြစ်တွေကို ဘယ်လောက်များ ဒေါသထွက်နေမလဲ၊ အဒေါ်က မိန်းကလေးတွေအတွက် ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်ဖို့ အမြဲတမ်း ဆုံးမခဲ့တာပဲ”

“ပြီးတာတွေပြီးပါစေတော့ မမရာ ... မေ့ပစ်ကြရအောင်ပါ ချစ်တို့ အိမ်ပြောင်းဖို့လုပ်ကြမယ် ... လူသစ် စိတ်သစ်နဲ့ စကြရအောင်ပါ”

“အေးပါကွယ်”

နေနီနီကို မောင်မုန်းသွားပြီထင်တယ်။





ဂျာနယ်တွေ၊ စာစောင်တွေထဲမှာတောင် ပါလာတဲ့သတင်းပဲ။

နေနီနီ ရှက်တယ်။

သူမဘက်က မောင့်ကို စတင်ငြင်းဆန်ခဲ့တာကပဲ ဖြေစရာဖြစ်ရသည်။

“မမတို့ တခြားကိုပြောင်းကြမယ်၊ ကိုယ့်ကိုယ်ကိုထိန်းပြီး တိုးတက်ကြီးပွားအောင် ကြိုးစားကြမယ်”

ညီအစ်မတွေ ရှိတဲ့ပိုက်ဆံလေးနှင့် စည်ကားတဲ့ရပ်ကွက်တစ်ခုထိ ပြောင်းရွှေ့လာခဲ့ကြသည်။

အတိတ်ကိုတွေးနေလို့ အချိန်မရှိပေ။

ထမင်းဆိုင်လေးတစ်ခု ဖွင့်ကြ၏။

သစ်သစ်ကလည်း တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးတွေနှင့် အောင်မြင်ခဲ့သည်။

“သစ်သစ်လည်း ပိုက်ဆံရှာပါ့မယ် ... ဆယ်တန်းတွေကို စာကျက်ပေးဖို့ ခေါ်ကြတဲ့လူတွေ အများကြီးပဲရှိတယ်၊ ထူးဆန္ဒအတိုင်း ဆရာမလေးဖြစ်အောင် ကျောင်းတက်မယ် ကြိုးစားမယ်”

“သစ်သစ် ဘာမှမပူနဲ့၊ မမတို့ထမင်းဆိုင်လေးကလည်း အောင်မြင်ပါတယ်၊ တဖြည်းဖြည်း တိုးချဲ့နိုင်ပါပြီကွယ်”

ချစ်ချစ်က သူဌေးအိမ်မှာ အလုပ်လုပ်ခဲ့၍ ဟင်းချက်လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကောင်းသည်။

ဣန္ဒြေသိက္ခာရှိကြ၍ ပတ်ဝန်းကျင်က လေးစားနေကြ

ဘယ်သူမှ မစော်ကားရဲကြ။

"ထူးကို သတိရလိုက်တာကွယ် ... အဒေါ်ကိုလည်း သတိ

ရတယ်"

အဒေါ်အတွက်လည်း ရည်စူး၍ အလှူတွေလုပ်ကြသည်။

နေနီနီ အလှတွေ မပြင်တော့။

ချစ်ချစ်က လှလှပပလေးနေဖို့ ပြောခဲ့ပေမယ့် နေနီနီ ဘ

ကို နားလည်လာ၍ အစ်မကြီးတစ်ယောက်ရဲ့ တည်ငြိမ်ရင့်ကျက်

တွေနှင့် ဦးဆောင်နိုင်သည်။

တစ်ခါတလေလည်း မောင့်ကိုသတိရမိနေ၏။

တွေ့ချင်လာသည်။

မဖြစ်နိုင်တော့ပါဘူး။

နေနီနီနဲ့မှ မတန်တော့တာပဲ။

သစ်သစ် ဆေးတက္ကသိုလ် ဝင်ခွင့်ရသွားခဲ့၏။

သူမကတော့ စတ္တန်မလပ် မောင့်ကိုသတိရ တမ်းတနေမိပြီး

ရောက်လာမလားလို့ မျှော်လင့်မိသလို ရင်ဆိုင်ရမှာလည်း ရှက်

ကြောက်လန့်နေမိသည်။

နေပါတော့မောင် ...

ဖိုးလပြည့်စာပေ



နေနီနီ ခြေရာဖျောက်ထားတာပဲ ကောင်းပါတယ်လေ။

မောင့် မေမေဘက်က ဘယ်လောက်ပဲသဘောထားပြည့်ဝ

နိုင်ပါစေ နေနီနီလိုမိန်းမတစ်ယောက်နှင့်တော့ မောင့်ကို လက်ထပ်

စေချင်မှာ မဟုတ်ပါဘူး။

နေနီနီ မေ့ပစ်နိုင်ဖို့ပဲ ကြိုးစားနေရသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

နေနီနီတို့ ထမင်းဆိုင်လေးက အရမ်းကို အောင်မြင်နေသည်။

ဆိုင်ကိုတောင် ချဲ့နိုင်နေ၏။

နေနီနီတို့ ညီအစ်မတွေ ဣန္ဒြေသိက္ခာကြီးမားမှုကြောင့် ဘယ်သူမှ အထင်မသေးရဲကြ။

ထူးကိုတော့ မကြာခဏ တောင်ငင်စာသွားတွေ့ကြပြီး အားပေးနှစ်သိမ့်မှုတွေ ပေးရသည်။

ထူး ဒီလို ကိုယ်ကျင့်တရားတွေ ပျက်ပြားရတာ နေနီနီက အဓိက တရားခံပါပဲ။

"မမကြောင့်ပါ ... မမ တာဝန်ကျေမယ်၊ ညီမလေးတွေဘဝ ပျော်ရွှင်အေးချမ်းစေရမယ်"

နေနီနီက အစ်မအကြီးဆုံးဖြစ်၍ ဣန္ဒြေသိက္ခာအရှိဆုံးဖြစ်



ပြုရမည်ဖြစ်သည်။

ချစ်ချစ်လည်း သင့်တင့်တဲ့အိမ်ထောင်ဘက် တွေ့နေပြီ ဖြစ်၏။

ထူး လွတ်လာမှ လက်ထပ်ကြဖို့ စီစဉ်ထားသည်။

"မမ"

"ဟင်"

"ကိုမောင်နဲ့အဆက်အသွယ် ပြန်လုပ်ပါလားဟင်"

"နေပါစေတော့ကွယ်၊ မမဘဝရဲ့ အမဲစက်ကြီးက ဖျက်ပစ်လို့မှမရတာ၊ မောင့်ကိုလည်း မေ့ပစ်ထားလိုက်ပါပြီ"

"မမရှိနေတဲ့နေရာကိုမှ မသိတာဘဲ ... အစ်ကိုမောင်က တွေ့ချင်နေမှာ"

"ထားလိုက်ပါ"

မောင့်ကို နီ မမေ့ပြစ်၍မရ။

စက္ကန့်မလပ် သတိရမိသည်။

"မမကို ချစ်ကြိုက်တဲ့လူတွေက အများကြီးပဲ၊ မမ ရွေးချယ်ပါလားဟင်"

"မမ အိမ်ထောင်မပြုတော့ပါဘူး၊ ထူးအတွက်လည်း အရေးကြီးတယ်၊ မမ အပျိုကြီးဘဝနဲ့ပဲ မိသားစုကို စောင့်ရှောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူး ထောင်ကလွတ်လာရင် ထူးဘဝအတွက် လုပ်ငန်းလေးတွေ ထူထောင်ပေးချင်သည်။

နေနီနီတို့ မောင်နှမက အမြတ်တော့ ထွက်ပါတယ်။

မောင်လေးထူးလည်း လူကောင်းဖြစ်သွားပြီဖြစ်သည်။

"သစ်သစ်လည်း ဆရာဝန်ဖြစ်၊ အိမ်ထောင်တွေကျ၊ မမကတော့ တူလေးတွေ တူမလေးတွေပဲ ထိန်းကျောင်းတော့မယ်"

"မမလည်း ညီမလေးတို့အတွက်နဲ့ အနစ်နာမခံပါနဲ့နော်၊ သင့်တော်တဲ့ အိမ်ထောင်ဘက်ကို ရှာပါ"

မောင် ...

နေနီနီကို မေ့ပစ်လိုက်ပြီလား။

နီ လွမ်းရပါတယ်။

မောင်ရော တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီလားဟင်။

မောင့်ကို အသိမပေးဘဲ ပြောင်းရွှေ့လာခဲ့ကြသည်။

"မမ ဘာကိုမှ မစဉ်းစားတော့ဘူး ... မောင်နဲ့လဲ ဖူးစာမဆုံကြလို့ဘဲ သတ်မှတ်ထားလိုက်တော့မယ်၊ အရေးကြီးတာက မောင်လေးနဲ့ညီမလေးတွေ အခြေကျမှ အေးမယ်"

"မမက အခု အဒေါ်နေရာလေ"

နေနီနီ့စကားကို ညီမလေးတွေကလည်း တသွေမတိမ်း





နာခံကြသည်။

အဒေါ်ကို သတိရတယ်။

နေနီနီ တာဝန်ကျေလို့ စိတ်လုံနေရ၏။

မောင်လေးထူးထံ ထောင်ဝင်စာ သွားတွေ့တော့ မမ အိမ်ထောင်ဘက် ပြန်စဉ်းစားပါတဲ့။

ထူးရဲ့ဆန္ဒက မမ တင့်တင့်တယ်တယ် နေထိုင်ရဖို့လေတဲ့။

"မင်းပဲ ကျန်းမာအောင်နေပါထူးရယ် ... တခြားကိစ္စတွေ မစဉ်းစားနဲ့ ကောင်လေး ... "

"မမ"

"ပြော"

"ကိုမောင်နဲ့ ပြန်ဆက်သွယ်ပါ၊ ထူး ထင်ပါတယ်၊ မမကို ဘယ်တော့မှ စွန့်ပစ်သွားမယ့် သူတစ်ယောက် မဟုတ်ဘူးဆိုတာပဲ"

"ထူးရယ် ... မေ့သွားပါပြီ၊ မမဘဝက အေးချမ်းနေပြီလေ၊ ဘာလိုသေးလဲ ... ထူးလွတ်လာရင် စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပေးဖို့ မမငွေစုနေတယ်၊ ကောင်းအောင်နေနော်"

"ထူးအတွက်တော့ စိတ်ချပါ၊ မမ မျှော်လင့်ထားသလို ထူး သူတော်လူကောင်းဖြစ်အောင် ကြိုးစားမယ်"

"ဝမ်းသာလိုက်တာ မောင်လေးထူးရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးထူး ရဲဘာက်စခန်းမှာ တာဝန်ကျသည်။

အလုပ်ကို ကြိုးစား၍ နာမည်ကောင်းရနေသည်။

ထူး အမြဲတမ်းမှာနေတတ်တာက ကိုမောင်နှင့် ပြန်ဆက်သွယ်ပါတဲ့။

နေနီနီ့ဆီမှာ မောင့်ရဲ့လိပ်စာ ရှိသည်။

"မဆက်သွယ်တော့ပါဘူး ... မောင်နဲ့နေနီနီ မတန်တော့ဘူးထင်တယ် ... နေနီနီလည်း မောင့်ကို ချစ်ပါတယ်"

မောင့်ကို နေနီနီ မမျှော်လင့်ရဲပေ။

နေနီနီတို့ဖြစ်သွားတဲ့ အမှုကိစ္စက လူတိုင်းစိတ်ဝင်စားရတဲ့အမှုပါ။

နေနီနီ့နာမည် မပါပေမယ့် ပတ်ဝန်းကျင်မှာ အမျိုးမျိုးဝေဖန်ပြောဆိုနေကြတာပဲ မဟုတ်လား။

"မမနီ ... ဟို ... ဟိုမှာ ညှော်သည်ထင်တယ်၊ ကားကြီးနဲ့"

သူမတို့ ဆိုင်သိမ်းချိန်တွင် ဆိုင်ရှေ့မှာ ကားကြီးတစ်စီး ထိုးရပ်လာသည်။

နီ ကြည့်လိုက်တော့ ကားပေါ်မှ ဆင်းလာသူက မောင်ဖြစ်နေ၏။

ဟုတ်မှဟုတ်ပါ့မလားဆိုပြီး နီ အံ့သြထိတ်လန့်စွာ ကြည့်မိပြီးမှ မောင်ဖြစ်နေ၍ ချာခနဲ လှည့်ထွက်ကာ အိမ်ထဲ ပြန်ဝင်လာခဲ့





သည်။

"နီ"

မောင်က လှမ်းခေါ်ရင်း အိမ်ထဲလိုက်ဝင်လာသည်။

"နီ ... ခုထိ မောင့်အပေါ် မင်းစိမ်းနေသေးတာလားကွာ"

"ကိုသုတမောင် ... ဘာလာလုပ်တာလဲ၊ ကျွန်မလိပ်စာကို ဘယ်ကနေ သိလာတာလဲဟင်"

"ထူးနဲ့တွေ့လို့ပါ ... မောင်လည်း အမှုကိစ္စဖြစ်နေတုန်းက မေမေ နေမကောင်းလို့ နိုင်ငံခြားမှာ ဆေးကုဖို့ ထွက်သွားရတယ်လေ"

"ဟင်"

"ပြန်လာမှ ဒီသတင်းတွေ ကြားရပြီး နီတို့က ပြောင်းသွားတယ် ... မင်းတော်တော်လေး ရက်စက်တာပဲ နီ၊ မောင့်ကို အသိမပေးဘူး၊ ဆက်သွယ်တာလည်း မလုပ်ခဲ့ဘူး၊ မောင်ရှာနေခဲ့တာပါ ထူးနဲ့ ရဲဘာက်စခန်းမှာတွေ့ခဲ့တယ် ... မောင့်မိတ်ဆွေ ရဲအရာရှိကို သွားတွေ့တာပါ။ ထူးက အကျိုးအကြောင်းတွေ အားလုံး ပြောပြခဲ့တယ်လေ"

နေနီနီ မင်းက ပိုပြီးတည်ငြိမ်လှပနေတာပဲ။ နေနီနီက မောင် ဘယ်လိုမှမေ့ပစ်လို့မရနိုင်တဲ့ မိန်းမတစ်ယောက် ဖြစ်သည်။

"မေမေကလည်း နေနီနီ့ကို အရမ်းတွေ့ချင်နေတယ်၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဘူးနိ … အစာအိမ် ကင်ဆာပါ"

"ဟင်"

"ထူးနဲ့တွေ့လို့ ထူးက နေရပ်လိပ်စာပေးလိုက်တာပါ၊ မမနီမှာ အပြစ်မရှိပါဘူးတဲ့၊ ထူးလုပ်ခဲ့တာပါတဲ့ … ထူးတို့ကြောင့် မမနာမည်တွေ ပျက်ရတာတဲ့"

ထူးရယ် … မင်းရင်ထဲမှာ အမြဲတမ်း မမအတွက်ပါပဲလား။ မောင့်ကို တွေ့လိုက်ရတော့ နေနီနီ ဝမ်းသာပျော်ရွှင်ရသည်။ မောင့်ရင်ခွင်ထဲသို့ ပြေးဝင်ဖက်တွယ်ချင်ပေမယ့် နေနီနီနှင့် မတန်ပါဘူးဟုပဲ တွေးမိ၏။ မောင့်ကို မနှစ်ချင်ပါဘူး။

"မေမေ့ဆီ လိုက်ခဲ့ပေးပါ နေနီနီ … "

"ရှင်"

"မေမေက နေနီနီ့ကို အမြဲတမ်း ရှာဖွေခိုင်းနေတာပါ"

"ကျွန်မလေ … ကျွန်မ … "

"လိုက်သွားပါ မမရယ်၊ ဒီမှာ စိတ်မှမပူရတာပဲ၊ မမအပေါ် စေတနာမေတ္တာထားတဲ့လူတွေရဲ့ဆန္ဒကို မမ ဆန့်ကျင်မနေသင့်တော့ပါဘူး၊ လိုက်သွားပါ … "

ညီမလေးတွေကလည်း တိုက်တွန်းနေသဖြင့် နီ လိုက်လာခဲ့သည်။ ရန်ကုန်ကိုပါ။ မောင့်မေမေက နီ့ကိုတွေ့တော့ ဝမ်းသာပျော်ရွှင်ဆီးကြိုရှာ၏။ အိပ်ရာပေါ်က မထနိုင်တော့။





"နေနီနီ သမီးရယ် … နီရယ် … "

"အန်တီ … ဘယ်လိုဖြစ်ရတာလဲ၊ အရမ်းပိန်သွားတာပါလား"

မောင့်မေမေသည် မထင်မှတ်နိုင်လောက်အောင်ပင် ပိန်ချုံးချိနဲ့နေရှာ၏။ နီ စိတ်မကောင်း ဖြစ်ရသည်။

"သား … မင်းအပြင်ထွက်နေပါ၊ မေမေနဲ့နီ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ပါ မေမေ … "

မောင် ထွက်သွားတော့မှ မေမေ့က နီ့ကို ပြောပြသည်။

"နီ"

"ရှင်"

"နီ့ဘဝက မေမေ့ဘဝလောက် ဆိုးဝါးစုတ်ပြတ်မနေသေးပါဘူးကွယ်"

"ဘာကိုပြောချင်တာလဲရှင်"

"မေမေလို့ပဲ ခေါ်ပါကွယ်"

"မေမေရယ် … "

မေမေက နီ့ကို ငယ်စဉ်ဘဝရင်ဆိုင်ဖြတ်သန်းလာခဲ့ရတာတွေ ပြောပြသည်။

"အဲဒါ အဖြစ်မှန်တွေပါပဲနီ … မေမေက မိဘဆင်းရဲသို့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုယ် မှိတ်ကြိတ်စတေးခဲ့ရတဲ့ လမ်းပေါ်က အပျက်မဘဝပါ"

"ရှင်"

"သားအဖေနဲ့ဆုံတော့ မေမေ့ဘဝအမှန်တွေကို ဖွင့်ပြောပြ...တယ်လေ"

"မေမေက သတ္တိရှိလိုက်တာ၊ နီကတော့လေ မောင့်ကိုလည်းချစ်တယ်၊ နီ့ဘဝကိုလည်း မနစ်ရက်လို့ နီ့ကိုလည်း အထင်သေးမှာကြောက်တယ်၊ ဖွင့်ပြောပြဖို့ သတ္တိ မရှိခဲ့ဘူးလေ"

"ဒါကြောင့် ... သမီးဘဝကို မေမေ နားလည်လက်ခံ...ခဲ့တာပါ။ သမီး နေနီနီရဲ့ဘဝလေးက မေမေ့ထက်တောင် ဖြူစင်...သေးပါတယ်"

"မေမေရယ် ..."

မေမေ့ကို သိမ်းကျုံး၍ ပွေ့ဖက်ထားမိသည်။ နီလေး...သွားရ၏။ စိတ်သဘောထား ပြည့်ဝသူဖြစ်သည်။

"မေမေလည်း လူ့လောကကြီးထဲမှာ ဘယ်လောက်မှ...ရတော့ပါဘူး သမီးရယ် ... ဒါကြောင့်လေ ... သမီးနဲ့သား...လက်ထပ်ပေးပြီး သားကို အထီးမကျန်ဖို့ မိသားစုဘဝလေး ဖန်...ပေးခဲ့ချင်တယ်"

မေမေက နီ့လက်လေးကို တင်းတင်းဆုပ်ကိုင်ပြီး ...ပန်ခယနေသည်။





"နီ မငြင်းတော့ပါဘူး မေမေ ... မောင့်ကို အရမ်းချစ်ပါတယ်၊ နီတို့ မောင်နှမတွေကလည်း မောင့်ကို လေးစားအားကိုးကြတယ်လေ"

"မေမေလည်း စိတ်အေးချင်တယ်၊ သားကိုယ်တိုင်လည်း သမီးလေးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားလွန်းလို့ပါနော်"

"မေမေ ကျန်းမာအောင်နေပါနော်၊ နီ လက်ခံပါတယ်၊ မေမေ စိတ်အေးအေးနဲ့ တရားနှလုံးသွင်းပြီး နေပါ"

မေမေ အနားယူတော့မယ်ဆို၍ မေမေ့အိပ်ခန်းထဲကနေ နေနီနီ ပြန်ထွက်လာခဲ့သည်။

"နီ"

"မောင်"

"မေမေက ဘာပြောလဲဟင် ... မေမေ့သဘောထားကို နီ ...ပြီ မဟုတ်လား"

"မောင်ရယ်"

နေနီနီ နာကျင်ထိခိုက်မှုတွေနှင့် နှလုံးသားတွေ ...နှင့်စွာ ...င့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိသည်။

"နီရယ် ... အားမငယ်ပါနဲ့တော့၊ ဝမ်းနည်းကြေကွဲမှုတွေ ...င့်တော့ပါဘူး၊ လောကဒဏ်တရားက နီ့ဘက်က မျက်နှာသာ ...သာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အတွက် စိတ်မကောင်းဘူးမောင်ရယ် ... ဒီလိုမှန်းသိရင် နီအစောကြီးထဲက. မေမေ့ကိုလာပြီး ပြုစုနေပါတယ်"

မေမေ့အတိတ်ဘဝကို သားမသိပါစေနဲ့။ နီကလည်း ကတိပေးခဲ့သည်။

"မေမေလေ အရှမ်းစိတ်သဘောထား ပြည့်ဝလွန်းတယ်၊ နီ အရှမ်းထိခိုက်ကြေကွဲရပါတယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့နီ ... ကံတရားပဲပေါ့၊ အခုချိန်က စပြီး မေမေစိတ်ချမ်းသာအောင် မေမေ့ဆန္ဒပြည့်ဝဖို့ မောင်နဲ့နီ လုပ်ပေးစရာရှိတယ်"

"ဘာလဲဟင်"

BURMESE CLASSIC .com

"မောင်တို့လက်ထပ်ဖို့လေ"

"မောင်တာလဲလေ"

မောင်က နီ့ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်သည်။ နီ မရှန်းနိုင်တော့။ မောင့်ကို စိတ်လုံလုံနှင့် နီ ချစ်မြတ်နိုးခွင့်ရသွားပြီ မဟုတ်လား။

"မေမေ့ဆန္ဒရော နီရဲ့မောင်လေး ညီမလေးတွေရဲ့ဆန္ဒရော တစ်ထပ်ထဲပဲလေ ... နီ မငြင်းနိုင်တော့ပါဘူး"

"နီရယ် ... ချစ်တယ်၊ မောင့်ဘဝနဲ့ထပ်တူ ချစ်မြတ်နိုးရတဲ့ ချစ်သူလေးပါ ... "





"နီလည်း မောင့်လိုပါပဲလေ ... "

နီတို့နှစ်ယောက် ရင့်ကျက်မှုတွေနှင့် ဘယ်လိုအကြောင်းနှင့်မှ လက်တွဲမဖြုတ်ကြဖို့ ကတိသစ္စာပြုကြသည်။ မေမေ မကွယ်လွန်ခင် လက်ထပ်ပွဲကို စီစဉ်ကြ၏။ မောင့်ရဲ့ ဂုဏ်ဒြပ်နှင့်အညီ လက်ထပ်ပွဲ ကျင်းပဖြစ်ကြသည်။

"မေမေ သေပျော်ပါပြီ ... သားချစ်မြတ်နိုးရတဲ့ ချစ်သူနဲ့သား ဘဝတစ်လျှောက်လုံး အေးချမ်းနိုင်ပါပြီ"

နီတို့နှင့် သစ်သစ်က ဆေးကျောင်းတက်ရင်း လာနေသည်။ မေမေကတော့ နောက်ထပ် ခြောက်လလောက်ပဲ နေထိုင်ပြီး ကွယ်လွန်သွားရှာ၏။ ချစ်ချစ်လည်း လက်ထပ်ပြီး နယ်မှာရှိနေတဲ့ ဆမင်းဆိုင်လေးကို ဦးစီးလုပ်ကိုင်နေခဲ့သည်။

"ထူး ပြန်လွတ်လာရင်လေ မောင့်ကုမ္ပဏီမှာပဲ ဦးစီး လုပ်ကိုင်စေရမယ်နီ ... မောင်က တခြားလုပ်ငန်းခွဲတွေရှိသေးတယ်၊ ဒူးကို စီးပွားရေးပညာတွေ မောင်သင်ပေးရဦးမယ်လေ"

မောင်ကလည်း စိတ်သဘောထား ပြည့်ဝလိုက်တာ။ နီ့ကို ချစ်ပြီး အလိုလိုက်ထားသည်။ ဘယ်အရာမဆို နီ့သဘောဆန္ဒ အတိုင်းပဲ ဖြစ်စေ၏။ နေနီနီတို့မောင်နှမတွေဘဝ အေးချမ်းပျော်ရွှင်မှုတွေ ပြည့်ဝနေပြီဖြစ်သည်။

ကြေရုပ်လေးကတော့ သနားစရာ။ မိဘတွေ ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး လုပ်ငန်းတွေလည်း မလုပ်တတ်။ တစ်ယောက်တည်း ဆင်းရဲဒုက္ခရောက်နေ၍ နို့ဆီမှာ အကူအညီတောင်း ခံရတဲ့ဘဝပင်။ နီ အကူအညီပေးခဲ့၏။ လောကကြီးရဲ့ အပြောင်းအလဲတွေက မြန်ဆန်လွန်းသည်။ နေနီနီက ကံကောင်းလိုက်တာဟယ် အရမ်းပြည့်စုံတာပဲ။ အားကျတယ်ဟယ်ဟု ဝမ်းသာအားရပြောတော့ နီကတော့ မကြာဘူးနော်ဟု ပြန်နောက်လိုက်၏။

တောင်းပန်ပါတယ်နီ ...

လူ့လောကကြီးရဲ့ သဘောတရားအရ ဘယ်အရာမှ မတည်မြဲပါဘူးတဲ့။ ကြေရုပ်လေးကို ကူညီလိုက်ရခြင်းကပဲ နို့တို့ မိသားစုဘဝ ပိုမိုအေးချမ်းစေနိုင်သည်ဟု တွေးမိနေသည်။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com